# ကြေးမုံ

**The Mirror Daily**

၁၉၅၇ ဧပြီ ၁၆ တွင် စတင်တည်ထောင်သည်။

Established in 1957


## ဆွေမျိုးတို့နှင့် နေရသကဲ့သို့

သူမိုက်နှင့် ပေါင်းဖော်၍ လှည့်လည်သောသူသည် ကာလရှည်မြင့်စွာ စိုးရိမ်ရ၏။ လူမိုက်တို့နှင့် အတူနေရခြင်းသည် ရန်သူနှင့် အတူနေရသကဲ့သို့ အခါခပ်သိမ်း ဆင်းရဲရ၏။ ပညာရှိနှင့် အတူတကွ နေရခြင်းသည် ဆွေမျိုးတို့နှင့် အတူတကွ နေထိုင်ရသကဲ့သို့ ချမ်းသာ၏။

သုခဝဂ်(ဓမ္မပဒ-၂၀၇)



## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ရှေ့လုပ်ငန်းစဉ်(၅)ရပ်

၁။ လွတ်လပ်ပြီးတရားမျှတသော ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ အောင်မြင်စွာကျင်းပနိုင်ရေး ပြည်ထောင်စုတစ်ဝန်းလုံးတည်ငြိမ်အေးချမ်း၍ တရားဥပဒေစိုးမိုးရေး အပြည့်အဝရရှိလာအောင် အလေးထားဆောင်ရွက်သွားမည်။

၂။ တိုင်းရင်းသားပြည်သူတစ်ရပ်လုံးနှင့်အကျုံးဝင်သော စိုက်ပျိုးမွေးမြူရေးကိုအခြေခံသည့် ကုန်ထုတ်လုပ်ငန်းများအားမြှင့်တင်၍ နိုင်ငံ့စီးပွားမြင့်မားရေးနှင့် ပြည်သူလူထုတစ်ရပ်လုံး၏ လူမှုစီးပွားဘဝမြင့်မားရေး ဆက်လက်ကြိုးပမ်းဆောင်ရွက်သွားမည်။

၃။ နိုင်ငံတော်၏ပကတိအနှစ်သာရဖြစ်သော ပြည်တွင်းငြိမ်းချမ်းရေးနှင့် ရရှိထားသည့် ပြည်တွင်းငြိမ်းချမ်းရေးရလဒ်များ တည်ငြိမ်မှုရှိစေရေးအတွက် (NCA)ပါ သဘောတူညီချက်များအတိုင်း ဖြစ်နိုင်သမျှ အလေးထားလုပ်ဆောင်သွားမည်။

၄။ စစ်မှန်စည်းကမ်းပြည့်ဝသည့် ပါတီစုံဒီမိုကရေစီစနစ်ခိုင်မာစေရေးနှင့် ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကို အခြေခံသည့် ပြည်ထောင်စုတည်ဆောက်ရေးလုပ်ငန်းစဉ်များကို အရှိန်အဟုန်ဖြင့် ဆက်လက်ဆောင်ရွက်သွားမည်။

၅။ ဆန္ဒမဲပေးပိုင်ခွင့်ရှိသူအားလုံး၏ အခွင့်အရေးများ နစ်နာမှုမရှိစေရေးနှင့် နည်းလမ်းကျန မှန်ကန်မှုရှိသည့် အထွေထွေရွေးကောက်ပွဲတစ်ရပ်ဖြစ်စေရေး ဆောင်ရွက်ခြင်း၊ အရေးပေါ်ကာလဆိုင်ရာ ပြဋ္ဌာန်းချက်များနှင့်အညီ ဆောင်ရွက်ခြင်းတို့ ပြီးစီးပါက လွတ်လပ်ပြီး တရားမျှတသော ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲကျင်းပ၍ ထွက်ပေါ်လာသည့်အစိုးရအား နိုင်ငံတော်တာဝန်လွှဲအပ်နိုင်ရေး ဆက်လက်ဆောင်ရွက်သွားမည်။

## ဘဏ်များနှင့်ပတ်သက်၍ ထွက်ပေါ်နေသည့် ကောလာဟလများသည် မှန်ကန်ခြင်းမရှိဘဲ ဘဏ်လုပ်ငန်းဝန်ဆောင်မှုများကို အဆင်ပြေစွာဆောင်ရွက်ပေးလျက်ရှိ

**နေပြည်တော် နိုဝင်ဘာ ၁၈**

နယ်ဘဏ်ခွဲအချို့သည် မမျှော်မှန်းနိုင်သည့် အခြေအနေတစ်ရပ်ကြောင့် ဘဏ်လုပ်ငန်း ဝန်ဆောင်မှုရပ်တန့်ခဲ့ရသည်ကို အခွင့်ကောင်းယူ၍ ပြည်ဖျက်မီဒီယာများ၊ အကြမ်းဖက်အုပ်စုများနှင့် အကြမ်းဖက်အုပ်စုများကို ထောက်ခံအားပေးသူများက လူမှုကွန်ရက်များတွင် အဆိုပါ သတင်းများကိုဖော်ပြပြီး ပြည်သူ့ငွေများဆုံးရှုံးကာ ပြည်သူများက ဘဏ်များမှ ငွေများထုတ်ယူ၍ မရတော့သကဲ့သို့ သွေးထိုးလှုံ့ဆော်ရေးသားမှုများကြောင့် ပြည်သူများက စိုးရိမ်ပူပန်မှုများမြင့်တက်ကာ ဘဏ်များမှငွေများကို လိုသည်ထက်ပို၍ ထုတ်ယူနေသည်ကို ကြားသိနေရပါသည်။

မြန်မာနိုင်ငံ၏ ဘဏ်လုပ်ငန်းစနစ်သည် ဘဏ်အချင်းချင်း ချိတ်ဆက်ဝန်ဆောင်မှုပေးသည့် Core Banking System အသုံးပြုလျက်ရှိရာ ဘဏ်ခွဲတစ်ခုခု၏ ဝန်ဆောင်မှုသည် အကြောင်းတစ်စုံတစ်ခုကြောင့် ရပ်တန့်သွားပါကလည်း ပြည်သူများအနေဖြင့် ငွေများထုတ်ယူ၍ မရတော့သည့် အခြေအနေမျိုးဖြစ်ပေါ်သွားမည်မဟုတ်ဘဲ နိုင်ငံတစ်ဝန်းရှိ မည်သည့်ဘဏ်ခွဲတွင်မဆို ဘဏ်လုပ်ငန်းဝန်ဆောင်မှုများ ရယူနိုင်ပြီး မိုဘိုင်းဘဏ်လုပ်ငန်း၊ အင်တာနက်ဘဏ်လုပ်ငန်း၊ ဘဏ်ကတ်များဖြင့် ပေးချေခြင်း၊ စာရင်းပြောင်းနည်းများဖြင့် ငွေပေးချေခြင်းများကို ဆောင်ရွက်နိုင်မည်ဖြစ်ပါသည်။ စာမျက်နှာ ၈ ကော်လံ ၁ သို့ ✳

## တနင်္သာရီတိုင်းဒေသကြီး ကမ်းခြေတစ်လျှောက်၌ သွေးခုံး(ဒေသခံအခေါ် ဂျင်း)များကို စီးပွားဖြစ်မွေးမြူသူ များပြားလာ

**မြိတ် နိုဝင်ဘာ ၁၈**



တနင်္သာရီတိုင်းဒေသကြီးအတွင်း ဂျင်းသားပေါက်စတင်မွေးမြူသည့်အချိန် ရောက်ရှိလာသည့်အတွက် ဂျင်းမွေးကန်များတွင် သားပေါက်များကို စီးပွားဖြစ်မွေးမြူသူများပြားလာကြောင်း သိရသည်။

### စီးပွားဖြစ်မွေးမြူ

ပင်လယ်ရေထွက်ကုန် သဘာဝဂျင်းများကို ကျွန်းစုမြို့နယ်ဒေသဘက်မှ အများဆုံးထွက်ရှိပြီး ကျွန်းစုမြို့နယ်အတွင်းရှိ ရေကန်တောင်၊ ရေအေး၊ ကလိန်ဘဲ၊ မင်းချမ်းတောင်၊ မအိုင်၊ ကတန်နှင့် ပရည်ကျွန်း စသည့်ပင်လယ်ကမ်းစပ်ရှိ ကျေးရွာဒေသတို့ဘက်မှ အဓိကထွက်ရှိသည်။ ယခင်က သဘာဝအလျောက်တွေ့ရှိရသော ဂျင်းများကို ကောက်ယူရောင်းချသူနှင့် တချို့မှ တစ်ပိုင်တစ်နိုင် မွေးမြူလုပ်ကိုင်ခဲ့ရာမှ လွန်ခဲ့သည့် သုံးနှစ်ကျော်ခန့်က ဂျင်းဈေးကောင်းပေးဝယ်ယူလာခြင်းတို့ကြောင့် ယခုအခါ စီးပွားဖြစ် မွေးမြူသူများပြားလာကြောင်း သိရသည်။

"ဂျင်းသားပေါက်က အတော်လေး ငယ်ပါတယ်။ သဲပွင့်အရွယ် အစားထက် အနည်းငယ်သာကြီးပါတယ်။ ဂျင်းသားပေါက် တစ်ကီလိုဈေးကို ကျပ်ငါးသောင်းအထိ ဈေးပေါက်ပါတယ်။ စာမျက်နှာ ၄ ကော်လံ ၁ သို့ ❖


**ယနေ့ ဖတ်စရာ**

ဘယ်တော့မှမရိုင်းတဲ့ မြန်မာ့သမိုင်း ...
ဆောင်းပါး စာမျက်နှာ » ၆

၂၀၂၂ ခုနှစ်အတွက် အမျိုးသားစာပေ တစ်သက်တာဆု၊ အမျိုးသားစာပေဆုများ ထုတ်ပြန်ကြေညာ
စာမျက်နှာ » ၈

အနာဂတ်အတွက် အရင်းအနှီးကောင်းများဖြစ်သည့် လူငယ်ကဏ္ဍမြှင့်တင်စို့
ဆောင်းပါး စာမျက်နှာ » ၁၀

ဖိလစ်ပိုင် အသေးစားရောင်းချသူများနှင့် စွန့်ဦးတီထွင်သူများ၏ ထုတ်ကုန်များ ဈေးကွက်သို့ ဝင်ရောက်နိုင်ရေး တစ်တော့ခ်နှင့် ပူးပေါင်းရန် စီစဉ်
စာမျက်နှာ » ၁၂





ကြေးမုံ

# လူသားမဆန်သောလုပ်ရပ်များကိုတားဆီး

ကုလသမဂ္ဂလုံခြုံရေးကောင်စီအဖွဲ့ဝင် ၁၅ နိုင်ငံတို့သည် ၂၀၂၁ ခုနှစ် အောက်တိုဘာလ ၂၉ ရက်နေ့က စာသင်ကျောင်းများ၊ ကလေးသူငယ်များနှင့် ဆရာ ဆရာမများအပေါ် ပစ်မှတ်ထားတိုက်ခိုက်ခြင်းအား ရှုတ်ချပြီး ပဋိပက္ခတွင် ပါဝင်သူများအနေဖြင့် ပညာသင်ကြားခွင့် အခွင့်အရေးကို အကာအကွယ်ပေးရန် တိုက်တွန်းသည့် ဆုံးဖြတ်ချက်အမှတ် ၂၆၀၁(၂၀၂၁) ကို တညီတညွတ်တည်း ချမှတ်ခဲ့ကြပြီးဖြစ်သည်။

စစ်ရေးဆိုင်ရာပစ်မှတ်များမဟုတ်သော ပညာရေးဆိုင်ရာနှင့် ပညာရေး အဆောက်အအုံများကို ဖျက်ဆီးခြင်း၊ အကာအကွယ်ယူတိုက်ခိုက်ခြင်းသည် ဂျီနီဗာကွန်ဗန်းရှင်း (၄)ရပ်၏ ဘုံအာတီကယ် (၃)နှင့် နောက်ဆက်တွဲစာချုပ် (၁) ၏ အာတီကယ်(၅၂)တို့အရ စစ်ရာဇဝတ်မှု (War Crime) ကျူးလွန်ရာရောက်ပြီး ၎င်းအခြေခံသဘောတရားများသည် အပြည်ပြည်ဆိုင်ရာ ဓလေ့ထုံးတမ်းဥပဒေ သဘောအဖြစ် အသက်ဝင်လျက်ရှိပါသည်။ နိုင်ငံတကာတွင် အဆိုပါလုပ်ရပ်များ ဖြစ်ပေါ်လာပါက ပြင်းထန်စွာကန့်ကွက်ပြီး ဆန့်ကျင်တိုက်ဖျက်ကြပါသည်။

၂၀၂၃ ခုနှစ် နိုဝင်ဘာလ ၁၃ ရက်နေ့နှင့် ၁၄ ရက်နေ့တို့တွင် စစ်ရေးနှင့်သက်ဆိုင်သော ပစ်မှတ်မဟုတ်သည့် ကယားပြည်နယ် လွိုင်ကော်တက္ကသိုလ်ကို KNPP နှင့် PDF အမည်ခံ အကြမ်းဖက်အဖွဲ့များက လက်နက်ကြီး၊ လက်နက်ငယ်များဖြင့် ရည်ရွယ်ချက်ရှိရှိ လာရောက်ပစ်ခတ်တိုက်ခိုက်ခဲ့ပြီး ဆရာ ဆရာမများ၊ ပညာရေးဆိုင်ရာဝန်ထမ်းများနှင့် ကျောင်းသား ကျောင်းသူများကို အသက်အန္တရာယ်ဇုန်မှ ကင်းလွတ်အောင် ထွက်ခွာခွင့်ပြုရမည့်အစား အတင်းအဓမ္မ ဖမ်းဆီးချုပ်နှောင်၍ လူသားတံတိုင်းအဖြစ် အသုံးချခဲ့ခြင်းသည် နိုင်ငံတကာဥပဒေကို ချိုးဖောက်သည့် လူသားမဆန်သောလုပ်ရပ်ဖြစ်၍ ဝိုင်းဝန်းဆန့်ကျင် ရှုတ်ချကြရမည်ဖြစ်သည်။

နိုင်ငံတော်အစိုးရက အဆိုပါဖြစ်ရပ်ဖြစ်ပွားလျှင်ဖြစ်ပွားချင်း ဆရာ ဆရာမ၊ ဝန်ထမ်းများနှင့် ကျောင်းသား ကျောင်းသူများ ထိခိုက်ဒဏ်ရာရမှုမရှိစေရေး၊ ဘေးကင်းလုံခြုံမှုရှိစေရေးအတွက် လုံခြုံရေးတပ်ဖွဲ့ဝင်များက အချိန်မီကယ်ထုတ်နိုင်ရေး လိုအပ်သည်များကို ဆောင်ရွက်ခဲ့သော်လည်း အကြမ်းဖက်သမားများက လူသားတံတိုင်း အကာအကွယ်ဖြင့် ပြန်လည်တိုက်ခိုက်သဖြင့် ပညာရေးဆိုင်ရာ ဝန်ထမ်းများနှင့် ကျောင်းသား ကျောင်းသူများကို ထိခိုက်မှုမရှိစေရန် ထိန်းထိန်းသိမ်းသိမ်း ဆောင်ရွက်ခဲ့ရာ အချို့ကိုသာ ပြန်လည်ကယ်ထုတ်နိုင်ပြီး အချို့မှာ အဓမ္မဖမ်းဆီးခေါ်ဆောင်ခြင်းခံခဲ့ရသည်။

နိုင်ငံတိုင်းနိုင်ငံတိုင်းသည် ပညာရေးကိုအခြေခံပြီး နိုင်ငံကိုတည်ဆောက်နေကြသည်။ မြန်မာနိုင်ငံကို ဒီမိုကရေစီနိုင်ငံအဖြစ် တည်ဆောက်ဖော်ဆောင်လျက်ရှိရာတွင် မရှိမဖြစ်လိုအပ်သည့် လူ့စွမ်းအားအရင်းအမြစ်များကို စဉ်ဆက်မပြတ် မွေးထုတ်ပေးလျက်ရှိသည်။ မွေးထုတ်ပေးနေသည့် ဆရာ ဆရာမများ၊ ပညာရေးဆိုင်ရာ ဝန်ထမ်းများနှင့် နိုင်ငံတော်၏အနာဂတ်ကို ပုံဖော်ကြမည့် ကျောင်းသား ကျောင်းသူများကို ပစ်မှတ်ထားတိုက်ခိုက်ခြင်းသည် နိုင်ငံ၏အနာဂတ်ကို ဖျက်ဆီးခြင်းပင်ဖြစ်သည်။ မည်သူတစ်ဦးတစ်ယောက်ကိုမျှ အကျိုးမရှိစေဘဲ တိုင်းပြည်၏ အနာဂတ်ကို ပျက်စီးစေလိုသည့် အသိဉာဏ်ကင်းမဲ့သော လူမဆန်သည့်လုပ်ရပ်ပင်ဖြစ်သည်။

မြန်မာနိုင်ငံတွင် ၂၀၂၁ ခုနှစ်မှစတင်၍ လူမဆန်သော အကြမ်းဖက်တိုက်ခိုက်မှု လုပ်ရပ်များ ပေါ်ပေါက်လာခဲ့သည်။ ထိုလုပ်ရပ်များတွင် မြန်မာနိုင်ငံ၏ ပညာရေး ပျက်စီးအောင် အခြေခံပညာကျောင်းများကို ဦးတည်တိုက်ခိုက်ခဲ့သည်။ ၂၀၂၃-၂၀၂၄ ပညာသင်နှစ် ကျောင်းများစတင်ဖွင့်လှစ်ချိန်တွင် ကျောင်းသား ကျောင်းသူများ ကျောင်းမတက်နိုင်စေရေး ခြိမ်းခြောက်စာများကပ်ခြင်း၊ အွန်လိုင်းမှ ခြိမ်းခြောက်ခြင်း၊ တက်ရောက်ပညာသင်ကြားနေသော ကျောင်းသား ကျောင်းသူများကို ကိုယ်ထိလက်ရောက် ခြိမ်းခြောက်အနိုင်ကျင့်ခြင်း၊ ဖမ်းဆီးခေါ်ဆောင်သွားခြင်းတို့အပြင် စာမေးပွဲဖြေဆိုမည့် ကျောင်းသားကလေးငယ်များ မိုင်းစထိမှန်ခံခဲ့ရခြင်းနှင့် ပညာရေးဝန်ထမ်းအချို့ သတ်ဖြတ်ခြင်းခံခဲ့ရသည်။ ယခုတစ်ဖန် တက္ကသိုလ်မှ ဆရာ ဆရာမ၊ ဝန်ထမ်းများအား ဖမ်းဆီးခေါ်ဆောင်ခြင်းနှင့် သတ်ဖြတ်ခံရသော ဝန်ထမ်းအချို့ရှိခဲ့သည်။

အကြမ်းဖက်အဖွဲ့များ၏ ဖြစ်စဉ်များကိုကြည့်ပါက အစိုးရကို တိုက်ခိုက်နိုင်ခြင်းမရှိဘဲ ပြည်သူများအား ထိခိုက်ပျက်စီးအောင် လမ်းပန်းဆက်သွယ်ရေး၊ ကျန်းမာရေး၊ ပညာရေးစသည့် ပြည်သူလူထုအကျိုးအတွက် တည်ဆောက်ထားသည့် အခြေခံအဆောက်အအုံများအား တိုက်ခိုက်နေခြင်းဖြစ်သည်ကို တွေ့ရမည်ဖြစ်သည်။ ကျောင်းနေအရွယ်ကလေးငယ်များ ပညာသင်ခွင့်မရနိုင်ရေးသာမက နိုင်ငံတော်၏ ပညာရေးကဏ္ဍ နိမ့်ကျပျက်စီးအောင် တက္ကသိုလ်ပညာရေးကိုပါ ဖျက်ဆီးလာသည်ကို သက်သေအထောက်အထားများဖြင့် မြင်တွေ့ကြရပြီဖြစ်ရာ အားလုံးဝိုင်းဝန်းဆန့်ကျင်ရှုတ်ချကြရမည်ဖြစ်သည်။

သို့ဖြစ်ရာ ယခု လွိုင်ကော်တက္ကသိုလ် အကြမ်းဖက်ခံရမှုကြောင့် နိုဝင်ဘာလ ၁၃ ရက်နေ့တွင် အဆိုပါတက္ကသိုလ်၌ အဝေးသင်တက္ကသိုလ် တတိယအသုတ် စာမေးပွဲများကို ရွှေ့ဆိုင်းခဲ့ရရာ ကျောင်းသား ကျောင်းသူများ နစ်နာမှုများလည်း ဖြစ်ပေါ်ခဲ့ပြီး ဂျီနီဗာကွန်ဗန်းရှင်းဥပဒေကို ဖောက်ဖျက်ပြီး စစ်ရေးနှင့်သက်ဆိုင်ခြင်းမရှိသည့် တက္ကသိုလ်ဆရာ ဆရာမများ၊ ကျောင်းသား ကျောင်းသူများ၊ ဝန်ထမ်းများနှင့် ၎င်းတို့၏ မိသားစုဝင်များကို အဓမ္မဖမ်းဆီးချုပ်နှောင်ထားခြင်းမှ အမြန်ဆုံး လွတ်မြောက်ရေး အကာအကွယ်ပေးကြရမည်ဖြစ်ပါကြောင်း။ ။

World Children's Day

ကမ္ဘာ့ကလေးများနေ့

"For every child, every right"

"အခွင့်အရေးအားလုံးရရှိရေး ကလေးငယ်တိုင်းအတွက် ဖော်ဆောင်ပေး"

၂၀၂၃ ခုနှစ်၊ နိုဝင်ဘာလ (၂၀) ရက်

နေပြည်တော်

## သံအမတ်ကြီး ဝဏ္ဏကျော်ထင် ဦးတင်မောင်ဆွေ မွန်ဂိုလီးယားနိုင်ငံ သမ္မတထံ ခန့်အပ်လွှာပေးအပ်



နေပြည်တော် နိုဝင်ဘာ ၁၉

မွန်ဂိုလီးယားနိုင်ငံဆိုင်ရာ အထူးအာဏာကုန် လွှဲအပ်ခြင်းခံရသော ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော် သံအမတ်ကြီး ဝဏ္ဏကျော်ထင် ဦးတင်မောင်ဆွေသည် ၎င်း၏ခန့်အပ်လွှာကို ၂၀၂၃ ခုနှစ် နိုဝင်ဘာလ ၁၇ ရက်နေ့တွင် မွန်ဂိုလီးယားနိုင်ငံ အူလန်ဘာတာမြို့ သမ္မတနန်းတော်၌ သမ္မတ မစ္စတာ ခူရယ်လ် စုခ် အူခ်နာ ထံသို့ ပေးအပ်ခဲ့ပြီးဖြစ်သည်။

သတင်းစဉ်

## လျှောင်ဘေးအန္တရာယ် သဏ္ဌာန်တူဇာတ်တိုက်လေ့ကျင့်ခြင်း ကျင်းပဆောင်ရွက်

ရန်ကုန် နိုဝင်ဘာ ၁၈

ရန်ကုန်တိုင်းဒေသကြီး လူမှုဝန်ထမ်းကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုဦးစီးဌာန၊ မြို့နယ်မီးသတ်ဦးစီးဌာန၊ အခြေခံပညာဦးစီးဌာနနှင့် မြို့နယ်ကြက်ခြေနီတပ်ဖွဲ့တို့ ပူးပေါင်းကျင်းပသော လျှောင်ဘေးအန္တရာယ် သဏ္ဌာန်တူ ဇာတ်တိုက်လေ့ကျင့်ခြင်း အခမ်းအနားကို ဗိုလ်တထောင်မြို့နယ် အထက(၆) အောင်ကျော်ခန်းမ၌ ယမန်နေ့ နံနက်ပိုင်းက ကျင်းပသည်။



### သရုပ်ပြပွဲများကျင်းပ

အဆိုပါအခမ်းအနားတွင် ဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုဦးစီးဌာန၊ မြို့နယ်မီးသတ်ဦးစီးဌာန ဦးစီးမှူးနှင့် ဝန်ထမ်းများ၊ မြို့နယ်ကြက်ခြေနီတပ်ဖွဲ့ဝင်များ၊ ဗိုလ်တထောင် အထက(၆) ကျောင်းအုပ်ဆရာမကြီးနှင့် ဆရာ ဆရာမများ၊ ကျောင်းသားများနှင့် ပူးပေါင်း၍ လက်တွေ့သဏ္ဌာန်တူ သရုပ်ပြပွဲများ ကျင်းပခဲ့သည်။ ၎င်းအခမ်းအနားသို့ တက်ရောက်လာကြသော ရန်ကုန်တိုင်းဒေသကြီး လူမှုဝန်ထမ်းကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှုဦးစီးဌာန ညွှန်ကြားရေးမှူး ဦးသန်းစိုး၊ ဗိုလ်တထောင်ခရိုင် ဒုတိယခရိုင်အုပ်ချုပ်ရေးမှူးနှင့် ဗိုလ်တထောင်ခရိုင်အတွင်းရှိ ငါးမြို့နယ်မှ မြို့နယ်စီမံခန့်ခွဲမှုအဖွဲ့ ဥက္ကဋ္ဌနှင့်အဖွဲ့ဝင်များ၊ ဖိတ်ကြားထားသော ဌာနဆိုင်ရာများနှင့် ဆရာ ဆရာမများ ကျောင်းသားများက လက်တွေ့လေ့ကျင့်သင်ကြားနေမှုများအား ကြည့်ရှုအားပေးခဲ့ကြောင်း သိရသည်။

မြို့နယ်(ပြန်/ဆက်)


ကြေးမုံ

| | | | |
|---|---|---|---|
| စာတည်းမှူးချုပ် | - ဦးစိုးစိုးနိုင် | အကြီးတန်း | - ဦးစိုးအောင်၊ ဒေါ်စန်းယဉ်ဥ၊ |
| စာတည်းမှူး | - ဦးဝင်းနိုင် | သတင်းထောက်များ | ဒေါ်နေဇာဇာထွန်း၊ ဒေါ်ခင်မို့မို့အောင်၊ |
| စာတည်းများ | - ဦးစန်းအောင်၊ ဦးအေဝမ်းစိုး၊ | | ဒေါ်ခင်မျိုးနိုင်၊ ဒေါ်မာမာစိုး |
| | ဒေါ်ခင်ခင်သက်၊ ဒေါ်ယုဝါဝါ၊ ဒေါ်သီသီမင်း၊ | အငယ်တန်း | - ဦးအောင်ကျော်ဦး၊ ဦးအောင်ကျော်ဝင်း၊ |
| | ဦးဟိန်းထက်လင်း၊ ဦးသက်ထွေး | သတင်းထောက်များ | ဦးသန်းတင်အောင် |
| | | သုတေသန | - ဒေါ်ဇင်မာဝင့် |
| ဘာသာပြန် | - ဦးနိုင်လင်းကြည်၊ | စာပြင် | - ဒေါ်ခိုင်သန္တာရွှေနှင့်အဖွဲ့ |
| စာတည်းများ | ဦးအောင်ကျော်ကျော်၊ ဦးစိုးသူရ | စာမျက်နှာဖွဲ့စည်းမှုနှင့် ဒီဇိုင်း | - ဦးကျော်သူရနှင့်အဖွဲ့ |
| | | အီးမေးလ်နှင့် အွန်လိုင်း | - ဦးစိုးချစ်ဦးနှင့်အဖွဲ့ |



ပုံနှိပ်ခြင်းလုပ်ငန်းအမှတ် (၀၀၆၄၀)၊
ပုံနှိပ်ထုတ်ဝေခွင့်အမှတ်(၀၀၇၇၁)ဖြင့်
ကြေးမုံသတင်းစာတိုက်က ထုတ်ဝေသည်။

themirror.npt@gmail.com
www.facebook.com/themirrordaily

နေပြည်တော် - စာတည်းမှူး ၀၆၇-၃၆၁၂၆၊ စာတည်းအဖွဲ့ ၀၆၇-၃၆၁၂၈၊ ၀၆၇-၃၆၁၃၀၊ ဖက်စ် ၀၆၇-၃၆၁၃၁

ရန်ကုန်ရုံးခွဲ - အမှတ် ၇၇၊ ၅၂ လမ်းနှင့် မဟာဗန္ဓုလလမ်းထောင့်၊ ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်မြို့၊ စာတည်းဌာန ၀၁-၂၉၂၈၃၂

မန်နေဂျာ - ၀၁-၈၆၁၀၆၈၅၊ စီမံ/ငွေစာရင်း ၀၁-၂၉၁၄၅၄၊ ဖြန့်ချိရေး ၀၁-၂၉၂၈၃၀၊ ကြော်ငြာ ၀၁-၃၉၇၃၃၀၊ ဖက်စ် ၀၁-၂၀၃၃၅၁

# နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် ခွန်စံလွင် ဆွမ်းဆန်စိမ်းလောင်းလှူပွဲနှင့် နာဂပုရသာသနာလင်္ကာရသာမဏေကျော်စာမေးပွဲ စာအောင်ဘွဲ့နှင်းသဘင် ဆက်ကပ်ခြင်းအခမ်းအနား တက်ရောက်



ဟိုပုံး နိုဝင်ဘာ ၁၈

မြန်မာနိုင်ငံလုံးဆိုင်ရာ တတိယ အကြိမ်မြောက် နာဂပုရသာသနာ လင်္ကာရ သာမဏေကျော်စာမေးပွဲ ဖြေဆိုအောင်မြင်သည့် သံဃာများ နှင့် သီလရှင်များအား ဆွမ်းဆန်စိမ်း လောင်းလှူပွဲကို ယနေ့နံနက်ပိုင်း တွင် ရှမ်းပြည်နယ်(တောင်ပိုင်း) ပအိုဝ်း ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ ဒေသ ဟိုပုံးမြို့နယ် နောင်တောင်း ပရဟိတ တပ်ဦးဘုန်းတော်ကြီး သင်ပညာရေးကျောင်း၌ ကျင်းပ သည်။

ဆွမ်းဆန်စိမ်း လောင်းလှူပွဲသို့ နိုင်ငံတော် စီမံအုပ်ချုပ်ရေးကောင်စီ အဖွဲ့ဝင် ခွန်စံလွင်နှင့် ဇနီး၊ ရှမ်းပြည်နယ် စီးပွားရေးရာဝန်ကြီး ဦးခွန်သိန်းမောင်၊ ပအိုဝ်းကိုယ်ပိုင် အုပ်ချုပ်ခွင့်ရဒေသ ဥက္ကဋ္ဌ ဦးခွန်ရဲ ထွေးနှင့်ဇနီး၊ တပ်မတော်အရာရှိ ကြီးများ၊ ပအိုဝ်းကိုယ်ပိုင်အုပ်ချုပ် ခွင့်ရဒေသ စီမံအုပ်ချုပ်ရေးအဖွဲ့ အဖွဲ့ဝင်များ၊ ဌာနဆိုင်ရာ တာဝန် ရှိသူများ၊ ဒေသခံပြည်သူများ တက်ရောက်ကြပြီး နာဂပုရ သာသနာလင်္ကာရသာမဏေကျော် အသင်းက ကြီးမှူးကျင်းပသော တတိယအကြိမ်မြောက် မြန်မာ နိုင်ငံလုံးဆိုင်ရာ နာဂပုရသာသနာ လင်္ကာရ သာမဏေကျော်စာမေးပွဲ ဖြေဆိုအောင်မြင်သည့် ရဟန်း၊ သာမဏေနှင့် သီလရှင်များအား ဆွမ်းဆန်နှင့် လှူဖွယ်ပစ္စည်းများ လောင်းလှူကြကာ ဆရာတော်၊ သံဃာတော်များအား နေ့ဆွမ်း ဆက်ကပ်လှူဒါန်းကြသည်။

ထို့နောက် နာဂပုရသာသနာ လင်္ကာရ သာမဏေကျော်စာမေးပွဲ စာအောင်ဘွဲ့နှင်းသဘင် ဆက်ကပ် ခြင်း အခမ်းအနားကို ဆက်လက် ကျင်းပရာ နိုင်ငံတော်စီမံအုပ်ချုပ် ရေးကောင်စီအဖွဲ့ဝင်၊ ရှမ်းပြည်နယ် စီးပွားရေးရာဝန်ကြီး၊ ပအိုဝ်း ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ ဥက္ကဋ္ဌ နှင့် ဧည့်ပရိသတ်များက နာဂပုရ သာသနာလင်္ကာရ သာမဏေ ကျော်စာမေးပွဲအသင်း ဥက္ကဋ္ဌ ဆရာတော်၊ ဟိုပုံးမြို့နယ် သံဃ နာယကအဖွဲ့ဥက္ကဋ္ဌ တုံခမ်း ကျောင်းတိုက် ဦးစီးပဓာနနာယက ဆရာတော် ဦးအာလောကထံမှ ငါးပါးသီလ ခံယူဆောက်တည်ကြ သည်။

ယင်းနောက် နာဂပုရသာသနာ လင်္ကာရ သာမဏေကျော်ဘွဲ့ရ အထူးအောင် သံဃာတော်နှင့် သီလရှင်များအား ပအိုဝ်းဝိသာခါ ဓမ္မစကြာအသင်းက ရှစ်လုံးဘွဲ့ ကဗျာဖြင့် ပူဇော်ကြသည်။

ဆက်လက်၍ နိုင်ငံတော်စီမံ အုပ်ချုပ်ရေးကောင်စီ အဖွဲ့ဝင်၊ ရှမ်းပြည်နယ် စီးပွားရေးရာ ဝန်ကြီး၊ ပအိုဝ်းကိုယ်ပိုင်အုပ်ချုပ် ခွင့်ရဒေသဥက္ကဋ္ဌ၊ တပ်မတော် အရာရှိကြီးနှင့် တာဝန်ရှိသူများ၊ နာဂပုရ သာသနာလင်္ကာရ သာမဏေကျော်အသင်း တာဝန်ရှိ သူများနှင့် ဒါယကာ၊ ဒါယိကာမ များက နာဂပုရသာသနာလင်္ကာရ သာမဏေကျော်ဘွဲ့ရ အရှင် သူမြတ်များအား ဘွဲ့တံဆိပ်တော် များ ဆက်ကပ်ကြသည်။

ထို့နောက် နိုင်ငံတော်စီမံ အုပ်ချုပ်ရေးကောင်စီ အဖွဲ့ဝင်က သာသနာရေးဆိုင်ရာ ကိစ္စရပ်များ ကို လျှောက်ထားပြီး လှူဒါန်းမှု အစုစုအတွက် ရေစက်သွန်းလောင်း အမျှပေးဝေကာ အခမ်းအနားကို ရုပ်သိမ်းလိုက်သည်။

ဟိုပုံးမြို့ နောင်တောင်းပရဟိတ တပ်ဦး ဘုန်းတော်ကြီးသင်ပညာ ရေးကျောင်းတွင် တန်ဆောင်မုန်း လဆန်း ၁ ရက်မှ ၃ ရက်အထိ ကျင်းပခဲ့သည့် နာဂပုရသာသနာ လင်္ကာရ သာမဏေကျော်စာမေးပွဲ တွင် မြန်မာနိုင်ငံအရပ်ရပ်မှ ရဟန်း၊ သာမဏေ၊ သီလရှင်များ လာရောက်ဖြေဆိုခဲ့ရာ မူလတန်း အဆင့်တွင် ၁၂၇ ပါး၊ ပထမအဆင့် တွင် ၅၃၈ ပါး၊ ဒုတိယအဆင့်တွင် ၁၃၅ ပါး၊ တတိယအဆင့်တွင် ၉၅ ပါး အောင်မြင်ခဲ့ပြီး နာဂပုရ သာသနာလင်္ကာရဘွဲ့ ၉၅ ပါး ရရှိခဲ့ ကြောင်း သိရသည်။ **သတင်းစဉ်**

# ပြည်ထောင်စုဝန်ကြီး ဦးမြင့်ကျိုင် မကွေးတိုင်းဒေသကြီးအတွင်းရှိ တိုင်း၊ ခရိုင်၊ မြို့နယ် မြေပြင်ကွင်းဆင်းစာရင်းကောက်ယူရေး ကြီးကြပ်မှုကော်မတီဝင်များ၊ သန်းခေါင်စာရင်းကြီးကြပ်မှုကော်မတီဝင်များနှင့် တွေ့ဆုံ





နေပြည်တော် နိုဝင်ဘာ ၁၈

မြေပြင်ကွင်းဆင်း စာရင်း ကောက်ယူရေး ကြီးကြပ်မှုဗဟို ကော်မတီဥက္ကဋ္ဌ ဗဟိုသန်းခေါင် စာရင်းကော်မရှင်ဥက္ကဋ္ဌ လူဝင်မှု ကြီးကြပ်ရေးနှင့် ပြည်သူ့အင်အား ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမြင့်ကျိုင်သည် မကွေးတိုင်း ဒေသကြီး မြေပြင်ကွင်းဆင်း စာရင်းကောက်ယူရေး ကြီးကြပ်မှု ကော်မတီဥက္ကဋ္ဌ တိုင်းဒေသကြီး သန်းခေါင်စာရင်း ကြီးကြပ်မှု ကော်မတီဥက္ကဋ္ဌ မကွေးတိုင်းဒေသ ကြီးဝန်ကြီးချုပ် ဦးတင့်လွင်နှင့် အတူ ယမန်နေ့မွန်းလွဲ ၁ နာရီက မကွေးမြို့ မြို့နယ်ခန်းမ၌ ကျင်းပ သည့်မကွေးတိုင်းဒေသကြီးအတွင်း ရှိ တိုင်း၊ ခရိုင်၊ မြို့နယ် မြေပြင် ကွင်းဆင်း စာရင်းကောက်ယူရေး ကြီးကြပ်မှု ကော်မတီဝင်များ၊ သန်းခေါင်စာရင်း ကြီးကြပ်မှု ကော်မတီဝင်များနှင့် တွေ့ဆုံပွဲ အခမ်းအနားသို့တက်ရောက်သည်။

ဦးစွာ ပြည်ထောင်စုဝန်ကြီးက နိုင်ငံတော် အစိုးရအနေဖြင့် ရှေ့လုပ်ငန်းစဉ်(၅)ရပ် ချမှတ် အကောင်အထည်ဖော် ဆောင်ရွက် လျက်ရှိရာတွင် အရေးအကြီးဆုံး ဖြစ်သည့် လွတ်လပ်ပြီးတရားမျှတ သည့် ပါတီစုံဒီမိုကရေစီ အထွေ ထွေရွေးကောက်ပွဲ ကျင်းပနိုင်ရေး အတွက် တိကျမှန်ကန်သည့် မဲဆန္ဒရှင်စာရင်း ပြုစုနိုင်ရေးသည် အရေးကြီးပါကြောင်း၊ မဲစာရင်း မှန်ကန်ရေးအတွက် တိကျသည့် လူဦးရေစာရင်း ရရှိစေရန် တစ်နိုင်ငံ လုံးအတိုင်းအတာဖြင့် မြေပြင် ကွင်းဆင်း စာရင်းကောက်ယူရေး အဖွဲ့ (Working Group) များ ဖွဲ့စည်းကာ ၂၀၂၃ ခုနှစ် ဇန်နဝါရီ ၉ ရက်မှ ၃၁ ရက်အထိ ရုံးပိတ်ရက် မပါ ရက်ပေါင်း ၂၀ သတ်မှတ်၍ မြေပြင် တစ်အိမ်တက်ဆင်း ကွင်းဆင်းကောက်ယူခဲ့ပြီး ဖြစ်ပါ ကြောင်း၊ ကောက်ယူရရှိသည့် စာရင်းဇယား၊ အချက်အလက်များ ကိုလည်း တိုင်းဒေသကြီး/ပြည်နယ် များအလိုက် မှတ်တမ်းများစုစည်း ၍ လဝကမြို့နယ်ဦးစီးမှူးရုံး များရှိ ရုံးလက်ခံမှတ်တမ်းများနှင့် တိုက်ဆိုင်စိစစ်၍ Online စနစ်ဖြင့် ရုံးချုပ်ရှိ e-ID Server အတွင်း အချက်အလက်များဖြင့် တိုက်ဆိုင် ပြင်ဆင်ဖြည့်စွက် အတည်ပြုခြင်း လုပ်ငန်းများ ဆောင်ရွက်လျက်ရှိပါ ကြောင်း၊ မကွေးတိုင်းဒေသကြီး အနေဖြင့် စုစုပေါင်းအိမ်ထောင်စု ၁၂ ဒသမ ၄ သိန်းကျော်ကို မြေပြင် ကွင်းဆင်း စာရင်းကောက်ယူရာ တွင် ၂၀၂၃ ခုနှစ် အောက်တိုဘာ ၃၁ ရက်အထိ e-ID Software ဖြင့် ထုတ်ယူထားသည့် အိမ်ထောင်စုစာရင်းဖြင့် ကောက် ယူမှု ၈ ဒသမ ၄ သိန်းကျော်၊ အိမ်ထောင်စုစာရင်း မရှိသဖြင့် အလွတ်ပုံစံများဖြင့် ကောက်ယူမှု ကိုးသောင်းခန့် စုစုပေါင်း ၉ ဒသမ ၃ သိန်းကျော် ကောက်ယူ ပြီးစီးခဲ့ကြောင်း။

နယ်မြေဒေသလုံခြုံရေး အခြေ အနေအရ ကောက်ယူရန်ကျန်ရှိ ဒေသအနည်းငယ် ရှိနေသော် လည်း တတ်နိုင်သမျှ နည်းလမ်း ပေါင်းစုံဖြင့် ကောက်ယူဆောင်ရွက် ကြရန် လိုအပ်ပါကြောင်း၊ ယင်း စာရင်းများအရ အိမ်ထောင်စု စာရင်းရှိသော်လည်း နိုင်ငံသား ကတ်မရှိသေးသူများ၊ အလွတ် ပုံစံဖြင့် ကောက်ယူခဲ့သည့် အိမ်ထောင်စုများအတွက် အမှန် တကယ် အိမ်ထောင်စုစာရင်း ရှိ/မရှိ စိစစ်၍ မြို့နယ်အဆင့် ဖွဲ့စည်းထားသည့် ငါးဦးကော်မတီ ဖြင့် အသေးစိတ်စိစစ်အတည်ပြု ကာ နိုင်ငံသားအရည်အချင်းနှင့် ကိုက်ညီသူများအား ဥပဒေနှင့် အညီ အိမ်ထောင်စုလူဦးရေ စာရင်းနှင့် နိုင်ငံသားကတ်ပြား ထုတ်ပေးခြင်းလုပ်ငန်းကို ပန်းခင်း စီမံချက်ဖြင့် ဆက်လက်ဆောင်ရွက် ပေးကြရန် လိုအပ်ပါကြောင်း၊ ထို့ပြင် အချက်အလက်ကွဲလွဲနေသူ များ၊ အမျိုးသားမှတ်ပုံတင် ကတ်ပြား ကိုင်ဆောင်ထားသူများ၊ အသက် ၁၆ နှစ်နှင့် ၁၈ နှစ်ကြား၊ အသက် ၁၈ နှစ်နှင့် အထက် မည်သည့်ကတ်ပြားမျှ ကိုင်ဆောင် ထားခြင်း မရှိသူများကိုလည်း စနစ်တကျစိစစ်၍ ဥပဒေနှင့်အညီ ကိုင်ဆောင်သင့်သည့် ကတ်ပြား တစ်မျိုးမျိုး ရရှိကိုင်ဆောင်နိုင်ရေး ဆောင်ရွက်ပေးကြရန် လိုကြောင်း၊ သို့မှသာ ရွေးကောက်ပွဲကျင်းပ ချိန်တွင် မဲပေးပိုင်ခွင့်ရှိသူအားလုံး ကိုင်ဆောင်ကတ်ပြား တစ်မျိုးမျိုး ကိုင်ဆောင်မဲပေးနိုင်ကြမည်ဖြစ် ပါကြောင်း၊ ပြည်လုံးကျွတ် သန်းခေါင်စာရင်းကို ၂၀၂၄ ခုနှစ် အောက်တိုဘာ ၁ ရက်မှ ၁၅ ရက် အထိ ၁၅ ရက်ကြာ ကောက်ယူ သွားမည်ဖြစ်ရာ လုပ်ငန်းများ အောင်မြင်ရေးအတွက် တိုင်း၊ ခရိုင်၊ မြို့နယ်၊ ရပ်ကွက်/ကျေးရွာ စသည့် ကော်မတီအဆင့်ဆင့် ဖွဲ့စည်းကာ မထပ်မကျန် စာရင်းမှန်ရရှိရေး အတွက် လုပ်ငန်းလိုအပ်ချက်များ ကို ကြိုတင်ပြင်ဆင်ဆောင်ရွက် ထားကြရန် လိုအပ်ပါကြောင်း အကျယ်တဝင့် ရှင်းလင်းပြောကြား သည်။

ဆက်လက်၍ တိုင်းဒေသကြီး ဝန်ကြီးချုပ်က မကွေးတိုင်းဒေသ ကြီးအတွင်း မြေပြင်ကွင်းဆင်း စာရင်းကောက်ယူ ဆောင်ရွက်မှု နှင့် ကောက်ယူရန်ကျန်ရှိသည့် ဒေသများကိုဆက်လက်ကောက်ယူ ဆောင်ရွက်မည့် အစီအစဉ်၊ ပန်းခင်းစီမံချက် ဆောင်ရွက်ပြီးစီး မှုနှင့် ပြည်လုံးကျွတ်လူဦးရေနှင့် အိမ်အကြောင်းအရာ သန်းခေါင် စာရင်း ကောက်ယူနိုင်ရေးအတွက် ဆောင်ရွက်သွားမည့် အစီအစဉ် များ၊ သက်ဆိုင်ရာကော်မတီဝင် များက လုပ်ငန်းများအောင်မြင်ရေး အတွက် ဝိုင်းဝန်းပူးပေါင်း ဆောင်ရွက်မည့် အခြေအနေများ နှင့်စပ်လျဉ်း၍ ရှင်းလင်းတင်ပြ သည်။

ယင်းနောက် တက်ရောက် လာကြသူများက နယ်မြေဒေသ အလိုက် မြေပြင်ကွင်းဆင်းစာရင်း ကောက်ယူမှုနှင့် ပြည်လုံးကျွတ် သန်းခေါင်စာရင်း ကောက်ယူရေး အတွက် စီစဉ်ထားရှိမှု၊ မဲစာရင်း မှန်ကန်ရေးနှင့် မဲပေးပိုင်ခွင့်ရှိသူ တိုင်း ကိုင်ဆောင်ကတ်ပြား တစ်မျိုးမျိုး ရရှိကိုင်ဆောင်မဲပေး နိုင်ရေးအတွက် ဆောင်ရွက်မှု အခြေအနေများ၊ လုပ်ငန်းလိုအပ် ချက်များကို ရှင်းလင်းတင်ပြကြရာ ပြည်ထောင်စုဝန်ကြီးက လိုအပ် သည်များ ညှိနှိုင်းဖြည့်ဆည်း ဆောင်ရွက်ပေးသည်။

ထိုမှတစ်ဆင့် ပြည်ထောင်စု ဝန်ကြီးသည် မကွေးတိုင်းဒေသကြီး ဦးစီးမှူးရုံးသို့ သွားရောက်၍ ရုံးအဆောက်အအုံ အခြေအနေနှင့် ရုံးခန်းများ ဖွဲ့စည်းထားရှိမှုတို့ကို လှည့်လည်ကြည့်ရှု စစ်ဆေးကာ လုပ်ငန်းလိုအပ်ချက်များ မှာကြား ညှိနှိုင်းဆောင်ရွက်ခဲ့ကြောင်း သိရ သည်။ **သတင်းစဉ်**

# နေပြည်တော်ကောင်စီနယ်မြေအတွင်း တစ်နှစ်ပတ်လုံး စိုက်ပျိုးထုတ်လုပ်လျက်ရှိသည့် စိုက်ပျိုးဧရိယာများ ရေဖူလုံစွာအသုံးပြုနိုင်ရန် ဆောင်ရွက်



**နေပြည်တော် နိုဝင်ဘာ ၁၈**

နေပြည်တော်ကောင်စီ နယ်မြေအတွင်း တစ်နှစ်ပတ်လုံး စိုက်ပျိုးထုတ်လုပ်လျက်ရှိသည့် စိုက်ပျိုးဧရိယာများ ရေဖူလုံစွာအသုံးပြုနိုင်ရန်နှင့် လိုအပ်ချက်များ ကူညီဆောင်ရွက်ပေးနိုင်ရန် စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမင်းနောင်သည် ဒုတိယဝန်ကြီး ဦးဗိုလ်ဗိုလ်ကျော်၊ ဌာနဆိုင်ရာတာဝန်ရှိသူများနှင့်အတူ ယနေ့နံနက်ပိုင်းက တပ်ကုန်းမြို့နယ်အတွင်း မြေအောက်ရေဖော်ထုတ်၍ စိုက်ပျိုးရေပေးဝေရေးလုပ်ငန်းဆောင်ရွက်နေမှုများနှင့် တောင်သူစိုက်ကွင်းများကို ကွင်းဆင်းကြည့်ရှုစစ်ဆေးသည်။

**ကြည့်ရှုစစ်ဆေး**

ဦးစွာ ပြည်ထောင်စုဝန်ကြီးနှင့်အဖွဲ့သည် နွယ်ရစ်ကျေးရွာ ရေစုတွင်းကျယ်မှရေကို ဆိုလာရေတင်စနစ်ဖြင့် ရေတင်၍ စိုက်ပျိုးမြေဧက ၇၀ အတွက် တစ်နှစ်ပတ်လုံး စိုက်ပျိုးရေပေးဝေနေမှုကိုလည်းကောင်း၊ စက်ရေတွင်းများဖြင့် မြေအောက်ရေထုတ်ယူသုံးစွဲနေမှုများကိုလည်းကောင်း ကြည့်ရှုစစ်ဆေးကြသည်။

ဆက်လက်၍ ဒေသခံတောင်သူများနှင့် တွေ့ဆုံကာ တောင်သူမိသားစုများ၏ စိုက်ပျိုးထုတ်လုပ်မှု၊ ဝင်ငွေနှင့် ဒေသဖွံ့ဖြိုးမှုအခြေအနေများကို ရှင်းနှီးပွင့်လင်းစွာ မေးမြန်းဆွေးနွေးပြီး ဝန်ကြီးဌာန၏ စားရေရိက္ခာဖူလုံပိုလျှံရေး ဆောင်ရွက်ချက်များ၊ GAP ထုတ်ကုန်များ၏ အာဟာရတန်ဖိုးကို စားသုံးသူများ ကျယ်ကျယ်ပြန့်ပြန့် သိရှိသုံးစွဲလာစေရေး ဆောင်ရွက်ချက်များ၊ အာဟာရဓာတ်ပြည့်ဝပြီး ကျန်းမာရေးနှင့်ညီညွတ်သော စိုက်ပျိုးရေးထွက်ကုန်များ တိုးတက်ထုတ်လုပ်နိုင်ရေးအတွက် ဝိုင်းဝန်းကြိုးပမ်းဆောင်ရွက်ရန်နှင့် ရေလုံလောက်စွာ ဆောင်ရွက်ပေးပြီးဖြစ်၍ တစ်နှစ်သုံးသီး မဖြစ်မနေ စိုက်ပျိုးထုတ်လုပ်ရန် ကိစ္စများနှင့် လိုအပ်သည်များကို ဆွေးနွေးမှာကြားသည်။

အလားတူ ပြည်ထောင်စုဝန်ကြီးနှင့်အဖွဲ့သည် ရှောက်ကုန်းကျေးရွာတွင် မြေအောက်ရေ ဖော်ထုတ်၍ စိုက်ပျိုးရေပေးဝေရေးလုပ်ငန်းများ ဆောင်ရွက်နေမှုကို ကြည့်ရှုစစ်ဆေးသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီး၊ ဒုတိယဝန်ကြီးတို့သည် ရေသုံးစွဲသူများအဖွဲ့(WUG)နှင့် နေကြာမျိုးသန့်ထုတ်လုပ်သူ တောင်သူများကို ရေဆင်းနေကြာစပ်မျိုး မျိုးစေ့များပေးအပ်ကြပြီး ရေသုံးစွဲမှုနှင့် ထိန်းသိမ်းစရိတ်များအပေါ် ညီညွတ်မျှတသော စီမံမှုဖြစ်စေရေးအတွက် ပူးပေါင်းဆောင်ရွက်ကြရန်၊ မြေမနား လူမအား တစ်နှစ်ပတ်လုံး စိုက်ပျိုးထုတ်လုပ်ခြင်းကြောင့် မြေဆီလွှာထိခိုက်ပျက်စီးမှုမရှိစေရန် သဘာဝမြေဩဇာ ထည့်သွင်းခြင်းအပါအဝင် လိုအပ်သော မြေဆီလွှာထိန်းသိမ်းခြင်းလုပ်ငန်းများကို စိုက်ပျိုးရေးဦးစီးဌာန တာဝန်ရှိသူများ၏ အကူအညီကို ရယူဆောင်ရွက်ကြရန် ဆွေးနွေးမှာကြားသည်။

တပ်ကုန်းမြို့နယ် ရှောက်ကုန်း၊ ပုဏ္ဏမာ၊ နွယ်ရစ်၊ ကျားသေအိုင်နှင့် ရွှေးစုကျေးရွာများတွင် ရေစုတွင်းကျယ်တစ်တွင်းနှင့် ၁၀ လက်မ စိုက်ပျိုးရေတွင်း စုစုပေါင်း ၃၂ တွင်း ဆောင်ရွက်ပြီးစီး၍ စိုက်ပျိုးမြေ ၉၉၅ ဧက စိုက်ပျိုးရေပေးဝေလျက်ရှိပြီး ရေစုတွင်းကျယ်တစ်တွင်းနှင့် အချင်း ၁၀ လက်မ စိုက်ပျိုးရေတွင်းနှစ်တွင်း ဆောင်ရွက်လျက်ရှိကြောင်း၊ လျာထားစက်ရေတွင်း ၄၇ တွင်း အားလုံးပြီးစီးပါက စိုက်ပျိုးမြေ ၁၄၈၅ ဧကကို စိုက်ပျိုးရေ ပေးဝေသွားနိုင်မည်ဖြစ်ကြောင်း သိရသည်။

မြေအောက်ရေဖော်ထုတ်၍ စိုက်ပျိုးရေပေးဝေရေးလုပ်ငန်းများ ဆောင်ရွက်ပေးခြင်းကြောင့် ဒေသခံတောင်သူများ တစ်နှစ်သုံးသီးစိုက်ပျိုးနိုင်ပြီး ဒေသ၏ စိုက်ပျိုးထုတ်လုပ်မှု မြင့်မားလာလျက်ရှိကြောင်း၊ ဒေသခံတောင်သူများ၏ ရင်းနှီးကုန်ကျစရိတ် လျှော့ချစေရန် ရည်ရွယ်၍ နိုင်ငံတော်အစိုးရက ဆိုလာစနစ် ပြောင်းလဲတပ်ဆင်ပေးခဲ့ခြင်းဖြစ်ကြောင်း၊ တူးဖော်ပြီး စိုက်ပျိုးရေတွင်း တစ်တွင်းချင်းအလိုက် ရေသုံးစွဲသူများအဖွဲ့(WUG) များ စနစ်တကျ ဖွဲ့စည်းပေးထားပြီး အဆိုပါ WUG အဖွဲ့များထံ စက်ရေတွင်းများကို စနစ်တကျလွှဲပြောင်းပေးအပ်ကာ ရေပေးဝေရေးဆိုင်ရာ စီမံခန့်ခွဲမှုကို တောင်သူများကိုယ်တိုင် ပူးပေါင်းပါဝင်ဆောင်ရွက်သည့် စနစ်ဖြင့် ဆောင်ရွက်စေလျက်ရှိကြောင်း သိရသည်။

**သတင်းစဉ်**

# လက်ဆွဲကောက်စိုက်စက်များဖြင့်စိုက်ပျိုးခြင်း ကွင်းသရုပ်ပြပွဲကျင်းပ





**ပဲခူး နိုဝင်ဘာ ၁၈**

ပဲခူးတိုင်းဒေသကြီး သနပ်ပင်မြို့ အောက်စုရပ်ကွက်ရှိ ဒေါ်သန်းသန်းမြင့်၏ လယ်မြေဧရိယာ ၅ ဒသမ ၅၀ ဧကၡ် နံကောက်စပါးမျိုးအား လက်ဆွဲကောက်စိုက်စက်များဖြင့် စိုက်ပျိုးခြင်း ကွင်းသရုပ်ပြပွဲကို နိုဝင်ဘာ ၁၇ ရက်က ကျင်းပခဲ့သည်။

အဆိုပါ အခမ်းအနားသို့ တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးမျိုးဆွေဝင်းနှင့် အစိုးရအဖွဲ့ဝင်ဝန်ကြီးများ တက်ရောက်ကြည့်ရှုအားပေးသည်။ ထို့နောက် တိုင်းဒေသကြီးဝန်ကြီးချုပ်သည် ဒေသခံတောင်သူများနှင့်တွေ့ဆုံ၍ စိုက်ပျိုးသီးနှံအလိုက် ပန်းတိုင်အထွက်နှုန်းရရှိရေး မိရိုးဖလာစိုက်နည်းစနစ်မှ ခေတ်မီသောစိုက်နည်းစနစ်များ၊ မျိုးကောင်းမျိုးသန့်များ ပြောင်းလဲစိုက်ပျိုးနိုင်ရေးနှင့် နွေစပါးရာသီအမီ တန်ဖိုးနည်းလက်ဆွဲကောက်စိုက်စက်များ ကျယ်ကျယ်ပြန့်ပြန့်သုံးစွဲနိုင်ရေး ဖြန့်ဖြူးဆောင်ရွက်ပေးသွားမည့်အခြေအနေများကို ရှင်းလင်းပြောကြားခဲ့သည်။

**ရှင်းလင်းတင်ပြ**

ယင်းနောက် တိုင်းဒေသကြီးဝန်ကြီးချုပ်နှင့်အဖွဲ့သည် ပဲခူးမြို့ ပဲခူး-သနပ်ပင်လမ်းမကြီးပေါ်ရှိ ဟံသာဝတီရေးဟောင်းကျုံး တူးဖော်နေသည့် လုပ်ငန်းခွင်သို့ ရောက်ရှိခဲ့ရာ ရေးဟောင်းကျုံးတူးဖော်နေမှု အခြေအနေများကို တာဝန်ရှိသူများက ရှင်းလင်းတင်ပြသည်။ တိုင်းဒေသကြီးဝန်ကြီးချုပ်က ပဲခူးဒေသသည် ရေကြီးပြီး ပြင်းထန်သည့် ငလျင်ဒဏ်ကို အကြိမ်ကြိမ်ခံစားခဲ့ရခြင်းကြောင့် ရေးဟောင်းကျုံးနှင့် မြို့ရိုးကြီးများ မြေကြီးအောက် နစ်မြုပ်ပျောက်ကွယ်ခဲ့ကြောင်း၊ ယခုအခါ ရေးဟောင်းယဉ်ကျေးမှုအမွေအနှစ်များ ဖော်ထုတ်ခြင်းအားဖြင့် ခရီးသွားလုပ်ငန်း မြှင့်တင်ခြင်းဖြစ်ပြီး မီးခိုးမထွက်သည့် စက်ရုံတစ်ခု တည်ဆောက်ခြင်းဖြစ်ရာ အနာဂတ်လူငယ်များအတွက် အလေးထားတန်ဖိုးထားရာ အထိမ်းအမှတ်တစ်ခုအဖြစ် ဖော်ထုတ်ပေးရခြင်းဖြစ်ကြောင်း ပြောကြားသည်။

**တိုင်းဒေသကြီး(ပြန်/ဆက်)**

❖ **တနင်္သာရီတိုင်းဒေသကြီးမှ**

ပုလောမြို့နယ်ဘက်က ဂျင်းသားပေါက်က ဈေးကွက်မှာ ပိုမျက်နှာပန်းလှပါတယ်။



တနင်္သာရီတိုင်းဒေသကြီးအတွင်းရှိ ဂျင်းမွေးမြူရေးကန်များကို တွေ့ရစဉ်။

အချိန်အားဖြင့် ကိုးလ စောင့်ပြီးရင် ဈေးကွက်ဝင် ဂျင်းအရွယ်အစားတွေ ရပါပြီ။ ဂျင်းအလုံးရေ ၉၀ မှ ၁၂၀ အတွင်း တစ်ကီလိုရှိရင် ဈေးကွက်မှာ ရောင်းချလို့ရပါပြီ။ ဈေးနှုန်းတွေက တစ်ကီလိုကို ၆၀၀၀ မှ ၈၅၀၀ အထိရပါတယ်။ ထိုင်းဈေးကွက်ကို ဂျင်းအရှင် တင်ပို့နိုင်ဖို့ လိုပါတယ်။ လမ်းခရီးကြန့်ကြာတာတွေ၊ ထုပ်ပိုးသယ်ယူမှု မကျွမ်းကျင်ရင် ဂျင်းတွေ သေဆုံးသွားတတ်ပါတယ်။ ဂျင်းအသေက ဈေးကွက်မှာ ရောင်းလို့မရတော့ပါဘူး။ ဂျင်းကုန်သည်လုပ်ရင်တော့ အန္တရာယ်တော့နည်းနည်းများပါတယ်” ဟု ရေကန်တောင်ကျေးရွာမှ ဂျင်းရောင်းဝယ်ရေး လုပ်ကိုင်နေသူတစ်ဦးက ပြောသည်။

“ဂျင်းသားပေါက်တွေကို နိုဝင်ဘာလမှာစတင်မွေးမြူလေ့ရှိပါတယ်။ ဈေးကွက်ဝင် ဂျင်းအရွယ်အစားရောက်ဖို့ အချိန်ကိုးလစောင့်ရပါတယ်။ ထွက်ရှိလာတဲ့ဂျင်းတွေကို ထိုင်းနိုင်ငံကို တင်ပို့ရောင်းချပြီး ထိုင်းမှာလည်း ဈေးကွက်ကောင်းတဲ့အနေအထားရှိနေပါတယ်။ ဒေသခံတွေအတွက် အလုပ်အကိုင်အခွင့်အလမ်းတစ်ခုဖြစ်တဲ့ အပြင် လုပ်ငန်းရှင်တွေအတွက်လည်း ရင်းနှီးမြှုပ်နှံဖို့ကောင်းတဲ့ အနေအထားတစ်ခုရှိနေပါတယ်။ ဂျင်းသားပေါက်တွေကို ကမ်းခြေတစ်လျှောက်မှာရှိတဲ့ နေရာတွေမှာ လိုက်လံကြဲချထားရပြီး မွေးမြူရတာပါ။ ဂျင်းသားပေါက်ရဖို့အတွက်လည်း အခုနောက်ပိုင်းမှာ ခက်ခဲလာတာမျိုးရှိပါတယ်”ဟု ကျွန်းစုမြို့နယ် ရေကန်တောင်ကျေးရွာတွင် ဂျင်းမွေးမြူနေသူတစ်ဦးက ပြောသည်။

ထိုင်းဈေးကွက်အတွင်း ဈေးကောင်းရရှိနေသည့်အတွက် တစ်နှစ်ထက်တစ်နှစ် ဂျင်းမွေးမြူသည့်လုပ်ငန်းများကို စီးပွားဖြစ်မွေးမြူလုပ်ကိုင်သူ ပိုမိုများပြားလာကြောင်းနှင့် တနင်္သာရီတိုင်းဒေသကြီးအတွင်းတွင် ဂျင်းမွေးမြူရေးလုပ်ငန်းများကို ပုလော၊ ကျွန်းစု၊ ဘုတ်ပြင်းစသည့် မြို့နယ် သုံးမြို့နယ်အတွင်းရှိ ကျေးရွာများတွင် အများဆုံးလုပ်ကိုင်လျက်ရှိကြောင်း သိရသည်။

သွေးခုံး(ဒေသအခေါ် ဂျင်း) များကို တနင်္သာရီတိုင်းဒေသကြီး အတွင်းရှိ ကမ်းခြေတစ်လျှောက်တွင် မွေးမြူသူများပြားလာပြီး ထိုင်းဈေးကွက်အတွင်း၌ ဈေးကောင်းရရှိသည့်အတွက် ဂျင်းမွေးမြူသည့်လုပ်ငန်းများ လုပ်ကိုင်သူ များပြားကာ ငါးလုပ်ငန်းဦးစီးဌာနတွင် လိုင်စင်လျှောက်ထားကာ မွေးမြူလျက်ရှိကြောင်း သိရသည်။

**မြင့်ဦး(မြိတ်)**

**ပြည့်ဝဆီများကို တတ်နိုင်သမျှ လျှော့စား၍ အသွင်ပြောင်းဆီများ စားသုံးခြင်းကို လုံးဝရှောင်ကြဉ်ကြပါစို့**

# ပြည်ထောင်စုဝန်ကြီး ဒေါက်တာချာလီသန်း မီးခံဘိလပ်မြေပြားစက်ရုံ (မှော်ဘီ)နှင့် အမှတ်(၃၄)အကြီးစားစက်ရုံ(သာယာဝတီ)တို့ကို ကြည့်ရှုစစ်ဆေး

**နေပြည်တော် နိုဝင်ဘာ ၁၈**

စက်မှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာချာလီသန်းသည် ယနေ့နံနက်ပိုင်းတွင် ရန်ကုန်တိုင်းဒေသကြီး မှော်ဘီမြို့ရှိ မီးခံဘိလပ်မြေပြားစက်ရုံ(မှော်ဘီ)သို့ရောက်ရှိရာ စက်ရုံတာဝန်ခံက စက်ရုံသမိုင်းကြောင်းနှင့် ဆက်လက်ဆောင်ရွက်မည့် အစီအမံများကို ရှင်းလင်းတင်ပြရာ ပြည်ထောင်စုဝန်ကြီးက ဝန်ထမ်းများအနေဖြင့် မိမိတို့၏ စွမ်းဆောင်ရည်များ ဖွံ့ဖြိုးတိုးတက်စေရေး စဉ်ဆက်မပြတ် လေ့လာသင်ယူနေရမည်ဖြစ်ကြောင်း လမ်းညွှန်မှာကြားပြီး ဝန်ထမ်းများ သက်သာချောင်ချိရေးအတွက် ထောက်ပံ့ငွေများပေးအပ်၍ စက်ရုံအတွင်း လှည့်လည်ကြည့်ရှုစစ်ဆေးသည်။



**မှာကြား**

မွန်းလွဲပိုင်းတွင် ပြည်ထောင်စုဝန်ကြီးသည် ပဲခူးတိုင်းဒေသကြီး သာယာဝတီမြို့ရှိ အမှတ်(၃၄) အကြီးစားစက်ရုံ(သာယာဝတီ)သို့ ရောက်ရှိပြီး ပြည်ထောင်စုဝန်ကြီးက စက်ရုံမှထုတ်လုပ်သော ကုန်ပစ္စည်းများသည် အရည်အသွေးကောင်းမွန်ပြီး ဈေးနှုန်းချိုသာလျှင် ဈေးကွက်ဝေစုများစွာရရှိမည် ဖြစ်၍ ထုတ်လုပ်မှုနည်းစဉ်တစ်လျှောက်တွင် အရည်အသွေးစစ်ဆေးရမည့်နေရာများ သတ်မှတ်၍ ဆောင်ရွက်သွားရမည်ဖြစ်ကြောင်း၊ ဈေးကွက်ကို အခြေခံသည့် ကုန်ထုတ်လုပ်မှုလုပ်ငန်းများဖြစ်စေရေးအတွက် မိမိထုတ်ကုန်ပစ္စည်းများနှင့် ပတ်သက်၍ ဈေးကွက်သုတေသနပြုလုပ်သည့် လုပ်ငန်းများကို စဉ်ဆက်မပြတ် ဆောင်ရွက်သွားရမည်ဖြစ်ကြောင်း၊ စက်ရုံရေရှည် ရပ်တည်လည်ပတ်နိုင်ရေးအတွက် ဝန်ထမ်းအားလုံးမှ ညီညွတ်စွာဖြင့် ဝိုင်းဝန်းပူးပေါင်းဆောင်ရွက်ရမည်ဖြစ်ကြောင်း၊ လူ၊ သတင်း၊ စာရွက်စာတမ်း၊ လုံခြုံရေးကိုလည်း အထူးအလေးထား ဆောင်ရွက်သွားရန် လမ်းညွှန်မှာကြားပြီး အိမ်သုံးကြွေထည်ပစ္စည်းအမျိုးမျိုး၊ ကြွေပြားများ ထုတ်လုပ်နေသည့် လုပ်ငန်းစဉ်အဆင့်ဆင့်တို့ကို လှည့်လည်ကြည့်ရှုစစ်ဆေးသည်။

ဆက်လက်၍ ပြည်ထောင်စုဝန်ကြီးသည် လက်ပံတန်းမြို့ရှိ ရွှေတောင်ကျောင်းတိုက်သို့ သွားရောက်၍ ဆရာတော် ဘဒ္ဒန္တက္ကန္ဒာစက္ကထံသို့ စက်မှုဝန်ကြီးဌာနမှ ဝန်ထမ်းများနှင့် မိသားစုများက လှူဒါန်းသည့် လှူဖွယ်ဝတ္ထုငွေနှင့် ပစ္စည်းများကို ဆက်ကပ်လှူဒါန်းခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**



# ကရင်ပြည်နယ် ဝန်ကြီးချုပ် ဦးစောမြင့်ဦး လှိုင်းဘွဲမြို့နယ် ထီလုံကျေးရွာ မိုးစပါးစံကွက်ရိတ်သိမ်းပွဲ တက်ရောက်အားပေး

**ဘားအံ နိုဝင်ဘာ ၁၈**

ကရင်ပြည်နယ်အတွင်း ယခုနှစ်မိုးရာသီတွင် မိုးစပါး ၄၂၇၁၃၉ ဧက စိုက်ပျိုးထားပြီး ကောင်း၊ သင့်၊ ညံ့ ကိုယ်စားပြုအလွှာလိုက်ခွဲခြားပြုစု၍ ကွင်းအလိုက်၊ မျိုးကွဲအလိုက်၊ ရေသောက်နည်းလမ်းအလိုက် စံကွက်ပေါင်း ၃၃၂၀ ကွက်ရိတ်သိမ်းသွားမည်ဖြစ်ရာ ယမန်နေ့ နံနက် ၉ နာရီခွဲက ဘားအံခရိုင် လှိုင်းဘွဲမြို့နယ် ထီလုံကျေးရွာ ဦးပိုင်အမှတ်(၄၇/၂) မြေကွက်အမှတ်(၂၂၇၉/၂၂၈၀) တောင်သူ ဦးရာမူး၏ ဆင်းသုခ ၁၇ ဒသမ ၅၀ ဧက စိုက်ခင်း၌ ကရင်ပြည်နယ် လယ်ယာမြေစီမံခန့်ခွဲရေးနှင့် စာရင်းအင်းဦးစီးဌာနမှ ကြီးမှူး၍ စံကွက်ရိတ်သိမ်းပွဲကို ကျင်းပသည်။

စံကွက်ရိတ်သိမ်းပွဲတွင် ပြည်နယ်ဝန်ကြီးချုပ် ဦးစောမြင့်ဦးက နိုင်ငံတော်အနေဖြင့် တစ်ဖက်တွင် သီးနှံအထွက်နှုန်းမြင့်မားရေးကို ပန်းတိုင်အထွက်နှုန်းများသတ်မှတ်ပြီး တွန်းအားပေးဆောင်ရွက်နေသကဲ့သို့ အခြားတစ်ဖက်တွင်လည်း သီးနှံများတိုးတက်စိုက်ပျိုးရေး၊ မျိုးကောင်းမျိုးသန့်များ ဖြန့်ဖြူးရေး၊ စိုက်ပျိုးရေရရှိရေး၊ သီးထပ်သီးညှပ်တိုးမြှင့် စိုက်ပျိုးရေးတို့ကို တောင်သူလယ်သမားများ ဆောင်ရွက်နိုင်ရန်အတွက် ကူညီခြင်း၊ ထောက်ပံ့ခြင်းများ ဆောင်ရွက်ပေးလျက်ရှိကြောင်း၊ သီးနှံအထွက်နှုန်းတိုင်းတာရာတွင် စပါးအပါအဝင် အရေးကြီးသီးနှံများကို စံကွက်ရိတ်သိမ်းခြင်း၊ တောင်သူအထွက်နှုန်းစုံစမ်းခြင်းတို့ဖြင့် လယ်ယာမြေစီမံခန့်ခွဲရေးနှင့် စာရင်းအင်းဦးစီးဌာနမှ အဓိကတာဝန်တစ်ရပ်အနေဖြင့် နှစ်စဉ်ဆောင်ရွက်လျက်ရှိရာ မြို့နယ်ကိုယ်စားပြုအထွက်နှုန်း၊ အထွက်တင်းတို့ကိုပြုစု၍ မြို့နယ်လူဦးရေ၏ စားရေရိက္ခာဖူလုံမှုရှိ၊ မရှိ သိရှိနိုင်မည်ဖြစ်ကြောင်း၊ တောင်သူလယ်သမားများ၊ ရပ်မိရပ်ဖများအပါအဝင် တာဝန်ရှိသူအားလုံးနှင့် ပြည်သူတစ်ရပ်လုံး စိုက်ပျိုးရေးကဏ္ဍမြင့်မားလာစေရန် ဝိုင်းဝန်းကြိုးပမ်းဆောင်ရွက်ကြခြင်းဖြင့် တောင်သူလယ်သမားများ၏ လူနေမှုဘဝတိုးတက်မြင့်မားပြီး စားရေရိက္ခာဖူလုံကာ ဖွံ့ဖြိုးတိုးတက်လာမည်ဖြစ်ကြောင်း ပြောကြားသည်။

ထို့နောက် ပြည်နယ်လယ်ယာမြေစီမံခန့်ခွဲရေးနှင့် စာရင်းအင်းဦးစီးဌာနမှူး ဦးဇော်မိုးအောင်က စံကွက်ရိတ်သိမ်းရခြင်းနှင့်ပတ်သက်၍ ရှင်းလင်းတင်ပြပြီး ပြည်နယ်စိုက်ပျိုးရေးဦးစီးဌာန ဒုတိယပြည်နယ်ဦးစီးမှူး နော်သူးလေထီးက သီးနှံအထွက်နှုန်းတိုးတက်ရေးနှင့်ပတ်သက်၍ ဆွေးနွေးတင်ပြသည်။

ယင်းနောက် တစ်ဧကအထွက်နှုန်းမှန်ကန်စွာရရှိရေးအတွက် ထီလုံကျေးရွာရှိ စိုက်ပျိုးပြီး မိုးစပါးဧက ၁၈၃၉ ဧကအနက် ကိုယ်စားအလွှာ(ကောင်း)ကို ကိုယ်စားပြုသော ဆင်းသုခမျိုးမိုးစပါးစိုက်ခင်းကို ၆ ဒသမ ၆ ပေ x ၆ ဒသမ ၆ ပေ ပတ်လည်ဧရိယာ သုည ဒသမ ၀၀၁ ဧက စံကွက်သုံးကွက်အား လယ်ယာမြေစီမံခန့်ခွဲရေးနှင့် စာရင်းအင်းဦးစီးဌာန၊ စိုက်ပျိုးရေးဦးစီးဌာနတို့မှ ဝန်ထမ်းများနှင့် တောင်သူများက မိုးစပါး စံကွက်ရိတ်သိမ်းရာ ကရင်ပြည်နယ်ဝန်ကြီးချုပ်၊ ပြည်နယ်တရားလွှတ်တော်တရားသူကြီးချုပ်၊ ပြည်နယ်အစိုးရအဖွဲ့ဝင်များနှင့် ဌာနဆိုင်ရာတာဝန်ရှိသူများ၊ ဒေသခံတောင်သူလယ်သမားများက ကြည့်ရှုအားပေးခဲ့ကြပြီး အဆိုပါစံကွက်ရိတ်သိမ်းပွဲတွင် အစိုတစ်ဧကအထွက်နှုန်း ၁၂၅ တင်းထွက်ရှိကြောင်း သိရသည်။

**ပြည်နယ်(ပြန်/ဆက်)**

# ဧရာဝတီတိုင်းဒေသကြီး ဝန်ကြီးချုပ် ကြံခင်းမြို့နယ်အတွင်းရှိ မိုးနေကြာစိုက်ခင်းများ ဖြစ်ထွန်းအောင်မြင်နေမှုများကို ကြည့်ရှုစစ်ဆေး

**ပုသိမ် နိုဝင်ဘာ ၁၈**

ဧရာဝတီ တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးတင်မောင်ဝင်းသည် အစိုးရအဖွဲ့ဝင် ဝန်ကြီးများ၊ တိုင်းဒေသကြီး၊ ခရိုင်၊ မြို့နယ်ဌာနဆိုင်ရာများနှင့်အတူ ယနေ့နံနက်ပိုင်းက မြန်အောင်ခရိုင် ကြံခင်းမြို့နယ်အတွင်းရှိ မိုးနေကြာစိုက်ခင်းများ ဖြစ်ထွန်းအောင်မြင်နေမှုများကို ကြည့်ရှုစစ်ဆေးခဲ့သည်။

ဦးစွာ တိုင်းဒေသကြီး ဝန်ကြီးချုပ်နှင့်အဖွဲ့သည် သောကြာဒူးကျေးရွာတောင်သူဦးကြည်ညွန့်၏ ဆင်းရွှေကြာ(၂)နေကြာ ၁ ဒသမ ၅၀ ဧက စိုက်ပျိုးဖြစ်ထွန်းအောင်မြင်နေမှုများကို ကြည့်ရှုအားပေးပြီး တောင်သူများနှင့်တွေ့ဆုံ၍ တိုင်းဒေသကြီး ဆီဖူလုံရေးအတွက် နေကြာ၊ မြေပဲ၊ နှမ်းစသည့် ဆီထွက်သီးနှံများ တိုးချဲ့ စိုက်ပျိုးလျက်ရှိပါကြောင်း၊ ဒေသနှင့်ကိုက်ညီသည့် အထွက်တိုးနေကြာမျိုးများ စိုက်ပျိုးကြရန်လိုပါကြောင်း၊ ပိုးမွှားများ မကျရောက်စေရေးနှင့် အောင်မြင်စေရေး အလေးထားဆောင်ရွက်ရန် မှာကြားခဲ့ကာ တောင်သူများအား နေကြာမျိုးစေ့များနှင့် ပိုက်ဆံလျှော်မျိုးစေ့များ ထောက်ပံ့ပေးအပ်ခဲ့သည်။

**ကြည့်ရှုစစ်ဆေး**

အလားတူ တိုင်းဒေသကြီး ဝန်ကြီးချုပ်နှင့်အဖွဲ့သည် ကရင်စုကျေးရွာ တောင်သူ ဦးစိုးသိန်း၏ ဆင်းရွှေကြာ(၂)နေကြာ တစ်ဧကနှင့် မြေပဲသုံးဧကကိုလည်းကောင်း၊ ရွှေကွင်းတောကျေးရွာ တောင်သူ ဦးကြည်သန်း၏ နှမ်းသုည ဒသမ ၅၀ ဧကကိုလည်းကောင်း ဆက်လက်ကြည့်ရှုစစ်ဆေးခဲ့ပြီး တိုင်းဒေသကြီး ဆီဖူလုံရေးအတွက် ဆီထွက်သီးနှံများ ပိုမိုတိုးချဲ့စိုက်ပျိုးကြရန် မှာကြားခဲ့သည်။

ဆက်လက်၍ တိုင်းဒေသကြီး ဝန်ကြီးချုပ်နှင့်အဖွဲ့သည် ကြံခင်းမြို့နယ် ဆုံလဲကုန်းကျေးရွာအုပ်စုရှိ ကျေးရွာအုပ်ချုပ်ရေးမှူးရုံးသို့ သွားရောက်၍ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန ကြံခင်းမြို့နယ် ဦးစီးမှူးရုံးမှ ပန်းခင်းစီမံချက်ဖြင့် အိမ်ထောင်စုလူဦးရေ စာရင်းနှင့် နိုင်ငံသား စိစစ်ရေးကတ်ပြား ဆောင်ရွက်ပေးနေမှု များကို ကြည့်ရှုစစ်ဆေးသည်။

ဆက်လက်၍ တိုင်းဒေသကြီး ဝန်ကြီးချုပ်နှင့် အဖွဲ့သည် မြန်အောင်ခရိုင် မြန်အောင်မြို့နယ်ရှိ နတ်ပီတိကျေးရွာအုပ်စု စိုက်ပျိုးရေး ဦးစီးဌာနမှ ဆည်မြောင်းတာပေါင်၌ စိုက်ပျိုးထားသည့် သစ်စိမ်းမြေသြဇာ (ပိုက်ဆံလျှော်) မျိုးစေ့ထုတ်စိုက်ခင်းကို ကြည့်ရှုအားပေးခဲ့သည်။

ဆက်လက်၍ တိုင်းဒေသကြီး ဝန်ကြီးချုပ်သည် မြန်အောင်မြို့ အမှတ်(၁)ရပ်ကွက်ရှိ Top-5 နို့စားနွား မွေးမြူရေးခြံသို့ သွားရောက်၍ မွေးမြူရေးနှင့် ကုသရေးဦးစီးဌာနမှ စီးပွားဖြစ်တိရစ္ဆာန်မွေးမြူမှု၊ စာရင်းကောက်ယူနေမှု၊ နို့စားနွားမွေးမြူထားရှိမှုနှင့် နွားနို့ထုတ်လုပ်မှုများကို ကြည့်ရှုအားပေးကာ အောင်မြင်အောင်ဆောင်ရွက်ရန် မှာကြားခဲ့ပြီး တိရစ္ဆာန်ဆေးဝါးများ ထောက်ပံ့ပေးအပ်ခဲ့သည်။

**တိုင်းဒေသကြီး(ပြန်/ဆက်)**



ဆည်မြောင်းချောင်းကန် ရေပြည့်လျှံ
တမံသဘော ရေထိန်းတော။

# ဘယ်တော့မှမရိုင်းတဲ့ မြန်မာ့သမိုင်း ...

စွမ်းပြည့်

တရုတ်- မြန်မာဆက်ဆံရေးက သမိုင်းနှင့်ချီသည့် အစဉ်အဆက်ချစ်ကြည်ရေးကို တည်ဆောက်ပြီးသားဖြစ်သည်။ ခေါင်းဆောင်များအကြား အစိုးရချင်း၊ ပြည်သူချင်း၊ တပ်မတော်နှစ်ရပ်အကြား နားလည်မှု၊ ချစ်ကြည်မှု ပိုမိုခိုင်မာလာအောင် အမြော်အမြင်ရှိရှိ ကြိုးစားတည်ဆောက်ထားပြီးဖြစ်သည်။ မကြာမီရက်များအတွင်းက အချို့သော တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့များ၊ ပြည်ဖျက်မီဒီယာများက ကောလာဟလများဖန်တီးပြီး နှစ်နိုင်ငံ ချစ်ကြည်ရေးပျက်ပြားအောင် လုပ်ဆောင်လာကြရာတွင် နည်းပညာဆိုင်ရာ အားနည်းချက်အချို့ကို အခွင့်ကောင်းယူ၍ နိုင်ငံရေးအရ အမြတ်ထုတ်၊ အချုပ်အခြာ ကျိုးပေါက်အောင် ချိုးဖျက်မှုများကို ယနေ့မြန်မာ့တပ်မတော်နှင့် မြန်မာပြည်သူများ ရင်ဆိုင်နေရသည်။ သတင်းတု၊ သတင်းမှားများအောက်တွင် အောက်တန်းကျစွာဖြင့် နှစ်ဖက်ပြည်သူများအကြား ထင်ယောင်ထင်မှားဖြစ်အောင် လုပ်လာကြသည်ကို တွေ့ရသည်။

**တိုင်းပြည်ပြိုကွဲမှု အဖြစ်မခံနိုင်**

ယခုအချိန်တွင် မြန်မာပြည်သူ တိုင်းရင်းသားအပေါင်းလိုလားသည်က တပ်မတော်နှင့် ရန်သူ၊ ပြည်သူနှင့် အကြမ်းဖက်အကြား ပြတ်ပြတ်သားသား ရန်/ငါ စည်းပြတ်ရန်အချိန်တန်ပြီဟု ယူဆချက်ဖြစ်သည်။ ထိုယူဆချက်နှင့်အတူ အကြမ်းဖက်ရန်သူများအပေါ် အပြင်းထန်ဆုံး ဒဏ်ခတ်ချေမှုန်းရန်သာ ရှိပါတော့သည်။ သို့မဟုတ်လျှင် တိုင်းပြည် အစိတ်စိတ်အမြွှာမြွှာပြိုကွဲသွားနိုင်သည်။ ပြည်ထောင်စုကြီး ပြိုကွဲသွားနိုင်သည်။ အချုပ်အခြာအာဏာ ထိပါးသွားနိုင်သည့် အန္တရာယ်ရှိနေသည်။

**ကမ်းကုန်အောင်ရက်စက်ယုတ်မာမှုများ**

တိုင်းပြည်နှင့်ပြည်သူပြည်သားများ၏ အသက်အိုးအိမ်စည်းစိမ်ကို ထိပါးနှောင့်ယှက်နေသည်က ယနေ့ပြည်ပသြဇာခံ KIA နှင့် မြောက်ပိုင်းသုံးဖွဲ့ MNDA၊TNLA၊ AA အကြမ်းဖက်အုပ်စုများဖြစ်သည်။ မူးယစ်ဆေးဝါးကုန်ကူးမှုဖြင့် ချမ်းသာလာကြသော ထိုအကြမ်းဖက်အုပ်စုများသည် မူးယစ်အရေးမှသည် အခြေအနေပေးလျှင်ပေးသလို နိုင်ငံရေး လိုလားချက်များအထိ အမြတ်ထုတ်ချင်ပုံရသည်။ သူတို့ကြောင့် နိုင်ငံတော်၊ ပြည်သူနှင့် တိုင်းရင်းသားများကို ကာကွယ်စောင့်ရှောက်နေသော ပြည်ထောင်စုတပ်မတော်သားများ၊ ရဲတပ်ဖွဲ့ဝင်များ၊ တိုင်းရင်းသားပြည်သူ့စစ်များ၊ အပြစ်မဲ့ပြည်သူများစွာ အသက်ပေးကြရသည်။ အရှေ့မြောက်မှစတင်သည့် ထင်မှတ်မထားသည့်ဇာတ်လမ်းမှ စစ်မျက်နှာဖွင့်၍ ရခိုင်၊ ချင်း၊ စစ်ကိုင်း၊ ကချင်အစပ်၊ ကယား၊ ကရင်၊ မွန်အစပ် နေရာအနှံ့ဖြန့်ကြက်ပြီး ပွဲလန့်တုန်းဖျာခင်း တိုက်ကွက်ဖော်၍ နည်းလမ်းစုံဖြင့် နေရာစုံမှ ဝင်ရောက်တိုက်ခိုက်ကြသည်။

ယုံကြည်မှုကို ကာလရှည်တည်ဆောက်နေကြသော်လည်း ထိုယုံကြည်မှုကို ပြန်လည်ချိုးဖောက်ကာ တိုင်းပြည်ကိုရောင်းစားရန် တာစူနေကြပေပြီ။ နှစ်နှင့်ချီ၍ တိုင်းပြည်ဘဏ္ဍာသိန်းချီ၊ သန်းချီအကုန်ခံတည်ဆောက်ပေးထားသော လမ်း၊ တံတား၊ အခြေခံအဆောက်အအုံများ မိနစ်ပိုင်းအတွင်း

> **❝ အဖျက်သမားနှင့်အပြုသမား၊ ရိုးသားသူနှင့် မရိုးသားသူ၊ သစ္စာရှိသူနှင့် လူယုတ်မာ၊ ဥပဒေသမားနှင့်ဥပဒေမရှိသူဟူ၍ ခွဲခြားမြင်နိုင်စွမ်းရှိကြသူများ များစွာရှိနေပါသေးသည်။ ထို့ကြောင့်လည်း တိုင်းပြည်နေရာအနှံ့က တပ်မတော်ထောက်ခံဆန္ဒပြပွဲများနှင့်အတူ ရှေ့တန်းရောက်တပ်မတော်သားများအတွက် စေတနာရှင်ပြည်သူများ၏ လိုအပ်သောလက်ဆောင် စားသောက်စရာများ၊ အားပေးချီးမြှင့်သော အဝေးရောက်စာလွှာများကို အဆက်မပြတ် ပေးပို့လက်ခံရရှိနေခြင်းဖြစ် ❞**

မိုင်းထောင် ဖောက်ခွဲဖျက်ဆီးလိုက်ကြခြင်းဖြင့် လမ်းပန်းဆက်သွယ်ရေးများ အကြီးအကျယ်ရပ်တန့်ကုန်သည်။ ကုန်စည်ရောင်းဝယ်မှုများ နှောင့်နှေးကုန်သည်။ နေရာအနှံ့ ဖောက်ခွဲဖျက်ဆီးမှုများ ပြုလုပ်ကြသည်။ အများပိုင်ဘဏ်များ ဖောက်၊ ဓားပြတိုက် လုယက်ကြသည်။ အကြီးမားဆုံးသော ပြစ်မှုများကို ကျူးလွန်ကြခြင်းပင်ဖြစ်တော့သည်။ တက္ကသိုလ်၊ ကောလိပ်များဝင်စီးပြီး ဆရာ ဆရာမများကို လူသားတံတိုင်းလုပ်၍ ဓားစာခံအဖြစ် ဖမ်းဆီးသည်။ စစ်ဖြစ်သည့်အခါ အပြစ်မဲ့ပြည်သူများခမျာ အသက်ကိုဖက်နှင့်ထုပ် ပြေးလွှားရှောင်တိမ်း စစ်ပြေးဒုက္ခသည် ဖြစ်ကြရသည်။ အပြစ်မဲ့ တိုင်းရင်းသားပြည်သူများကို ရက်ရက်စက်စက် သတ်ဖြတ်ကြသည်အထိ လက်ရဲဇက်ရဲကျူးလွန်ကြသည်။

**အဆုံးသတ်သင့်ပါပြီ သည်းခံခြင်းတရားများ**

အသိတရား အလွန်ခေါင်းပါးသော လူယုတ်မာများပင်ဖြစ်တော့သည်။ ကမ္ဘာတွင် ဤသို့သော လက်နက်ကိုင်အကြမ်းဖက်တွေလောက် ယုတ်မာအောက်တန်းကျသော ပြည်ဖျက်မိစ္ဆာမျိုး ရှိမည်မထင်ပါ။ ခွင့်လွှတ်နိုင်စရာမရှိသော ယုတ်မာမှုများအတွက် သည်းခံခြင်းများ အဆုံးသတ်ရန် အချိန်တန်ပြီဟု ယူဆပါသည်။ တပ်မတော်က ငြိမ်းချမ်းရေးကို ရှေးရှုသည်။ တပ်မတော်ခေါင်းဆောင်များက စည်းလုံးညီညွတ်ရေးအတွက် အကြိမ်ကြိမ်လက်တွဲခေါ်သည်။ ပြည်သူများက အေးချမ်းမှုကို မျှော်လင့်သည်။ သို့သော် တပ်မတော်၏ စေတနာကို သူတို့လျစ်လျူရှုသည်။ ပြည်သူများ၏ဆန္ဒကို မထီမဲ့မြင်ပြုသည်။ တပ်မတော်ခေါင်းဆောင်များ၏ အပြုံးနှင့် ခွင့်လွှတ်မှုကို အမုန်းအာဃာတတို့နှင့်ဖုံးပြီး အပြုသဘောမှန်သမျှ အလွဲသုံးစားလုပ်ပစ်ကြသည်။

တိုင်းရင်းသားလူမျိုးပေါင်းစုံကို ကိုယ်စားပြုဖွဲ့စည်းထားသော ပြည်ထောင်စုတပ်မတော်ကြီးက တိုင်းပြည်နေရာအနှံ့ တောချုံအုံကြားမကျန် ကိုယ့်တိုင်းရင်းသားသွေးချင်းများအတွက် အထူးကုပါရဂူ၊ ဆေးမှူး၊ သူနာပြု ဆေးဝါးအစုံ ကျန်းမာရေးစောင့်ရှောက်မှုများဖြင့် ထိထိရောက်ရောက်ကုသပေးသည်ကို ယနေ့တပ်မတော်ကို မုန်းတီးနေပါသည်ဆိုသော အချို့ပြည်ဖျက်မိစ္ဆာများ မြင်စေချင်သည်။

**အဖျက်သမားနှင့်အပြုသမား၊ ရိုးသားသူနှင့် မရိုးသားသူ၊ သစ္စာရှိသူနှင့် လူယုတ်မာ၊ ဥပဒေသမားနှင့်ဥပဒေမရှိသူဟူ၍ ခွဲခြားမြင်နိုင်စွမ်းရှိကြသူများ များစွာရှိနေပါသေးသည်။ ထို့ကြောင့်လည်း တိုင်းပြည်နေရာအနှံ့က တပ်မတော်ထောက်ခံဆန္ဒပြပွဲများနှင့်အတူ ရှေ့တန်းရောက်တပ်မတော်သားများအတွက် စေတနာရှင်ပြည်သူများ၏ လိုအပ်သော လက်ဆောင် စားသောက်စရာများ၊ အားပေးချီးမြှင့်သော အဝေးရောက်စာလွှာများကို အဆက်မပြတ် ပေးပို့လက်ခံရရှိနေခြင်းဖြစ်**သည်။ နွေးထွေးမှုမရှိ၊ အိပ်စက်ချိန်မရ၊ အသက်ကိုလောင်းကြေးထပ်၊ အကြမ်းဖက်လူ့မိစ္ဆာများနှင့် ရင်ဆိုင်နေရသော မျိုးချစ်တပ်မတော်သားများအတွက် လုပ်ကိုလုပ်ပေးရမည့်အရာများဖြစ်ပါသည်။

တိုင်းရင်းသား ပြည်သူလူထုကြီးအနေဖြင့် ထိုလူယုတ်မာ အကြမ်းဖက်သမားများ၏ လုပ်ရပ်နှင့် လုပ်ဇာတ်များကို ကွက်ကွက်ကွင်းကွင်း မြင်လာသိလာကြပြီဖြစ်သလို ယခုထက်ပို၍လည်း နားလည်သဘောပေါက်သင့်ပါပြီ။ ပြည်ထောင်စုကြီးအတွင်းရှိ မိမိတို့ တိုင်းရင်းသားများအချင်းချင်း သပ်လျှိုသွေးခွဲမှုများကို ခွင့်မပြုသင့်တော့သလို ဘေးအိမ်နီးချင်းနိုင်ငံများအကြား နားလည်မှု လွဲမှားအောင် ဆောင်ရွက်ချက်များကိုလည်း သတိထားထိန်းသိမ်းကာကွယ်ရမည့် အနေအထားဖြစ်လာသည်။

ဒို့တာဝန်အရေးသုံးပါးကို ဦးထိပ်ထားပန်ဆင်ထားသူများအနေဖြင့် ဤမျှအောက်တန်းကျယုတ်မာသူများကို နေရာပေးလူရာသွင်းရန်သင့်ပါရဲ့လား၊ စဉ်းစားချိန်တန်ပြီဟူ၍လည်း ယူဆပါသည်၊ မျက်နှာသာမပေးဘဲ အများအတွက်၊ နိုင်ငံတော်ကြီးအတွက် အဓိကပြတ်သားသင့်သည်ကို ပြတ်သားပြရမည်ပင်ဖြစ်သည်။

သို့သော် ပြည်သူတစ်ယောက်အနေဖြင့်မူ ယုံကြည်မှုများရှိဆဲဖြစ်ပါသည်။ မည်သို့မျှ ဦးမညွတ်သည့် တပ်မတော်တစ်ရပ်ကို ဘယ်လိုရန်သူမျိုးကမျှ အနိုင်မယူနိုင်ဘူးဆိုသည့် အချက်ပင်ဖြစ်သည်။ မျိုးချစ်စိတ်နှင့် ပြည်ထောင်စုစိတ်ဓာတ်အရင်းခံနေသရွေ့ ယနေ့တပ်မတော်ကို ဘယ်လိုမှဖြိုခွဲ၍မရနိုင်ပါ။ တပ်မတော်မပြိုကွဲသမျှ ပြည်ထောင်စုကြီးလည်း အစွန့်ရှည်တည်တံ့နေမည်သာဖြစ်သည်။

တစ်နိုင်ငံလုံး ၁၃၅ မျိုးသော ရှိသမျှလူမျိုးပေါင်းစုံအရေး၊ ဒေသတွင်းအခြေအနေ၊ နိုင်ငံတကာဆက်ဆံရေးနှင့် နိုင်ငံတကာဖိအားကို ချိန်ဆနေ၍သာ မျိုးဖျက်လူယုတ်မာများ ဤမျှသက်ဆိုးရှည်နေခြင်းဖြစ်သည်။

အဓိကအချက်က ကိုယ့်အားကိုယ်ကိုး၊ ကိုယ့်ပြည်တွင်းအင်အားကိုယ်ခိုင်ခိုင်မာမာ တည်ဆောက်ထားနိုင်ရေးပင်ဖြစ်သည်။ အရေးကြုံက ကိုယ့်အင်အားအစစ်သည်သာ စိတ်အချရဆုံးဖြစ်သည်။ အရေးအကြီးဆုံးက သွေးမကွဲ၊ သွေးခွဲမခံဘဲ နိုင်ငံတော်ကို ချစ်သည့်စိတ်၊ တပ်မတော်ကိုချစ်သည့်စိတ်ဖြင့် အချင်းချင်းညီညွတ်နေရန်ဖြစ်ပြီး ရှေ့တန်းအစွန်အဖျားတွင် တိုက်ပွဲဝင်နေရသူ မျိုးချစ်အားလုံးအပေါ် စိတ်ဓာတ်များတက်ကြွနေအောင် အားပေးလှုံ့ဆော်ကြရန်ပင်ဖြစ်ပါသည်။ ဒီအချိန်တွင် ရာထူးဆိုသောဂုဏ်ထက် အားလုံးတွင် စစ်သားစိတ်ရှိနေရန်က ပို၍အရေးကြီးလာသည်။ ယခုစစ်ပွဲသည် အောင်မြင်မည့်စစ်၊ သေချာပေါက်အောင်နိုင်မည့်စစ်ဟူသော ယုံကြည်ချက်ဖြင့် ရှေ့တန်းမှ ကိုယ့်စစ်သည်များ တိုက်ချင်ခိုက်ချင်စိတ်ဖြစ်နေအောင်၊ စိတ်ဓာတ်တက်ကြွနေအောင် နည်းလမ်းပေါင်းစုံဖြင့် အားပေးသင့်ပါသည်။ အနိုင်မရဘူးဟုထင်ခြင်းသည် အရှုံးပေးခြင်းပင်ဖြစ်သည်။

ယခုအရေးအခင်းတွင် တန်ပြန်လုပ်ဆောင်မှု၊ တန်ပြန်ချေမှုန်းမှုဆိုသည့် စာသားများအစား တန်ပြန်အမြစ်ဖြတ်မည်ဆိုသည့် စကားလုံးများကို အစားထိုး တွင်တွင်ကျယ်ကျယ် ကျင့်သုံးသင့်သည့် ကာလရောက်ပြီဟု ယူဆပါသည်။ ယခုအရေးကို တစ်မျိုးသားလုံး၏အမျိုးသားရေးပမာ သဘောထားသင့်ပါ၍ ပြတ်ပြတ်သားသား ကိုင်တွယ်ရန်ပင်ဖြစ်ပါသည်။ ရတနာသုံးပါးကိုလည်း ဘယ်တော့မှမမေ့၊ မြန်မာ့သွေး မြန်မာ့ဂုဏ်သိက္ခာနှင့်အတူ ဘာသာသာသနာကို ကာကွယ်စောင့်ရှောက်နေခြင်းလည်းဖြစ်ပါသည်။

သို့သော် သေချာနေသည်တစ်ခုက ယခုဖြစ်စဉ်ကို သင်ခန်းစာယူရန်ပင်ဖြစ်သည်။ အနာဂတ်တွင် တပ်မတော်နှင့် ပြည်သူတစ်ရပ်လုံးအနေဖြင့် ယခုထက်ပို၍ သတိထားရန် လိုမည်ဆိုသော အချက်နှင့်အတူ တရားမဲ့ပြုကျင့်၍ တရားမဝင်လက်နက်ကိုင်နေသော လူတန်းစားကို အမြစ်ဖြတ်သင့်ပြီဆိုသော ခံယူချက်မျိုးထားရှိရန်ပင်ဖြစ်ပါတော့သည်။ ။



နိုင်ငံတော်လုံခြုံရေးနှင့်ကာကွယ်ရေးတာဝန်များကို စွမ်းစွမ်းတမံထမ်းဆောင်လျက်ရှိသော လုံခြုံရေးတပ်ဖွဲ့ဝင်များအတွက် စေတနာရှင် အလှူရှင်ပြည်သူများက ပေးပို့လှူဒါန်းသည့် ဒံပေါက်ဘူးများနှင့် စားသောက်ဖွယ်ရာများကို လုံခြုံရေးတပ်ဖွဲ့ဝင်များ၏လက်ဝယ်အရောက် ပို့ဆောင်ပေးနိုင်ရန် ပြင်ဆင်နေသည်ကို တွေ့ရစဉ်။

# ရန်ကုန်သီလဝါဆိပ်ကမ်းဒေသကြီးရှိ စက်သုံးဆီ Terminal များမှ တိုင်းဒေသကြီး/ပြည်နယ်များသို့ စက်သုံးဆီသယ်ယာဉ်(Bowser)များဖြင့် စက်သုံးဆီများ နေ့စဉ်ပို့ဆောင်လျက်ရှိ

**နေပြည်တော် နိုဝင်ဘာ ၁၈**

သီလဝါဆိပ်ကမ်းဒေသကြီးရှိ Denko Terminal၊ Max Terminal၊ MMTM Terminal၊ Brighter Energy Terminal၊ PSW Terminal၊ Regency SPC Terminal များအပြင် သာကေတမြို့နယ်ရှိ PT Power Terminal နှင့် လှိုင်သာယာမြို့နယ်ရှိ Denko Terminal တို့မှ စက်သုံးဆီများအား ဆီသယ်ယာဉ် (Bowser)များဖြင့် ရန်ကုန်တိုင်းဒေသကြီး အပါအဝင် တိုင်းဒေသကြီး/ပြည်နယ်များရှိ စက်သုံးဆီအရောင်းဆိုင်များသို့ နေ့ညမရွေး အဆက်မပြတ် ဖြည့်တင်း သယ်ယူပို့ဆောင် ဖြန့်ဖြူးလျက်ရှိသည်။

ထိုသို့ ဖြန့်ဖြူးပေးလျက်ရှိရာ နိုဝင်ဘာ ၁၇ ရက်တွင် ရန်ကုန်တိုင်းဒေသကြီး အပါအဝင် နိုင်ငံတစ်ဝန်းရှိ စက်သုံးဆီအရောင်းဆိုင် ၂၆၁ ဆိုင်သို့ ဆီသယ်ယာဉ် (Bowser) ၁၆၀၂ စီးဖြင့် 92 Ron ဂါလန် ၁ သန်း ၄ သိန်းကျော်၊ 95 Ron ဂါလန် ၃ သိန်း ၆ သောင်းကျော်၊ ဒီဇယ်ဆီ ဂါလန် ၁ သန်း ၁ သိန်း ၅ သောင်းကျော်၊ ပရီမီယမ်ဒီဇယ်ဆီ ၁ သန်း ၅ သိန်း ၄ သောင်းကျော်အား ပို့ဆောင်ဖြန့်ဖြူးနိုင်ခဲ့ပြီး နိုင်ငံတစ်ဝန်းရှိ အရောင်းဆိုင် အားလုံးတွင် စက်သုံးဆီ လာရောက်ဝယ်ယူမှုအခြေအနေမှာ ပုံမှန်အတိုင်းဖြစ်ပြီး ပြည်သူများက စက်သုံးဆီများကို အမျိုးအစားအလိုက် လုံလောက်စွာ ဝယ်ယူသုံးစွဲလျက်ရှိကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**



သီလဝါဆိပ်ကမ်းဒေသကြီးရှိ စက်သုံးဆီ Terminal များမှ ဆီသည်ယာဉ် (Bowser)များ ဆီဖြည့်တင်းနေစဉ်။



သီလဝါ Terminal များမှ ပဲခူးတိုင်းဒေသကြီးသို့ စက်သုံးဆီသယ်ယူပို့ဆောင်မှု။



သီလဝါ Terminal များမှ ပြည်ထောင်စုနယ်မြေ နေပြည်တော်သို့ စက်သုံးဆီသယ်ယူပို့ဆောင်မှု။



သီလဝါ Terminal များမှ မွန်ပြည်နယ်သို့ စက်သုံးဆီသယ်ယူပို့ဆောင်မှု။



သီလဝါ Terminal များမှ ရန်ကုန်တိုင်းဒေသကြီးသို့ စက်သုံးဆီသယ်ယူပို့ဆောင်မှု။



သီလဝါ Terminal များမှ ရှမ်းပြည်နယ်(တောင်ပိုင်း)သို့ စက်သုံးဆီသယ်ယူပို့ဆောင်မှု။

# မိုးနဲမြို့နယ်၌ ကျေးလက်ရေရရှိရေးလုပ်ငန်းများ ဆောင်ရွက်ပြီးစီးမှု စစ်ဆေး

**မိုးနဲ နိုဝင်ဘာ ၁၈**

ရှမ်းပြည်နယ်(တောင်ပိုင်း) နမ့်စန်ခရိုင် မိုးနဲမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ၂၀၂၃-၂၀၂၄ ဘဏ္ဍာနှစ်တွင် ကုန်းကျောင်းကျေးရွာ၌ ကျေးလက်ရေရရှိရေးလုပ်ငန်းများ ရာနှုန်းပြည့် ဆောင်ရွက်ပြီးစီးမှုအခြေအနေများကို ယနေ့နံနက်ပိုင်းက ပြည်နယ်ဦးစီးမှူးနှင့် တာဝန်ရှိသူများက အဆိုပါကျေးရွာများသို့ ကွင်းဆင်းစစ်ဆေးခဲ့သည်။

ထိုသို့ စစ်ဆေးရာတွင် ရှမ်းပြည်နယ်(တောင်ပိုင်း) ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ပြည်နယ်ဦးစီးမှူး ဦးမောင်မောင်ဝင်းနှင့် တာဝန်ရှိသူများသည် ကုန်းကျောင်းကျေးရွာတွင် ပြည်ထောင်စု ခွင့်ပြုရန်ပုံငွေကျပ် ၁၇ သန်းဖြင့် အရှည် တစ်မိုင်ရှိ ရေပိုက်လဲလှယ်ခြင်းနှင့် ဆက်စပ်လုပ်ငန်းများ ဆောင်ရွက်ပြီးစီးမှုအခြေအနေများကို ကြည့်ရှုစစ်ဆေးခဲ့သည်။

အဆိုပါ ကျေးလက်ရေရရှိရေးအတွက် ရေပိုက်လဲလှယ်ခြင်းနှင့် ဆက်စပ်လုပ်ငန်းများကို မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန အင်ဂျင်နီယာဝန်ထမ်းများနှင့် ကျေးရွာသူ ကျေးရွာသားများကိုယ်တိုင် ယခုနှစ် ဇူလိုင်လ တတိယပတ်မှ စတင်အကောင်အထည်ဖော်ဆောင်ရွက်ခဲ့ရာ ယခုအခါလုပ်ငန်းများ ရာနှုန်းပြည့် ဆောင်ရွက်ပြီးစီးပြီဖြစ်၍ အဆိုပါကျေးရွာရှိ အကျိုးပြုအိမ်ခြေ ၇၀၊ လူဦးရေ ၃၇၃ ဦးတို့အတွက် နွေရာသီရေရှားပါးသည့် ပြဿနာများ ပြေလည်ကာ သန့်ရှင်းသောသောက်ရေသုံးရေများ ရာသီမရွေး ဖူလုံစွာ ရရှိနေပြီဖြစ်ကြောင်း သိရသည်။

၂၂၂



# ၂၀၂၂ ခုနှစ်အတွက် အမျိုးသားစာပေတစ်သက်တာဆု၊ အမျိုးသားစာပေဆုများ ထုတ်ပြန်ကြေညာ

## အမျိုးသားစာပေတစ်သက်တာဆုကို စာပေပညာရှင်ဆရာကြီး ဒေါက်တာသန်းဦး(ပြည်စိုးမင်း)၊ စာရေးဆရာမကြီး ဒေါ်ခင်သန်းဝင်း(ကြူကြူသင်း)၊ စာပေပညာရှင်ဆရာကြီး ဦးချစ်စံ(ချစ်စံဝင်း)နှင့် စာပေပညာရှင်ဆရာကြီး ဒေါက်တာထွန်းတင့် (ဒေါက်တာထွန်းတင့် - မြန်မာစာ)တို့ရရှိ

**နေပြည်တော် နိုဝင်ဘာ ၁၈**

ပြန်ကြားရေးဝန်ကြီးဌာန အမျိုးသားစာပေဆုစိစစ်ရွေးချယ်ရေးကော်မတီသည် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်တွင် မြန်မာစာပေအကျိုးကို ထူးချွန်ပြောင်မြောက်စွာ တစ်သက်တာလုံး အားထုတ်ရေးသားပြုစုခဲ့သော ဆောင်ရွက်ချက်များကို နိုင်ငံတော်က အသိအမှတ်ပြုသောအားဖြင့် စာပေပညာရှင် ဆရာကြီး ဒေါက်တာသန်းဦး(ပြည်စိုးမင်း)၊ စာရေးဆရာမကြီး ဒေါ်ခင်သန်းဝင်း(ကြူကြူသင်း)၊ စာပေပညာရှင် ဆရာကြီး ဦးချစ်စံ(ချစ်စံဝင်း)နှင့် စာပေပညာရှင် ဆရာကြီး ဒေါက်တာ ထွန်းတင့်(ဒေါက်တာထွန်းတင့်-မြန်မာစာ)တို့အား ၂၀၂၂ ခုနှစ်အတွက် အမျိုးသားစာပေတစ်သက်တာဆုရှင်များအဖြစ် ရွေးချယ်ချီးမြှင့်လိုက်ကြောင်း ကြေညာသည်။

ထို့နည်းတူ အမျိုးသားစာပေဆုစိစစ်ရွေးချယ်ရေးကော်မတီသည် ၂၀၂၂ ခုနှစ်အတွင်း ပထမအကြိမ်ထုတ်ဝေခဲ့သည့်စာအုပ်များကို စိစစ်ရွေးချယ်ခဲ့ပြီး အမျိုးသားစာပေဆုချီးမြှင့်ရန် ရွေးချယ်ခံရသော စာအုပ်များနှင့် စာရေးဆရာများ၏ အမည်စာရင်းကို ယနေ့ထုတ်ပြန်ကြေညာသည်။

ကဗျာ(ဂန္ထဝင်)ဆုတွင် မောင်စိမ်းနောင်(လယ်ဝေး) ရေးသားသည့် ချစ်တေးသီပါ ကျေးတမာကဗျာများစာအုပ်(ပန်းရဂုံစာပေတိုက်)၊ စာပဒေသာဆုတွင် ဝေလွင်မောင်ရေးသားသည့် ကိုယ်နှင့်သက်ကို နှင်းဆက်လို၍ စာအုပ်(မြဝတီစာပေတိုက်)၊ မြန်မာ့ယဉ်ကျေးမှုနှင့် အနုပညာဆိုင်ရာဆုတွင် အောင်သျှန်ဝိုင်း(ကျိုက်မရော)ရေးသားသည့် မြန်မာ့ဂီတသူရဲကောင်း စန္ဒရား ဒေါက်တာဦးရည်နွယ်စာအုပ်(အရုဏ်ဦးစာပေတိုက်)၊ ကလေးစာပေဆုတွင် ဝတ်ရည်ခင်(ပဲခူး)ရေးသားသည့် မြန်မာ့မေတ္တာစွမ်း ကမ္ဘာကိုလွှမ်းစေရမည်နှင့် ကလေးဝတ္ထုတိုများစာအုပ်(စာပေဗိမာန်)၊ ဘာသာပြန်(သုတ)ဆုတွင် ဒေါက်တာတင်ဘုန်းကျော် ရေးသားသည့် စူပါပါဝါပြိုင်ပွဲနှင့် AI နည်းပညာစာအုပ်(စာပေဗိမာန်)၊ သုတပဒေသာ(ဝိဇ္ဇာ)ဆုတွင် ဦးကျော်မြင့် G.A ရေးသားသည့် အသုံးချမြေယာနှင့် အုပ်ချုပ်ရေးစာအုပ်(စိတ်ကူးချိုချိုစာပေတိုက်)၊ သုတပဒေသာ(အသုံးချသိပ္ပံ) ဆုတွင် စုလှိုင်တင့် ရေးသားသည့် ဇီဝအန္တရာယ်ကျရောက်နိုင်ခြေများအား စီမံခန့်ခွဲခြင်း စာအုပ်(ဦးဟန်မျိုးနောင်စာပေတိုက်)၊ နိုင်ငံရေးစာပေဆုတွင် သက်နိုင်ဦး(ကျည်ကာ) ရေးသားသည့် တစ်ကြောင်းတည်းသော မြန်မာနိုင်ငံထွက်ရပ်လမ်းမြေပုံကျမ်းစာအုပ်(ရောဝဏ်စာပေတိုက်)၊ အင်္ဂလိပ်ဘာသာ(သုတ)ဆုတွင် Win Thein ရေးသားသည့် My Anthology of Nation – Building Endeavours စာအုပ်(Aung Myo Publishing House)၊ ရသစာတမ်း(အက်ဆေး)စာပေဆုတွင် မြေလတ်မောင်မြင့်သူ ရေးသားသည့် နာမည်လေးမွှေးလို့ ချစ်ချင်သည်စာအုပ်(လင်းလွန်းခင် စာပေတိုက်)နှင့် ရည်ညွှန်းစာပေဆုတွင် အရှင်ပညာသာရ (မဟာဓမ္မပါလဆရာတော်) ရေးသားသည့် မြန်မာ့ရှေးရိုးပန်းချီ ဗုဒ္ဓဝင်စာအုပ်(ကြီးပွားရေးစာပေတိုက်)တို့ကို ရွေးချယ်ကြောင်း ကြေညာသည်။

အမျိုးသားစာပေ တစ်သက်တာဆုကို တစ်ဦးလျှင် ငွေကျပ်သိန်း ၁၀၀ ချီးမြှင့်မည်ဖြစ်ပြီး အမျိုးသားစာပေဆုများကို တစ်ဆုလျှင် ငွေကျပ်သိန်း ၃၀ ချီးမြှင့်မည်ဖြစ်ကြောင်း သိရသည်။

အမျိုးသားစာပေဆုစိစစ်ရွေးချယ်ရေးကော်မတီကို စာပေပညာရှင်၊ အသိပညာရှင်၊ အတတ်ပညာရှင်များနှင့် ပုံနှိပ်ရေးနှင့် စာအုပ်ထုတ်ဝေရေးလောကမှ အတွေ့အကြုံရှိသူများပါဝင်သော ပုဂ္ဂိုလ် ၂၄ ဦးဖြင့် ဖွဲ့စည်းထားပြီး သက်ဆိုင်ရာဘာသာရပ်အလိုက် ခွဲခြားကာ ပဏာမအဆင့်၊ ဆန်ခါတင်အဆင့်၊ အတည်ပြုအဆင့်ဟူသော အဆင့်သုံးဆင့်ဖြင့် စနစ်တကျ စိစစ်ရွေးချယ်ခဲ့ကြကြောင်း သိရသည်။

ဆုရရှိသူများသည် ရန်ကုန်မြို့ အမှတ် (၅၂၉-၅၃၁) ကုန်သည်လမ်း စာပေဗိမာန်ရှိ အတွင်းရေးမှူးရုံးအဖွဲ့ တယ်လီဖုန်းအမှတ် ၀၁-၃၈၇၇၂၄ နှင့် စီမံရေးရာ တယ်လီဖုန်းအမှတ် ၀၁-၃၈၁၄၄၉ သို့ အမြန်ဆုံးဆက်သွယ်ကြရန်နှင့်(၅ x ၇)လက်မ ရောင်စုံဓာတ်ပုံနှစ်ပုံနှင့် ပတ်စပို့အရွယ် ရောင်စုံဓာတ်ပုံနှစ်ပုံစီကို ကိုယ်ရေးရာဇဝင်အကျဉ်းချုပ်နှင့်တကွ(ကြေညာသည့်ရက်မှ တစ်ပတ်အတွင်း) ပေးပို့ရန် နှိုးဆော်ထားကြောင်း သိရသည်။

အဆိုပါဆုများကို ၁၃၈၅ ခုနှစ် နတ်တော်လဆန်း ၁ ရက် (စာဆိုတော်နေ့)၊ ၂၀၂၃ ခုနှစ် ဒီဇင်ဘာလ ၁၃ ရက်(ဗုဒ္ဓဟူးနေ့)တွင် ကျင်းပပြုလုပ်မည့် အမျိုးသားစာပေတစ်သက်တာဆု၊ အမျိုးသားစာပေဆုများ ချီးမြှင့်ပွဲအခမ်းအနားတွင် ချီးမြှင့်သွားမည်ဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**

# ၂၀၂၂ ခုနှစ်အတွက် စာပေဗိမာန်စာမူဆုများ ထုတ်ပြန်ကြေညာ

**နေပြည်တော် နိုဝင်ဘာ ၁၈**

ပြန်ကြားရေးဝန်ကြီးဌာန ပုံနှိပ်ရေးနှင့်ထုတ်ဝေရေးဦးစီးဌာန စာပေဗိမာန်က ကြီးမှူးကျင်းပသည့် ၂၀၂၂ ခုနှစ်အတွက် စာပေဗိမာန်စာမူဆုပြိုင်ပွဲတွင် ဆုရရှိသောစာမူများနှင့် စာရေးဆရာများ၏ အမည်စာရင်းကို စာပေဗိမာန်စာမူဆု စိစစ်ရွေးချယ်ရေးအဖွဲ့က ယနေ့ထုတ်ပြန်ကြေညာသည်။

ဝတ္ထုရှည်ဆုတွင် ပထမဆုကို တက္ကသိုလ်မြမွန်၏ တောင်ဇလပ်ပန်းတို့လန်းပါစေ၊ ဒုတိယဆုကို ရဲမင်းစိုး၏ အဖေ့အရိပ်များ၊ တတိယဆုကို ဝတ်ရည်ခင်(ပဲခူး)၏ ဝတ်မှုန်ကူးချိန်စာမူများက လည်းကောင်း၊ ဝတ္ထုတိုပေါင်းချုပ်ဆုတွင် ပထမဆုကို တင်တော်၏ "တုမဲ့နှုန်း၍ ရွှေဘုန်းမော်နိုင်ပါစေ"နှင့် ဝတ္ထုတိုများ စုစည်းမှု၊ ဒုတိယဆုကို နိုင်မျိုးသစ္စာ(နမ္မတူ)၏ ကမ္ဘာဆုံးတိုင်မုန်းနေမည် ဝတ္ထုတိုများ၊ တတိယဆုကို မင်းလပြည့်(ဟားခါး)၏ နှံ့ထဲကပန်းရွှေကြာနှင့် အခြားဝတ္ထုတိုများ စာမူများကလည်းကောင်း၊ ကဗျာပေါင်းချုပ်ဆုတွင် ပထမဆုကို ဘုန်းမြင့်ချို(သာယာဝတီ)၏ ပိုးကိုက်ရာကင်း ပန်းတစ်ခင်းကဗျာများ၊ ဒုတိယဆုကို လုလင်(မော်ဝန်းမြေ)၏ ဘဝပုံရိပ်ကဗျာများနှင့် အခြားကဗျာများ၊ တတိယဆုကို မြတ်ဘုန်း(တပ်ကုန်း)၏ နှလုံးလှအမေရဲ့ဇာတ်စင်နှင့် အခြားကဗျာများ စာမူများကလည်းကောင်း၊ သုတပဒေသာ(ဝိဇ္ဇာ)ဆုတွင် ပထမဆုကို ယဉ်ယဉ်မွန်(ရှေးဟောင်းသုတေသန)၏ မြို့တည်နန်းတည်ကေတုမတီ (တောင်ငူ)၊ ဒုတိယဆုကို မောင်မောင်ချစ်ဦး(မုံရွာ)၏ မြန်မာ့မြေပေါ်မှ ပြည်ပစစ်သင်္ချိုင်းများ၏ သမိုင်းပုံရိပ်များ၊ သုတပဒေသာ(ရိုးရိုးသိပ္ပံနှင့်အသုံးချသိပ္ပံ)ဆုတွင် ဒုတိယဆုကို မခင်ကြီးမောင်(သတ္တဗေဒ)၏ ငှက်သဘာဝ ထိန်းသိမ်းကြသာစွဋ္ဌာနေ တို့မြန်ပြည်၊ တတိယဆုကို လှဆန်း(စိုက်ပညာရှင်)၏ စပျစ်စိုက်ပျိုးထုတ်လုပ်မှု နည်းပညာနှင့် သတင်းအချက်အလက်များက လည်းကောင်း၊ စာပဒေသာဆုတွင် ပထမဆုကို နေဇင်(ပေါက်ခေါင်း)၏ မြောက်ပိုင်းဒေသ ဘဝမှတ်တမ်း၊ ဒုတိယဆုကို အောင်ဘ(အုတ်ဖို)၏ လူဆိုးပြေးတော့ လူကောင်းရောက်ပြီ၊ တတိယဆုကို မျိုးမြင့်ကြိုင်(သင်)၏ အမ်းမြို့သို့ ရက်ပေါင်း(၁၀၀)နှင့် အမြင်အတွေးများဖြင့် ခရီးသွားခြင်းစာမူများက လည်းကောင်း၊ မြန်မာ့ယဉ်ကျေးမှုနှင့် အနုပညာဆိုင်ရာစာပေဆုတွင် ပထမဆုကို စောပုလဲမယ်၏ ရွှေတိဂုံစေတီတော် ခေါင်းလောင်းတော်များ၊ ဒုတိယဆုကို တင့်ထွန်း(ချောက်)၏ သားကလေ့ယာဉ် ဖခင်လေ့မှူး၊ တတိယဆုကို ကွမ်ဆာသန်းနိုင်(ကတူး)၏ နာမည်မှည့်ခေါ်ပုံစနစ်များ စာမူများကလည်းကောင်း၊ ကလေးစာပေဆုတွင် ပထမဆုကို သက်ဦးခင်၏ မြန်မာ့ရတနာကလေးကဗျာများ၊ ဒုတိယဆုကို အင်ကြင်းမေ၏ ပန်းကလေးများပွင့်တော့မည်နှင့် ကလေးကဗျာများ၊ တတိယဆုကို ခိုင်ချစ်အောင်၏ ညီနောင်သုံးဖော်နှင့် ကလေးကဗျာများ စာမူများကလည်းကောင်း၊ လူငယ်စာပေဆုတွင် ပထမဆုကို ဆောင်းချစ်၏ ချယ်ရီလက်ဆောင်ပန်းလက်ဆောင်၊ ဒုတိယဆုကို နိုက်၏ ပေးချင်တဲ့အမွေနှင့် အခြားစာစုများ၊ တတိယဆုကို ယဉ်မင်း(ပန်းတောင်း)၏ ရွှေရန့်နှင့် အခြားလူငယ်ဝတ္ထုတိုများ စာမူများက လည်းကောင်း၊ နိုင်ငံရေးစာပေဆုတွင် တတိယဆုကို ခင်ဇ(စက်မှု)၏ သူ့ကျွန်မခံလိုကြသူများ စာမူကလည်းကောင်း၊ ပြဇာတ်စာပေဆုတွင် ပထမဆုကို သျှင်မိုးခင်(ယဉ်ကျေးမှုတက္ကသိုလ်)၏ ခိုင်ရွှေညာနှဲ့မာလာမှုန် စာမူကလည်းကောင်း၊ ဘာသာပြန်စာပေဆုတွင် သုတေသီမောင်ဟန်၏ ရာသီဥတုပြောင်းလဲမှု စာမူကလည်းကောင်း၊ အင်္ဂလိပ်စာပေဆုတွင် ပထမဆုကို Khin Maung Myint ၏ Memoirs of an Old Sailor စာမူကလည်းကောင်း ရရှိကြသည်။

စာပေဗိမာန်စာမူဆုများကို ပထမဆု ကျပ် ၁၅ သိန်း၊ ဒုတိယဆု ကျပ် ၁၀ သိန်း၊ တတိယဆု ကျပ် ခုနစ်သိန်း ချီးမြှင့်သွားမည်ဖြစ်ကြောင်း သိရသည်။

စာပေဗိမာန်စာမူဆုများကို စာပေပညာရှင်၊ အသိပညာရှင်၊ အတတ်ပညာရှင်များနှင့် ပုံနှိပ်ရေးနှင့် စာအုပ်ထုတ်ဝေရေးလောကမှ အတွေ့အကြုံရှိသူများပါဝင်သော ပုဂ္ဂိုလ် ၁၉ ဦးဖြင့် ဖွဲ့စည်းထားပြီး ၂၀၂၂ ခုနှစ် ပြိုင်ပွဲသို့ တင်သွင်းလာသော စာမူ ၂၇၇ စောင်ကို သက်ဆိုင်ရာ ဘာသာရပ်အလိုက်ခွဲခြားကာ ပဏာမအဆင့်၊ ဆန်ခါတင်အဆင့်၊ အတည်ပြုအဆင့်ဟူသော အဆင့်သုံးဆင့်ဖြင့် စနစ်တကျ စိစစ်ရွေးချယ်ခဲ့ကြကြောင်း သိရှိရသည်။

ဆုရရှိသူများသည် ရန်ကုန်မြို့ အမှတ်(၅၂၉-၅၃၁) ကုန်သည်လမ်း စာပေဗိမာန်ရှိ စာပေဗိမာန် စာမူဆုစိစစ်ရွေးချယ်ရေးအဖွဲ့ အတွင်းရေးမှူးရုံးအဖွဲ့ တယ်လီဖုန်းအမှတ် ၀၁-၃၈၇၇၂၄ နှင့် စီမံရေးရာဌာန ၀၁-၃၈၁၄၄၉ သို့ အမြန်ဆုံးဆက်သွယ်ကြရန်နှင့် (၅ x ၇)လက်မ ရောင်စုံဓာတ်ပုံ နှစ်ပုံနှင့် ပတ်စပို့အရွယ် ရောင်စုံဓာတ်ပုံ နှစ်ပုံစီကို ကိုယ်ရေးရာဇဝင် အကျဉ်းချုပ်နှင့်တကွ (ကြေညာသည့်ရက်မှ တစ်ပတ်အတွင်း) ပေးပို့ရန် နှိုးဆော်ထားကြောင်း သိရသည်။

အဆိုပါဆုများကို ၁၃၈၅ ခုနှစ် နတ်တော်လဆန်း ၁ ရက် (စာဆိုတော်နေ့)၊ ၂၀၂၃ ခုနှစ် ဒီဇင်ဘာလ ၁၃ ရက်(ဗုဒ္ဓဟူးနေ့)တွင် ကျင်းပပြုလုပ်မည့် အမျိုးသားစာပေတစ်သက်တာဆု၊ အမျိုးသားစာပေဆုများ ချီးမြှင့်ပွဲအခမ်းအနားတွင် ချီးမြှင့်သွားမည်ဖြစ်ကြောင်း သိရသည်။

၂၀၂၃ ခုနှစ်အတွက် စာမူပြိုင်ပွဲဝင်လိုသူများအနေဖြင့် စာမူများကို ၃၁-၁၂-၂၀၂၃ ရက်နေ့ နောက်ဆုံးထား၍ စာပေဗိမာန်ရုံးသို့ လာရောက်ပေးပို့ရန် နှိုးဆော်ထားကြောင်း သိရသည်။ **သတင်းစဉ်**

*** ရှေ့ဖုံးမှ**

မြန်မာနိုင်ငံတော်ဗဟိုဘဏ်၏ ကြီးကြပ်မှုဖြင့် ဘဏ်များသည် သတ်မှတ်စည်းကမ်းချက်များနှင့်အညီ ဆက်လက်ဝန်ဆောင်မှုပေးလျက်ရှိပါသည်။

ပြည်သူများအနေဖြင့် ကောလာဟလများကို ယုံကြည်ပြီး ဘဏ်များမှငွေများကို လိုသည်ထက် ပိုမိုထုတ်ယူ၍ လက်ဝယ်ထားရှိခြင်းကြောင့် အန္တရာယ်ရှိနိုင်ပြီး မိမိတို့ငွေများ ဆုံးရှုံးနိုင်သည့် အခြေအနေမျိုးဖြစ်ပေါ်နိုင်ပါသည်။ ထို့အပြင် ဘဏ်များ၏ပြင်ပတွင် ငွေသားများကို လိုသည်ထက် ပိုမိုရောက်ရှိလည်ပတ်နေခြင်းအားဖြင့် ငွေကြေးဖောင်းပွမှုကို ပိုမိုဖြစ်ပေါ်စေနိုင်ပြီး ကုန်ဈေးနှုန်းကြီးမြင့်ခြင်းကိုလည်း ဖြစ်ပေါ်လာစေနိုင်ပါသည်။ ပြည်သူများအနေဖြင့် ဘဏ်များမှငွေများကို လိုသည်ထက်ပိုမိုထုတ်ယူခြင်းသည် မည်သည့်ရည်ရွယ်ချက်ဖြင့် ထုတ်ယူသည်၊ မည်သည့်နေရာတွင်သုံးစွဲသည်စသည့် သံသယဖြစ်ဖွယ်အခြေအနေများအတွက် တာဝန်ရှိသူများ၏ စောင့်ကြည့်ခြင်းကိုလည်း ခံရနိုင်ဖွယ်ရှိပါသည်။ လက်ရှိအခြေအနေတွင် ဘဏ်များတွင် ငွေသားများ အလုံအလောက်ရှိနေပြီး ဗဟိုဘဏ်ကလည်း ဘဏ်အသီးသီးထံသို့ ငွေသားများ ပံ့ပိုးပေးရန် အသင့်ဆောင်ရွက်ထားရှိသည့်အတွက် ပြည်သူများအနေဖြင့် ငွေများကို လိုသည်ထက်ပိုမိုထုတ်ယူခြင်းမပြုဘဲ ဘဏ်လုပ်ငန်းဝန်ဆောင်မှုများကို ယုံကြည်စိတ်ချစွာဖြင့် ပုံမှန်အခြေအနေအတိုင်း ရယူသုံးစွဲကြပါရန် အသိပေး သတင်းထုတ်ပြန်အပ်ပါသည်။

မြန်မာနိုင်ငံတော်ဗဟိုဘဏ်

# ဘဏ်လုပ်ငန်းစနစ်အပေါ်တိုက်ခိုက်နေသည့် ကောလာဟလသတင်းများ၊ မန္တလေး- မူဆယ် ပြည်ထောင်စုလမ်းမကြီးပေါ်တွင် TNLA နှင့် PDF ပူးပေါင်းအကြမ်းဖက်အဖွဲ့များက ဖျက်ဆီးခဲ့သော လမ်း၊ တံတားများအား ပြန်လည်ပြင်ဆင်ပြီးစီးမှုအခြေအနေများ၊ ရှမ်းပြည်နယ်(မြောက်ပိုင်း)၊ ကယားပြည်နယ် လွိုင်ကော်၊ ရခိုင်ပြည်နယ်နှင့် ကရင်ပြည်နယ် ချောင်းနှစ်ခွတို့တွင် ထိတွေ့တိုက်ပွဲများဖြစ်ပွားမှု အခြေအနေများအား နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ သတင်းထုတ်ပြန်ရေးအဖွဲ့ခေါင်းဆောင် ဗိုလ်ချုပ်ဇော်မင်းထွန်း၏ ပြောကြားချက်

ဒီနေ့မှာတော့ ကျွန်တော့်အနေနဲ့ ဘဏ်တွေကိစ္စကို ပထမဦးဆုံး ပြောကြားလိုပါတယ်။ ကျွန်တော်တို့နိုင်ငံမှာ လတ်တလောဖြစ်နေတဲ့ အခြေအနေအပေါ်မှာ အခွင့်ကောင်းယူပြီး ပြည်တွင်းပြည်ပအဖျက်သမားတွေက နိုင်ငံတော်ရဲ့စီးပွားရေးနဲ့ လူမှုရေးကဏ္ဍတွေကိုပါ မတည်မငြိမ်ဖြစ်အောင် ပြည်ဖျက်မီဒီယာတွေနဲ့ပူးပေါင်းပြီး ကြံစည်ဆောင်ရွက်လျက်ရှိတာကို တွေ့ရပါတယ်။ စီးပွားရေးကဏ္ဍမှာဆိုရင် ပထမဦးဆုံး ဒီလထဲမှာပဲ စက်သုံးဆီကဏ္ဍကို မဟုတ်မမှန်သတင်းတွေဖြန့်ပြီး စတင်ပြီး မတည်ငြိမ်အောင် ဆောင်ရွက်ခဲ့တယ်။ ကျွန်တော်တို့အနေနဲ့ နိုင်ငံတော်မှာ ဆီလက်ကျန်ဘယ်လောက်ရှိတယ်၊ နောက်ထပ်ရောက်ရှိလာမယ့် ဆီသင်္ဘောတွေက ဘယ်လိုရှိတယ်၊ ဆီဖြန့်ဖြူးမှုဘယ်လိုရှိတယ်ဆိုတာကို စာရင်းအတိအကျနဲ့ခိုင်မာစွာ ဖြေရှင်းမှ ငြိမ်သွားတဲ့သဘောရှိတယ်။ အခုထပ်ပြီး ဘဏ်လုပ်ငန်းစနစ်တွေအပေါ် မှာ မမှန်မကန်သတင်းတွေဖြန့်ဝေပြီး တိုက်ခိုက်လာတာကိုတွေ့ရတယ်။ အဓိကတိုက်ခိုက်တာကတော့ လေးမျိုးဖြစ်ပါတယ်။ နံပါတ်(၁)က ဘဏ်တွေမှာ ငွေထုတ်ယူဖို့ အခက်အခဲဖြစ်ပေါ်နေတယ်ဆိုတဲ့အချက်၊ နံပါတ်(၂)က အကန့်အသတ်ဖြင့်သာ ငွေထုတ်ပေးနေတယ်ဆိုတဲ့အချက်၊ နံပါတ်(၃)ကတော့ ဘဏ်တွေမှာငွေမရှိတော့ဘူးဆိုတဲ့ ကောလာဟလ၊ နံပါတ်(၄)က ဘဏ်အပ်ငွေတွေကို ပြည်သူလူထုတွေ အများအပြားထုတ်ယူနေကြတယ်ဆိုတဲ့ ကောလာဟလ ဖြစ်ပါတယ်။ ဒီအချက် (၄)ချက်ကိုထုတ်ပြီး တိုက်ခိုက်ပါတယ်။ ဒီလိုမမှန်သတင်းဖြန့်ဝေပြီး ဘဏ်လုပ်ငန်းစနစ်အပေါ် တိုက်ခိုက်မှုတွေကို ၂၀၂၁ ခုနှစ်မှာလည်း ကျယ်ပြန့်စွာပြုလုပ်ခဲ့တာကို တွေ့ရပါတယ်။ အဲဒီမှာ နိုင်ငံတော်အစိုးရနဲ့ဗဟိုဘဏ်က သက်ဆိုင်ရာဘဏ်အသီးသီး၊ ပြည်သူလူထုနဲ့လက်တွဲပြီး ဥပဒေစည်းမျဉ်းစည်းကမ်းတွေနဲ့အညီ အောင်မြင်စွာဖြေရှင်းနိုင်ခဲ့ပါတယ်။ ပြည်သူလူထုရဲ့ လူမှုစီးပွားဘဝ တည်ငြိမ်တိုးတက်ရေး ဆောင်ရွက်နိုင်ခဲ့ပါတယ်။ အခုအချိန်မှာလည်း ထပ်ပြီးတိုက်ခိုက်လာတာကို ကျွန်တော်တို့တွေ့ရပါတယ်။ မြန်မာနိုင်ငံရဲ့ဘဏ်လုပ်ငန်းစနစ်က အလိုအလျောက် စီမံခန့်ခွဲနိုင်တဲ့ ဗဟိုထိန်းချုပ်တဲ့စနစ် Core Banking System ဖြစ်ပါတယ်။ ဒီစနစ်အကြောင်းကို ရှင်းပြရမယ်ဆိုရင် ပြည်သူလူထုပဲဖြစ်ဖြစ်၊ ပြည်သူလူထုတစ်ဦးချင်းစီပဲဖြစ်ဖြစ်၊ အဖွဲ့လိုက်ပဲဖြစ်ဖြစ် ဘဏ်တစ်ခုမှာ အပ်ထားပြီဆိုရင် အဲဒီဘဏ်မှာတင် သူ့ရဲ့စာရင်းကရှိတာ မဟုတ်ဘူး။ ဗဟိုဘဏ်မှာရော၊ အဲဒီဘဏ်နဲ့သက်ဆိုင်တဲ့ ဗဟိုဌာနချုပ်မှာရော သူ့ရဲ့စာရင်းကရှိပြီးဖြစ်တယ်။ ဒါကြောင့်မို့လို့ ပြည်သူလူထုအနေနဲ့ ဘာမှဆုံးရှုံးစရာအကြောင်း မရှိပါဘူး။ ပြည်သူလူထုတစ်ဦးချင်းစီအနေနဲ့ နိုင်ငံတော်အစိုးရက တရားဝင်အသိအမှတ်ပြုထားတဲ့ မည်သည့်ဘဏ်မှာမဆို အပ်ငွေအပ်နှံထားရင် နံပါတ်(၁) ပိုင်ဆိုင်မှု၊ နံပါတ်(၂) လွှဲပြောင်းမှု၊ နံပါတ်(၃) ပြန်လည်ထုတ်ယူမှုတွေကို ခိုင်မာတဲ့အာမခံချက်ရှိပြီးဖြစ်တယ်လို့ အသိပေးချင်ပါတယ်။ ကျွန်တော်တို့ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအစိုးရဟာ ဖွဲ့စည်းပုံအခြေခံဥပဒေ (၂၀၀၈ ခုနှစ်) နဲ့အညီ နိုင်ငံတော်တာဝန်ကို ထမ်းဆောင်နေတဲ့အစိုးရဖြစ်တယ်။ ဖွဲ့စည်းပုံအခြေခံဥပဒေ အခန်း(၈) နိုင်ငံသားများ၏ မူလအခွင့်အရေးနှင့် တာဝန်များ ပုဒ်မ ၃၅၆ မှာ နိုင်ငံတော်သည် နိုင်ငံသားများ၏ တရားဝင်ရရှိပိုင်ဆိုင်ထားသော ရွှေ့ပြောင်းနိုင်သောပစ္စည်း၊ မရွှေ့ပြောင်းနိုင်သောပစ္စည်းများနှင့်စပ်လျဉ်း၍ ဥပဒေအရ ကာကွယ်ပေးရမည်လို့ ပြဋ္ဌာန်းထားပြီးဖြစ်တယ်။ ဒါကြောင့် ပြည်သူတစ်ဦးချင်းနဲ့ အဖွဲ့အစည်းအသီးသီးတို့ရဲ့ ဘဏ်အပ်ငွေတွေ၊ ပိုင်ဆိုင်မှုတွေကို နိုင်ငံတော်အစိုးရက ခိုင်မာစွာအာမခံတယ်လို့ အာမခံပြောကြားလိုပါတယ်။ ပြည်သူလူထုကလည်း အစောပိုင်းကပြောတဲ့ နိုင်ငံသား၊ နိုင်ငံသားများ၏ မူလအခွင့်အရေးနဲ့တာဝန်အခန်းမှာပါတဲ့ ပုဒ်မ ၃၈၈ မှာ ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်ကြီးပေါ်ထွန်းစေရေးသည် နိုင်ငံသားတိုင်း၏တာဝန်ဖြစ်သည်ဆိုတဲ့ ပြဋ္ဌာန်းချက်နဲ့အညီ ဝိုင်းဝန်းကူညီဆောင်ရွက်ကြဖို့လိုပါတယ်။ ပြည်သူလူထုရဲ့ လူမှုစီးပွားဘဝ တည်ငြိမ်မှု ပျက်ယွင်းစေဖို့အတွက် ဘဏ်လုပ်ငန်းစနစ်အပေါ်မှာ မမှန်သတင်းထုတ်လွှင့်ရတဲ့ ရည်ရွယ်ချက်အနေနဲ့ ဘာတွေရှိလဲလို့ ပြောရမယ်ဆိုရင် ဘဏ်လုပ်ငန်းတွေအပေါ်မှာ ယုံကြည်မှုတွေလျော့လာပြီး မလိုအပ်ဘဲ ငွေတွေထုတ်ယူကြမယ်ဆိုရင် အဲဒီငွေတွေကြောင့် ငွေကြေးဖောင်းပွမှုတွေ ဖြစ်ပေါ်လာမယ်၊ ငွေကြေးဖောင်းပွမှုတွေဖြစ်ပေါ်လာရင် ကုန်ဈေးနှုန်းကြီးမြင့်ခြင်းတွေ ဖြစ်ပေါ်လာဖို့ အတွက် ရည်ရွယ်ပြီးတိုက်ခိုက်တာဖြစ်တယ်။ ဒါကြောင့် ဘဏ်တွေနဲ့ပတ်သက်တဲ့ ပြည်တွင်းပြည်ပအဖျက်သမားတွေနဲ့ ပြည်ဖျက်မီဒီယာတွေက မမှန်သတင်းထုတ်လွှင့်မှုကို ပြည်သူလူထုအနေနဲ့ မယုံကြည်ကြဖို့ ပြောလိုပါတယ်။ နိုင်ငံတော်ရဲ့ လူမှုစီးပွားဘဝ တည်ငြိမ်ရေးအတွက် အစိုးရ၊ သက်ဆိုင်ရာဌာနတွေနဲ့ ပူးပေါင်းပါဝင်ဆောင်ရွက်သွားကြဖို့ မေတ္တာရပ်ခံအသိပေးလိုပါတယ်။




ဒုတိယအချက်အနေနဲ့ မန္တလေး-မူဆယ် ပြည်ထောင်စုလမ်းမကြီးပေါ်မှာ ဒီနေ့မှာ ကျွန်တော်တို့အနေနဲ့ TNLA နဲ့ PDF ပူးပေါင်းအကြမ်းဖက်အဖွဲ့တွေအနေနဲ့ နောင်ချိုမြို့မရောက်ခင်မှာ (၃)နေရာ လမ်းမကြီးပေါ်မှာ တံတားငယ်တွေကို ဖျက်ဆီးသွားတာ၊ မြေဖျက်ကျင်းတွေတူးပြီး လမ်းကိုဖျက်ဆီးသွားတာရှိတယ်။ နောင်ချိုနဲ့ကျောက်မဲကြားမှာ (၉)နေရာ အဲဒီလိုပဲ တံတားငယ်တွေကိုချိုးသွားတာ၊ မြေဖျက်ကျင်းတွေတူးပြီး လမ်းကိုဖျက်ဆီးသွားတာရှိတယ်။ အဲဒီ (၁၂)နေရာစလုံးကို ကျွန်တော်တို့အနေနဲ့ ဒီနေ့မှာအားလုံးပြင်ဆင်ပြီးဖြစ်ပါတယ်။ နောက်ထပ်တိုးချဲ့ပြီး ပြင်ဆင်သွားမှာဖြစ်ပါတယ်။ ဒီလမ်းမကြီးနဲ့ပတ်သက်ရင် ပြည်သူလူထုနဲ့ နိုင်ငံတော်အတွက် အရေးကြီးတဲ့လမ်းမကြီးဖြစ်တဲ့အတွက် ပြည်သူလူထုရဲ့ အဓိကကုန်စည်ကူးသန်းရောင်းဝယ်တဲ့လမ်းမကြီးဖြစ်တဲ့အတွက် အမြန်ဆုံးလုံခြုံမှုရှိစေရေးအတွက် ဆက်လက်ဆောင်ရွက်သွားမှာဖြစ်တယ်လို့ ပြောကြားလိုပါတယ်။

တိုက်ပွဲဖြစ်စဉ်တွေအနေနဲ့ကတော့ ဒီနေ့မှာ အရှေ့မြောက်တိုင်းစစ်ဌာနချုပ်နယ်မြေဖြစ်တဲ့ ရှမ်းပြည်နယ်(အရှေ့မြောက်ပိုင်း)ဒေသနမ့်ခမ်းမှာ စခန်းငယ်တစ်ခုကို တိုက်ခိုက်ခံရတာရှိတယ်။ နောက်ပြီး အဲဒီစခန်းငယ်ကို ကျွန်တော်တို့ပြန်လည်သိမ်းပိုက်နိုင်ခဲ့တာရှိတယ်။ နောက်တစ်ခုကတော့ နမ့်ဖက်ကာမှာ MNDAA၊ TNLA အကြမ်းဖက်အဖွဲ့အနေနဲ့ ရပ်ကွက်ထဲကို စိန်ပြောင်းဗုံးသီးနဲ့ ပစ်ခတ်ခဲ့တာရှိတယ်။ ပြည်သူလူထု ထိခိုက်ဒဏ်ရာရမှုအချို့ရှိတယ်လို့ ကျွန်တော်တို့သိရပါတယ်။ လွိုင်ကော်မှာတော့ ထိတွေ့တိုက်ပွဲများ ဖြစ်ပွားလျက်ရှိပါတယ်။ သောင်းကျန်းသူတွေအနေနဲ့ နေရာတိုင်းမှာအကျအဆုံးများစွာရှိတယ်လို့ သိရပါတယ်။ အနောက်ပိုင်းတိုင်းစစ်ဌာနချုပ်နယ်မြေ ထရွန်အိုင်ဘက်မှာတော့ စခန်းကိုလာရောက်ပစ်ခတ်တာ ရှိပါတယ်။ ကထိလဘက်မှာလည်း ရဲကင်းစခန်းကို လာရောက်ပစ်ခတ်တဲ့ ထိတွေ့မှုရှိပါတယ်။ ကရင်ပြည်နယ်ဘက်မှာတော့ ချောင်းနှစ်ခွမှာ ရဲကင်းစခန်းပေါ့ တပ်မတော်နဲ့မြန်မာနိုင်ငံရဲတပ်ဖွဲ့ပူးပေါင်းပြီး လုံခြုံရေးဆောင်ရွက်နေတဲ့နေရာကို တိုက်ခိုက်နေတာ သုံးရက်နီးပါးရှိပြီဖြစ်ပါတယ်။ ဒီနေ့အထိ တိုက်ခိုက်လာတဲ့ ရန်သူတွေကို ကောင်းမွန်စွာခုခံလျက်ရှိပါတယ်။ ဒီအတွက် ချောင်းနှစ်ခွလုံခြုံရေး စခန်းမှာရှိတဲ့ စစ်သည်တွေနဲ့ လုံခြုံရေးတပ်ဖွဲ့ဝင် မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များအားလုံးရဲ့ ကြံ့ကြံ့ခံပြီး ရန်သူကိုခုခံနိုင်မှုအပေါ် အသိအမှတ်ပြုကြောင်းလည်း ပြောကြားလိုပါတယ်။ တစ်နိုင်ငံလုံးအနေနဲ့ကတော့ ဒီနေ့ဖြစ်ခဲ့တဲ့ ထိတွေ့တိုက်ပွဲတိုင်းမှာ တပ်မတော်အနေနဲ့ ရန်သူကို ကောင်းမွန်စွာပြန်လည်ချေမှုန်းနိုင်ခဲ့ကြောင်း အသိပေးပြောကြားလိုပါတယ်။ အားလုံးကို ကျေးဇူးတင်ပါတယ်။ ။

## မင်းဘူး(စကု)မြို့နယ်၌ စပါးရိတ်သိမ်းခြွေလှေ့စက် တောင်သူလက်ဝယ်သို့ ပေးအပ်

မင်းဘူး နိုဝင်ဘာ ၁၈

မကွေးတိုင်းဒေသကြီး မင်းဘူး(စကု)မြို့နယ်၌ နိုင်ငံ့စီးပွားမြှင့်တင်ရေး ရန်ပုံငွေဖြင့် ဝယ်ယူသော စပါးရိတ်သိမ်းခြွေလှေ့စက်အား တောင်သူလက်ဝယ်သို့ ပေးအပ်ပွဲအခမ်းအနားကို နိုဝင်ဘာ ၁၇ ရက် နံနက်ပိုင်းက စက်မှုလယ်ယာဦးစီးဌာန မင်းဘူးမြို့ အမှတ်(၈)စက်မှုလယ်ယာစခန်း၌ ကျင်းပသည်။



ထိုသို့ ပေးအပ်ရာတွင် မကွေးတိုင်းဒေသကြီး စက်မှုလယ်ယာဦးစီးဌာန တိုင်းဒေသကြီးဦးစီးမှူး ညွှန်ကြားရေးမှူး ဦးအောင်မွန်က လယ်ယာသုံးစက်ကိရိယာများ ဝယ်ယူပေးရခြင်းနှင့်ပတ်သက်၍ ရှင်းလင်းပြောကြားပြီး မင်းဘူးခရိုင် စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးထွန်းထွန်းက စာချုပ်စာတမ်း အထောက်အထားများနှင့် စပါးရိတ်သိမ်းခြွေလှေ့စက်အား ပင်လယ်သက် ကျေးရွာမှ တောင်သူ ဦးသိန်းထွန်းဦးထံ လွှဲပြောင်းပေးအပ်ခဲ့သည်။

အဆိုပါ စပါးရိတ်သိမ်းခြွေလှေ့စက်ကို မြို့နယ်စက်မှုလယ်ယာဦးစီးဌာနက ၂၀၂၂-၂၀၂၃ ဘဏ္ဍာနှစ်တွင် နိုင်ငံ့စီးပွားမြှင့်တင်ရေးရန်ပုံငွေမှ ချေးငွေဖြင့် တန်ဖိုးငွေကျပ် ၈၅ ဒသမ ၃၇၅ သန်းကို လက်ငင်းစနစ်ဖြင့် ဝယ်ယူခဲ့ကြောင်း၊ နိုင်ငံ့စီးပွားမြှင့်တင်ရေးရန်ပုံငွေမှ ချေးငွေကျပ် ၅၆ သန်းဖြင့် ပေါင်းစပ်၍ ဝယ်ယူပေးခဲ့ကြောင်းနှင့် ၎င်းချေးငွေအားကျပ် ၁၀၀ လျှင် ပြား ၇၀ နှုန်း သက်သာသောအတိုးနှုန်းထားဖြင့် ခြောက်လတစ်ကြိမ် သတ်မှတ်ထားသည့် အတိုးနှင့်အရင်းအား အရစ်ကျ ပြန်လည်ပေးဆပ်ရမည်ဖြစ်ကာ ချေးငွေကာလကို သုံးနှစ်သတ်မှတ်ပေးထားကြောင်း သိရသည်။

အလားတူ မင်းဘူးခရိုင်အတွင်း၌ ၂၀၂၂-၂၀၂၃ ဘဏ္ဍာနှစ်တွင် နိုင်ငံ့စီးပွားမြှင့်တင်ရေးရန်ပုံငွေမှ ချေးငွေဖြင့် လယ်ယာသုံးစက်ကိရိယာများဝယ်ယူရန် ဒေသခံတောင်သူနှင့် လုပ်ငန်းရှင်ငါးဦးအား ထုတ်ချေးပေးထားပြီးဖြစ်ကြောင်း သိရသည်။ **မောင်မောင်(မင်းဘူး)**

## မြစ်သားမြို့၌ ပန်းလောင်မြစ်အတွင်း ငါးကောင်ရေ သုံးသိန်းတစ်သောင်း မျိုးစိုက်ထည့်

မြစ်သား နိုဝင်ဘာ ၁၈

မန္တလေးတိုင်းဒေသကြီး ငါးလုပ်ငန်းဦးစီးဌာနမှ ကြီးမှူး၍ သဘာဝမြစ်ချောင်းအတွင်း ငါးသယံဇာတများ ရေရှည်တည်တံ့စေရေး၊ ဒေသခံပြည်သူများ ငါးရိက္ခာကို ပိုမိုရရှိစေရေးနှင့် အလုပ်အကိုင်အခွင့်အလမ်းများရရှိစေရေးတို့အတွက် ကျောက်ဆည်ခရိုင် မြစ်သားမြို့၌ ပန်းလောင်မြစ်အတွင်းသို့ ငါးမျိုးစိုက်ထည့်ခြင်းအခမ်းအနားကို နိုဝင်ဘာ ၁၅ ရက် နံနက် ၉ နာရီက မောင်းကွေးကျေးရွာ ပန်းလောင်မြစ်အနီး၌ ကျင်းပခဲ့သည်။

အဆိုပါအခမ်းအနားသို့ ကျောက်ဆည်ခရိုင်ငါးလုပ်ငန်းဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူး ဒေါ်ခိုင်ခိုင်ဝင်း၊ မြစ်သားမြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးအေးခိုင်နှင့် မြို့နယ်အဆင့်ဌာနဆိုင်ရာဝန်ထမ်းများ၊ ကူမဲငါးလုပ်ငန်းစခန်းတာဝန်ခံ ဦးစောအောင်ကိုလတ်နှင့်ဝန်ထမ်းများက ငါးမြစ်ချင်းကောင်ရေ တစ်သိန်းငါးသောင်း၊ ငါးခုံးမကြီးကောင်ရေ တစ်သိန်းခြောက်သောင်း စုစုပေါင်း ငါးကောင်ရေ သုံးသိန်းတစ်သောင်းကို ပန်းလောင်မြစ်အတွင်း ငါးမျိုးစိုက်ထည့်ခဲ့ကြောင်း သိရသည်။ **သတင်းစဉ်**

# အနာဂတ်အတွက် အရင်းအနှီးကောင်းများဖြစ်သည့် လူငယ်ကဏ္ဍမြှင့်တင်စို့

မေယု-မျိုးအောင် (MANA)

**လူငယ်ဟူသည် အနာဂတ်အတွက် အရင်းအနှီး ကောင်းများဖြစ်သည်။ ယနေ့ကာလတွင် လူငယ်များ ကို အကောင်းဆုံး ပြုစုပျိုးထောင်ပေးလျက်ရှိသည်။ ရုပ်ရည်လှပခြင်းထက် ကိုယ်ကျင့်တရား ကောင်းမွန်ခြင်းဟူသော စိတ်အလှကို မွေးမြူထားရမည်ဖြစ်သည်။ နိုင်ငံတော်၏ အနာဂတ်တိုးတက်ခြင်း ဆုတ်ယုတ်ခြင်းတို့သည် လူငယ်တို့၏ အရည်အချင်းပေါ်တွင် မူတည်သည်။ ပညာတတ်သော်လည်း ကိုယ်ကျင့်တရားချို့ယွင်းသူ၊ ကိုယ်ကျင့်တရားကောင်းမွန်သော်လည်း ပညာရေးတွင် ချို့တဲ့သူမဖြစ်အောင် နိုင်ငံတော်အစိုးရအနေဖြင့် ဘက်စုံပညာရေးကို ကျင့်သုံးလျက်ရှိသည်။**

လူငယ်တို့၏ ဘဝအစသည် ကျောင်းစာသင်ခန်းများဖြစ်သည်။ စာသင်ခန်းများက (ဆရာ ဆရာမများက) လူငယ်တို့၏ နှလုံးသားကို ပြုပြင်နိုင်ကြသည်။ လူကောင်းလူတော်ဖြစ်အောင် သင်ကြားပြသ ဆုံးမနိုင်ကြသည်။ လူငယ်တို့၏ အနာဂတ်သည် ဆရာ ဆရာမတို့လက်ဝယ်တွင်ရှိရာ ဆရာကောင်းတပည့် ပန်းကောင်းပန်ဖြစ်အောင် သင်ပြပေးကြရမည်ဖြစ်သည်။ မိဘများမှာလည်း ဆရာများကဲ့သို့ မိမိ၏သားသမီးကို ပြောဆိုဆုံးမရမည်ဖြစ်သည်။ မိမိသားသမီး လမ်းမှားမရောက်အောင်၊ တွေးခေါ်စဉ်းစားဆင်ခြင်တတ်အောင်၊ အမှား/အမှန် ချင့်ချိန်တတ်အောင် သင်ကြားပြသရမည်ဖြစ်သည်။

**လူငယ်ကဏ္ဍကို မြှင့်တင်ဆောင်ရွက်**

နိုင်ငံတော် စီမံအုပ်ချုပ်ရေးကောင်စီသည် တစ်နိုင်ငံလုံး အသိပညာ၊ အတတ်ပညာမြင့်မား တိုးတက်စေရေး၊ ကုန်ထုတ်လုပ်မှု အထောက်အကူပြု ပညာရှင်များ ထွန်းကားလာစေရေးအတွက် လူတိုင်းလက်လှမ်းမီသည့် ဘက်စုံပညာရေးစနစ်ကို အကောင်အထည်ဖော်လျက်ရှိသည်။ နိုင်ငံ၏ ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစဉ်များ၌ လူငယ်များအနေဖြင့် အဓိကစွမ်းအားစုအဖြစ် ပါဝင်နိုင်ရေး ကာလဗလ၊ ဉာဏဗလ၊ စာရိတ္တဗလ၊ မိတ္တဗလနှင့် ဘောဂဗလ ဟူသည့် ဗလငါးတန်နှင့်ပြည့်စုံသော လူငယ်များဖြစ်စေရန် လူငယ်ကဏ္ဍကို မြှင့်တင်ဆောင်ရွက်ပေးလျက်ရှိသည်။ ကျောင်းများတွင် ဒီမိုကရေစီနှင့် ပတ်သက်သည့် အသိတရားများရှိအောင် သင်ကြားပေးခြင်းဖြင့် လူ့အချင်းချင်း တစ်ဦးနှင့်တစ်ဦး စုရုံးပေါင်းသင်းဆက်ဆံရာတွင် သိသင့်သိထိုက်သည့် အကြောင်း၊ ပြုသင့်ပြုထိုက်သည့် တာဝန်ဝတ္တရားများကို လေ့လာသင်ကြားလိုက်နာခြင်းဖြင့် လူငယ်တစ်ဦးချင်း၏ ဘဝ၊ လူ့လောကအဆင့်အတန်း တိုးတက်မြင့်မားလာစေမည်ဖြစ်သည်။ ယနေ့ လူငယ်များအား ပြည်သူ့ပြည်သားကောင်းတို့၏ ဝတ္တရားဖြစ်သော ဒီမိုကရေစီအသိတရားလေ့ကျင့်သင်ကြားတတ်မြောက်ကြမှသာ ပြည်ထောင်စုမြန်မာနိုင်ငံတော်၏ သားကောင်း သမီးကောင်းများ ဖြစ်လာပေလိမ့်မည်ဖြစ်သည်။

လူငယ်တိုင်း ဆောင်ရွက်ရန်ဖြစ်သော တိုင်းပြည်ဖွံ့ဖြိုးတိုးတက်ရေး၊ ကျန်းမာရေး၊ ယဉ်ကျေးမှုထိန်းသိမ်းရေး၊ ပေါင်းသင်းဆက်ဆံရေး၊ လူမှုရေးတို့ကို နိုင်ငံ့သားကောင်းအဖြစ် နိုင်ငံတော်အတွက် တာဝန်ကျေပွန်အောင် ဆောင်ရွက်ကြရမည်ဖြစ်သည်။ အကျင့်စာရိတ္တကောင်းခြင်းနှင့် အမူအရာယဉ်ကျေးခြင်းသည် မတူညီနိုင်ပေ။ အချို့သောလူငယ်တို့မှာ ခေတ်ပညာတတ်၍ အကျင့်စာရိတ္တကောင်းကြပါလျက် အမူအရာ၊ အပြောအဆိုယဉ်ကျေးမှုမရှိခြင်းကြောင့် အကျိုးရှိသင့်သလောက်မရှိဘဲ တစ်ခါတစ်ရံ အကျိုးယုတ်ခြင်းနှင့်ပင် တွေ့ကြုံရတတ်သည်။ ပညာအရည်အချင်းတူပါလျက် ယဉ်ကျေးစွာ ဆက်ဆံတတ်သူက ယဉ်ကျေးမှုမရှိသူထက် အဆင့်အတန်းများစွာ သာလွန်ကာ အကျိုးခံစားနေရသည်ကို များစွာ တွေ့မြင်နိုင်သည်။ ယဉ်ကျေးခြင်းအမူအရာသည် မွေးကတည်းက ပါလာကြသည်မျိုးမဟုတ်။ သင်ကြားပြသအတုယူခြင်းဖြင့် ပြုပြင်၍ရကောင်းသည့်အရာဖြစ်သည်။ ဒီမိုကရေစီနှင့်ပတ်သက်သည့် အသိများကိုလည်း ငယ်စဉ်ကျောင်းသား ကျောင်းသူဘဝကတည်းက စတင်သင်ကြားပေးမည်ဆိုပါက လူငယ်တို့၏ အနာဂတ်၊ တိုင်းပြည်အနာဂတ် လှပနေမည်ဖြစ်သည်။

**ပညာရေးခရီးကို ရွေးချယ်နိုင်သည့် အခွင့်အလမ်းများ**

လူငယ်များအနေဖြင့် ပညာရေးကဏ္ဍတွင် အတန်းပညာကို ပြီးဆုံးအောင် မဖြစ်မနေသင်ယူကြရမည်ဖြစ်သည်။ ယခင်က မိသားစုများဆင်းရဲ၍ သားသမီးများ ကျောင်းထားရန် အခက်အခဲရှိခဲ့သည်။ ယခု ပညာရေးစနစ်မှာ အခမဲ့ပညာရေးစနစ်ဖြစ်သည့်အတွက် ကျောင်းနေအရွယ်ကလေးတိုင်း ကျောင်းတက်ကြရမည်ဖြစ်သည်။ ပညာတတ်သူပေါ်များလာမှ ဆင်းရဲမှုလည်း လျော့နည်းမည်ဖြစ်သည်။ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ လက်ထက်တွင် အခြေခံပညာအလယ်တန်းပြီးဆုံးပါက မိမိတို့နှစ်သက်ရာ ပညာရေးခရီးကို ရွေးချယ်နိုင်သည့် အခွင့်အလမ်းများအဖြစ် ခရိုင် ၅၀ ရှိ အခြေခံပညာ အထက်တန်းကျောင်းများတွင် စိုက်ပျိုးရေး၊ မွေးမြူရေး၊ စက်မှုပညာများ သင်ယူနိုင်သည့် အထက်တန်းကျောင်း ၅၁ ကျောင်းကို ဖွင့်လှစ်သင်ကြားပေးလျက်ရှိသည်။ မိမိတို့နှစ်သက်ရာ စိုက်ပျိုးရေးပညာ၊ မွေးမြူရေးပညာ၊ စက်မှုအတတ်ပညာများကို သင်ကြားတတ်မြောက်အောင်သင်ယူပြီး မိမိတို့ဒေသရှိ စိုက်ပျိုး၊ မွေးမြူ၊ စက်မှုလုပ်ငန်းများတွင် ပါဝင်ဆောင်ရွက်နိုင်ပြီဖြစ်သည်။ လူငယ်မောင်မယ်တိုင်း နိုင်ငံတော်က လမ်းခင်းပေးထားသော ပညာရေးအခွင့်အလမ်းများပေါ်တွင် လျှောက်လှမ်းရင်း မိမိကိုယ်တိုင်ကြီးပွားတိုးတက်ရေးကို ကြိုးပမ်းကြရမည်ဖြစ်သည်။ မိမိကိုယ်ပိုင်အရည်အချင်းရှိသူတစ်ဦးဖြစ်မှသာ မိမိဒေသ၊ မိမိတို့နိုင်ငံကို ခေတ်မီဖွံ့ဖြိုးတိုးတက်သောနိုင်ငံအဖြစ် တည်ဆောက်နိုင်ကြမည်ဖြစ်သည်။

ဉာဏ်ရည်၊ နှလုံးရည် တွေးခေါ်မြော်မြင်ဆင်ခြင်နိုင်မှုစွမ်းအားများသည် ပညာကို အခြေခံဖြစ်ထွန်းနိုင်သည်။ ပညာသည် လူသားတိုးတက်ရေး၌ အခြေခံအကျဆုံးအချက်ဖြစ်ပြီး ပညာတတ်မှသာ ကောင်းမွန်မြင့်မားသော အရည်အချင်းများဖြင့် အရာရာတွင် ဖန်တီးတည်ဆောက်နိုင်သည်။ ပညာမှ ထုတ်နုတ်ပေးသော တွေးခေါ်ဆင်ခြင်မှုများမှလည်း စည်းလုံးညီညွတ်မှုနှင့် ဇွဲ၊ လုံ့လ၊ ဝီရိယရှိမှုများကို မွေးဖွားပေးနိုင်သည်။

> **"ဉာဏ်ရည်၊ နှလုံးရည် တွေးခေါ်မြော်မြင် ဆင်ခြင်နိုင်မှုစွမ်းအားများသည် ပညာကို အခြေခံဖြစ်ထွန်းနိုင်သည်။ ပညာသည် လူသားတိုးတက်ရေး၌ အခြေခံအကျဆုံးအချက်ဖြစ်ပြီး ပညာတတ်မှသာ ကောင်းမွန်မြင့်မားသောအရည်အချင်းများဖြင့် အရာရာတွင် ဖန်တီးတည်ဆောက်နိုင်သည်။ ပညာမှထုတ်နုတ်ပေးသော တွေးခေါ်ဆင်ခြင်မှုများမှလည်း စည်းလုံးညီညွတ်မှုနှင့် ဇွဲ၊ လုံ့လ၊ ဝီရိယရှိမှုများကို မွေးဖွားပေးနိုင်"**

မြန်မာနိုင်ငံသည် တိုင်းရင်းသားလူမျိုးများစွာဖြင့် မတူကွဲပြားမှုများကြားတွင် အေးချမ်းစွာ အတူယှဉ်တွဲနေထိုင်သောနိုင်ငံဖြစ်သည်။ မတူကွဲပြားမှုများအကြား မယုံကြည်မှုများ၊ သံသယများကြောင့် အခက်အခဲများဖြင့် ရုန်းကန်ရင်ဆိုင်နေရဆဲဖြစ်သည်ကို အားလုံးအသိပင်ဖြစ်သည်။ ယုံမှားသံသယများ ကင်းရှင်းပြီး တိုင်းရင်းသားညီအစ်ကိုမောင်နှမများ အချင်းချင်းကြားတွင် ယုံကြည်မှု၊ နားလည်မှုများ တည်ဆောက်နိုင်မှသာ ဖော်ဆောင်နေသော ဒီမိုကရေစီနိုင်ငံ၊ မျှော်မှန်းထားသော ဖက်ဒရယ်ပြည်ထောင်စု ပေါ်ပေါက်လာမည်ဖြစ်သည်။ နိုင်ငံကို ပြုပြင်ပြောင်းလဲတည်ဆောက်နေသောကာလတွင် ယင်းအချက်သည် လွန်စွာအရေးကြီးသဖြင့် ပညာပြည့်ဝပြီး အမြင်ကျယ်ကာ သဘောထားကြီးသည့် လူ့အသိုင်းအဝိုင်းဖြစ်ပေါ်လာအောင် ပညာရေးကဏ္ဍ တွင် ဦးစားပေးရင်းနှီးမြှုပ်နှံနေခြင်းဖြစ်သည်။ ယင်းတွင် အဆင့်မြင့်ပညာကဏ္ဍသည် အရေးပါပြီး ပညာဆည်းပူးနေကြသော လူငယ်လူရွယ်များ အရည်အသွေးမြင့်မား၍ အမြော်အမြင်ရှိပြီး ဆင်ခြင်တုံတရားပြည့်ဝသည့် လူသားကောင်းများဖြစ်လာရန် ကြိုးပမ်းလျက်ရှိသည်။

**လူ့စွမ်းအားအရင်းအမြစ်များ ပေါ်ထွန်းလာအောင် ပြုစုပျိုးထောင်**

ရန်ကုန်တက္ကသိုလ်ကြီးနှင့်တကွ မြန်မာပြည်ရှိ အဆင့်မြင့်ပညာဌာနအားလုံး နိုင်ငံတကာ အဆင့်မီ အရည်အသွေးမြင့်မားအောင် ကြိုးပမ်းမြှင့်တင်ခြင်းဖြင့် ငြိမ်းချမ်းသာယာပြီး ခေတ်မီဖွံ့ဖြိုးတိုးတက်သည့် ဒီမိုကရေစီဖက်ဒရယ်ပြည်ထောင်စုကြီး တည်ထောင်ရာတွင် အထူးလိုအပ်နေသော နိုင်ငံတော်ကို ကောင်းကျိုးပြုမည့် အရည်အသွေး မြင့်မားသည့် လူ့စွမ်းအားအရင်းအမြစ်များ ပေါ်ထွန်းလာအောင် ပြုစုပျိုးထောင်ပေးနိုင်မည်ဖြစ်သည်။ မျက်မှောက်ကာလတွင် အနာဂတ်နိုင်ငံတော်ကို အကောင်းဆုံးပုံဖော်ထုဆစ်နိုင်ရန် အတွက် အခြေခံကျသည့် ပညာရေးကဏ္ဍကို အားပေးမြှင့်တင်လျက်ရှိသည်။ ကလေးသူငယ် လူငယ်လူရွယ်တိုင်း ပညာကို ဆုံးခန်းတိုင်အောင် သင်ကြားနိုင်ရေး၊ ပညာကို ဆုံးခန်းတိုင်အောင် သင်ကြားမည့် အခြေအနေမရှိသည့် လူငယ်လူရွယ်များအား အသက်မွေးဝမ်းကျောင်းပညာများ သင်ကြားနိုင်ရေးကို ဦးစားပေးဆောင်ရွက်လျက်ရှိသည်။ ကျောင်းသား ကျောင်းသူများ အတန်းပညာကို တတ်မြောက်ပြီးဆုံးရေးသာမက အစဉ်အဆက်ကိုင်စွဲခဲ့သည့် ပညာရေးဆောင်ပုဒ်ဖြစ်သည့် စိတ်ဓာတ်၊ စည်းကမ်း၊ ပညာဟူသော ဥသုံးခုကို လက်တွေ့အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိသည်။ ဥသုံးခုကို ဦးတည်ရှေးရှုသည့် ဗလငါးတန်ဖွံ့ဖြိုးသည့် ကျောင်းသားကျောင်းသူ၊ လူငယ်လူရွယ်များဖြစ်လာအောင် အဘက်ဘက်က အားပေးမြှင့်တင် မြေတောင်မြှောက်ပေးနေသည်ကို မြင်တွေ့ရမည်ဖြစ်သည်။

လူငယ်လူရွယ်များသည် ငယ်စဉ်အခါ ပညာရှာရာတွင် တစ်နှစ်တစ်တန်းအောင်ပြီး အတန်းပညာကို ပြီးဆုံးအောင်သင်ကြားရေးသာမက လူငယ်တစ်ဦးချင်းစီ၏ ပင်ကိုအရည်အသွေးများ၊ ကိုယ်ပိုင်အရည်အသွေး အရည်အချင်းများ ပြည့်ဝလာအောင် ဆောင်ရွက်ပေးရန်လိုသည်။ ပညာပြည့်ဝရုံသာမက ကျန်းမာသန်စွမ်းရန်၊ အကျင့်စာရိတ္တကောင်းမွန်ရန်၊ မိတ်ကောင်းဆွေကောင်းများနှင့် ပေါင်းသင်းဆက်ဆံတတ်ရန်၊ စီးပွားဥစ္စာတို့ကို ရှာဖွေစုဆောင်းတတ်ရန်၊ တီထွင်ဖန်တီးနိုင်သည့်အစွမ်းအစများရှိရန်စသည့် အရည်အချင်းများနှင့်ပြည့်စုံမှသာ ပိုမိုကောင်းမွန်သော လူမှုဘဝနှင့် ထွန်းတောက်သည့် အနာဂတ်နိုင်ငံတော်ကြီး ပေါ်ထွန်းလာမည်ဖြစ်သည်။ ကျောင်းသား ကျောင်းသူ၊ လူငယ်လူရွယ်များသည် တောက်ပသည့် ကြယ်ပွင့်လေးများဖြစ်သည်။ နိုင်ငံ့အနာဂတ်တာဝန်များကို လက်ဆင့်ကမ်း ပခုံးပြောင်း တာဝန်ယူကြမည့်သူများဖြစ်သည်။ ထွန်းတောက်သည့် နိုင်ငံတော်ကြီး ထည်ထည်ဝါဝါပေါ်ထွန်းလာစေရန်နှင့် အေးချမ်းသာယာပြောသည့် လူ့ဘောင်လောကသစ်ကို တည်ဆောက်နိုင်ရန်အတွက် ဘက်စုံဖွံ့ဖြိုးတိုးတက်သည့် လူငယ်လူရွယ်များဖြစ်လာအောင် စဉ်ဆက်မပြတ် ဆက်လက်ဝိုင်းဝန်း မြှင့်တင်အားပေးနေရမည်ဖြစ်သည်။

**စိတ်နှလုံးစောင့်ထိန်းခြင်း**

စိတ်နှလုံးစောင့်ထိန်းခြင်းသည် ကိုယ်ကျင့်တရားကောင်းမွန်ရေးအတွက် အဓိကလက္ခဏာတစ်ရပ်ဖြစ်သည်။ စိတ်သည် မကောင်းမှုတွင် မွေ့လျော်သည့်သဘောရှိသည့်အတွက် စိတ်ကို ထိန်းနိုင်ရန် လိုအပ်သည်။ အချို့သောလူငယ်များမှာ ငယ်ငယ်ရွယ်ရွယ်နှင့် အရက်၊ ကွမ်းယာ၊ ဆေးလိပ်မှသည် မူးယစ်ဆေးဝါးအထိ သုံးစွဲမှုပြုလာသောအခါ ပတ်ဝန်းကျင်အတွက် ကောင်းကျိုးမပြုသည့် လူဆိုးအဖြစ် အများဖယ်ကြဉ်ခြင်းခံရပေမည်။ ယင်းအပြင် ရောဂါဆိုးများဝင်ရောက်လာကာ လူ့ဘဝတွင် သက်တမ်းစေ့မနေရဘဲ စောစီးစွာ ကျောခိုင်းထွက်ခွာသွားကြရမည်။ မိဘများအတွက် ယူကျုံးမရဖြစ်ရသလို နိုင်ငံတော်အတွက်လည်း လူသားအရင်းအမြစ် ဆုံးရှုံးခြင်းဖြစ်သည်။ "ဟုတ်သောအကြံ၊ မှန်သောအကျင့်၊ သင့်သောအယူ၊ ဖြူသောနှလုံး၊ သူတော်ထုံးကို၊ စွဲသုံးသောထွေ၊ မှန်ရစေ" ဟူသော ရှင်မဟာရဋ္ဌသာရ၏ ဆုံးမစာသကဲ့သို့ ကိုယ်အမူအရာ၊ စိတ်ထားတို့အပြင် အတွေးအခေါ်အကြံအစည်တို့မှန်ကန်ရမည်ဖြစ်ပေသည်။ အနှစ်ချုပ်ဆိုရသော် ကိုယ်ကျင့်တရားကောင်းမွန်သည့် လူငယ်များဖြစ်မှသာ အနာဂတ်နိုင်ငံတော်အတွက် အားကိုးအားထားရမည့် လူငယ်များ ပေါ်ထွန်းလာမည်ဖြစ်ကြောင်း ရေးသားလိုက်ရပါသည်။ ။

# နိုင်ငံတော်ကာကွယ်ရေးနှင့် လုံခြုံရေးတာဝန်များကို စွမ်းစွမ်းတမံ ထမ်းဆောင်လျက်ရှိသော လုံခြုံရေးတပ်ဖွဲ့ဝင်များအတွက် စေတနာရှင်အလှူရှင် ပြည်သူများက ထောပတ်ထမင်းဘူးများ ဆက်လက်ပေးအပ်လှူဒါန်း

**နေပြည်တော် နိုဝင်ဘာ ၁၈**

နိုင်ငံတော် ကာကွယ်ရေးနှင့် လုံခြုံရေးတာဝန်များကို စွမ်းစွမ်းတမံ ထမ်းဆောင်လျက်ရှိသော လုံခြုံရေးတပ်ဖွဲ့ဝင်များအတွက် စေတနာရှင်အလှူရှင် ပြည်သူများက အလှူငွေများ ပေးအပ်လှူဒါန်းလျက်ရှိသည့်အပြင် စားသောက်ဖွယ်ရာများကိုလည်း ပေးပို့လှူဒါန်းလျက်ရှိသည်။



ထိုသို့ ပေးပို့လှူဒါန်းလျက်ရှိရာ ယနေ့တွင် စေတနာရှင်အလှူရှင် ပြည်သူများက အရှေ့မြောက်တိုင်းစစ်ဌာနချုပ် နယ်မြေအတွင်း နိုင်ငံတော် ကာကွယ်ရေးနှင့် လုံခြုံရေးတာဝန်များ ထမ်းဆောင်နေသည့် လုံခြုံရေးတပ်ဖွဲ့ဝင်များအတွက် ထောပတ်ထမင်းဘူးများကို ပေးအပ်လှူဒါန်းကြရာ တာဝန်ရှိသူများက လက်ခံရယူပြီး လားရှိုးမြို့မှတစ်ဆင့် တပ်မတော်မော်တော်ယာဉ်များ၊ ရဟတ်ယာဉ်များဖြင့် လုံခြုံရေးတပ်ဖွဲ့ဝင်များ၏ လက်ဝယ်အရောက် လိုက်လံပို့ဆောင်ပေးကြသည်။

စေတနာရှင် ပြည်သူများ လှူဒါန်းသည့် ထောပတ်ထမင်းဘူးများနှင့်အတူ ရဟန်းသံဃာများနှင့် ပြည်သူများက ရေးသားပေးပို့သည့် "တပ်မတော်သားများ ကျန်းမာပါစေကြောင်း၊ တိုက်ပွဲတိုင်း အောင်မြင်ပါစေကြောင်း၊ ဘေးအန္တရာယ် ကင်းရှင်းပါစေကြောင်း"စသည့် ဆုတောင်းမေတ္တာစာလွှာများ ပါရှိကြောင်း သိရသည်။ **သတင်းစဉ်**





# ကျောင်းသား ကျောင်းသူများ၏ အချက်အလက်ပေးပို့ရမည်ဟူသော ထုတ်ပြန်ချက်မှာ အတု ဟု သိရ

**နေပြည်တော် နိုဝင်ဘာ ၁၈**

တက္ကသိုလ်၊ ဒီဂရီကောလိပ်၊ ကောလိပ်များရှိ တက္ကသိုလ်လေ့ကျင့်ရေးတပ်များ၌ စစ်သင်တန်းတက်ရောက်ဖူးသည့် ကျောင်းသားကျောင်းသူများ၏ အချက်အလက်များ ပေးပို့ရန် အကြောင်းကြားသည်ဆိုသော ထုတ်ပြန်ချက်မှာ အတုသာဖြစ်ကြောင်း ပညာရေးဝန်ကြီးဌာနက သိရသည်။

လူမှုကွန်ရက်တွင် နိုဝင်ဘာလ ၁၇ ရက်နေ့ ရက်စွဲဖြင့် အဆိုပါ ထုတ်ပြန်ချက်တစ်စောင် ထွက်ပေါ်ခဲ့သည့်အပေါ် ပညာရေးဝန်ကြီးဌာနက အတုဖြစ်ကြောင်း ပြန်လည်ထုတ်ပြန်ခြင်းဖြစ်သည်။

အဆိုပါ ထုတ်ပြန်ချက်တွင် နိုင်ငံတော်လုံခြုံရေးအခြေအနေအရ တက္ကသိုလ်၊ ဒီဂရီကောလိပ်၊ ကောလိပ်များ၊ တက္ကသိုလ်လေ့ကျင့်ရေးတပ်(UTC)များတွင် စစ်သင်တန်းတက်ရောက်ဖူးသည့် ကျောင်းသားကျောင်းသူများ၏ အချက်အလက်များကို ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)၊ တပ်မတော်လေ့ကျင့်ရေးအရာရှိချုပ်ရုံးသို့ ဒီဇင်ဘာလ ၁၇ ရက်နေ့ နောက်ဆုံးထားပေးပို့ရန် အကြောင်းကြားထားကြောင်း ဖော်ပြထားသည်။

"သတင်းအတုကို အတုမှန်းသိတာတောင် အကွက်ချပြီး သိက္ခာမရှိတဲ့ အကြမ်းဖက်အားပေး မီဒီယာတွေက ရေးနေကြတယ်။ ထုတ်လွှင့်နေကြတယ်။ အဲဒီလို အကြောင်းအရာကို ယုံတဲ့သူတွေက ရှိတယ်။ ဒါကြောင့် ကျွန်တော်ပြောချင်တာက သတင်းအတုကို ဖန်တီးပြီး ထုတ်လွှင့်နေတာတွေကို တန်ပြန်လုပ်ဖို့ သင့်ပါတယ်။ အခုဆိုရင် ဒီသတင်းက အားလုံးသိပြီးပြီ။ အဲဒါပြီးမှ ဝန်ကြီးဌာနက မဟုတ်ဘူး၊ အဲဒါကအတုဆိုပြီး ထုတ်တာမျိုးလုပ်တာ နောက်ကျနေတယ်။ သတင်းတုတွေကို ပြန်ပြီးတုံ့ပြန်ဖို့ စီစဉ်သင့်ပါတယ်"ဟု လူမှုကွန်ရက် အသုံးပြုသူတစ်ဦးက ပြောသည်။ **မျိုးခိုင်**

# မြင်းခြံမြို့နယ်၌ ကွန်ကရစ် လမ်းခင်းခြင်းလုပ်ငန်း ပြီးစီးမှုစစ်ဆေး

**မြင်းခြံ နိုဝင်ဘာ ၁၈**

မန္တလေးတိုင်းဒေသကြီး မြင်းခြံမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစီမံကိန်း (VDP)ဖြင့် ဆားခါးကျေးရွာ၌ ကျေးရွာတွင်းလမ်း ကွန်ကရစ်လမ်းခင်းခြင်းလုပ်ငန်း ဆောင်ရွက်ပြီးစီးမှုအခြေအနေများကို ယနေ့နံနက်ပိုင်းတွင် တာဝန်ရှိသူများက အဆိုပါကျေးရွာများသို့ ကွင်းဆင်းစစ်ဆေးခဲ့သည်။

ထိုသို့ကွင်းဆင်းစစ်ဆေးရာ မြင်းခြံမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်သက်သက်နွယ်နှင့် တာဝန်ခံအင်ဂျင်နီယာ ဝန်ထမ်းများသည် ဆားခါးကျေးရွာတွင် အရှည် ပေ ၇၀၀၊ အကျယ် ၁၂ ပေ၊ ၃ ခြောက်လက်မရှိ ကျေးရွာတွင်း ကွန်ကရစ်လမ်းခင်းခြင်းလုပ်ငန်း ဆောင်ရွက်ပြီးစီးမှု အခြေအနေများကို ကြည့်ရှုစစ်ဆေးခဲ့သည်။

ဆားခါးကျေးရွာ၌ ကွန်ကရစ်လမ်းခင်းခြင်းနှင့် ဆက်စပ်လုပ်ငန်းများကို ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်း စီမံကိန်းပံ့ပိုးရန်ပုံငွေကျပ် ၁၅ သန်း၊ ပြည်သူထည့်ဝင်ငွေကျပ် ၆ ဒသမ ၆၆ သန်း စုစုပေါင်းရန်ပုံငွေကျပ် ၂၁ ဒသမ ၆၆ သန်းကို အသုံးပြုကာ မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဝန်ထမ်းများ၏ကွင်းဆင်းကြီးကြပ်မှု၊ နည်းပညာပံ့ပိုးမှု၊ အနီးကပ်ကြီးကြပ်မှုတို့ဖြင့် ကျေးရွာသူ ကျေးရွာသားများကိုယ်တိုင် ယခုနှစ်ဩဂုတ်လ စတုတ္ထပတ်မှစတင်အကောင်အထည်ဖော်ဆောင်ရွက်ခဲ့ရာ ယခုအခါ လုပ်ငန်းများအားလုံး ရာနှုန်းပြည့် ဆောင်ရွက်ပြီးစီးနေပြီဖြစ်ကြောင်း သိရသည်။ **၂၂၂**



# မှော်ဘီမြို့နယ်နှင့် မဟာအောင်မြေမြို့နယ်တို့၌ ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်



**နေပြည်တော် နိုဝင်ဘာ ၁၈**

ရန်ကုန်တိုင်းဒေသကြီး မှော်ဘီမြို့နယ် အောက်ဝါးနက်ချောင်းကျေးရွာနှင့် ပတ်ဝန်းကျင်ကျေးရွာများမှ သံဃာတော်များနှင့် ဒေသခံပြည်သူ စုစုပေါင်း ၁၈၃ ဦးတို့ကို အဆိုပါကျေးရွာရှိ စံပယ်ခြံတပ်ဦးကျောင်းတိုက်၌ လည်းကောင်း၊ မန္တလေးတိုင်းဒေသကြီး မဟာအောင်မြေမြို့နယ် ရွှေဘုန်းရှိန် ရပ်ကွက် မြင်းဝန်မင်းကြီးကျောင်းတိုက်မှ သံဃာတော် ၁၄၈ ပါးတို့ကို အဆိုပါ ကျောင်းတိုက်၌ လည်းကောင်း ယနေ့တွင် သက်ဆိုင်ရာတိုင်းစစ်ဌာနချုပ်များမှ နယ်မြေခံဆေးကုသရေးအဖွဲ့များက လိုအပ်သည့် ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်ပေးသည်။

ထိုသို့ ဆောင်ရွက်ပေးရာတွင် ဆေးကုသရေးအဖွဲ့များက သံဃာတော်များနှင့် ဒေသခံပြည်သူများအား သွားနှင့် ခံတွင်းရောဂါ၊ မျက်စိရောဂါ၊ သားဖွားမီးယပ်ရောဂါ၊ အရိုးအကြောရောဂါ၊ နား၊ နှာခေါင်း၊ လည်ချောင်းရောဂါ၊ ကလေးရောဂါ၊ သွေးတိုးရောဂါ၊ အဆစ်အမြစ်ရောင်ရောဂါ၊ ဆီးချိုရောဂါ၊ အသက်ရှူလမ်းကြောင်းဆိုင်ရာရောဂါ၊ ခွဲစိတ်ကုသမှုဆိုင်ရာရောဂါ၊ အထွေထွေရောဂါတို့နှင့် ပတ်သက်၍ လိုအပ်သည့် ကျန်းမာရေး စစ်ဆေးကုသခြင်းများ ဆောင်ရွက်ပေးခြင်း၊ ECG၊ Ultrasound စက်များဖြင့် ရောဂါရှာဖွေစမ်းသပ် စစ်ဆေးပေးခြင်းများ ဆောင်ရွက်ပေးခြင်းနှင့် ကျန်းမာရေး အသိပညာပေးဟောပြောခြင်းများ ဆောင်ရွက်ပေးပြီး ဆေးရုံတက်ရောက်ကုသရန် လိုအပ်သူများကို နယ်မြေခံတပ်မတော်ဆေးရုံသို့ တက်ရောက်ကုသနိုင်ရေးစီစဉ် ဆောင်ရွက်ပေးသည်။

ယင်းသို့ ဆောင်ရွက်ပေးနေမှုများကို သက်ဆိုင်ရာ တပ်နယ်အသီးသီးမှ တာဝန်ရှိသူများက သွားရောက်ကြည့်ရှု အားပေးပြီး လိုအပ်သည်များ ညှိနှိုင်းဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။ **သတင်းစဉ်**

# ဒုတိယဝန်ကြီး ဦးရဲတင့် မကွေးတိုင်းဒေသကြီးအတွင်းရှိ ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေး ဦးစီးဌာနရုံးများနှင့် မြန်မာ့အသံနှင့် ရုပ်မြင်သံကြား ထပ်ဆင့်လွှင့်စက်ရုံများကို ကြည့်ရှုစစ်ဆေး



**မင်းဘူး နိုဝင်ဘာ ၁၈**

ပြန်ကြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးရဲတင့်သည် နိုဝင်ဘာ ၁၇ ရက် နံနက်ပိုင်းတွင် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန မကွေးတိုင်းဒေသကြီး မြို့သစ်မြို့နယ်ရုံးသို့ရောက်ရှိပြီး ရုံးလုပ်ငန်းများ ကြည့်ရှုစစ်ဆေးကာ မြို့သစ်မြို့နယ်ရုံးဦးစီးအရာရှိနှင့်ဝန်ထမ်းများ၊ နတ်မောက်မြို့နယ် ဦးစီးအရာရှိနှင့်ဝန်ထမ်းများအား တွေ့ဆုံသည်။

ထို့နောက် တောင်တွင်းကြီးမြို့နယ်ရုံးသို့ ရောက်ရှိကာ ရုံးလုပ်ငန်းများကြည့်ရှုစစ်ဆေးပြီး မြို့နယ်ဦးစီးအရာရှိနှင့်ဝန်ထမ်းများ၊ တောင်တွင်းကြီးမြို့ မြန်မာ့အသံနှင့်ရုပ်မြင်သံကြား ထပ်ဆင့်လွှင့်စက်ရုံရှိ ဝန်ထမ်းများနှင့် တွေ့ဆုံပြီးနောက် ထပ်ဆင့်လွှင့်စက်ရုံကို ကြည့်ရှုစစ်ဆေး၍ လိုအပ်သည်များ မှာကြားသည်။

ဆက်လက်ပြီး သရက်ခရိုင် မင်းလှမြို့နယ်ရုံးသို့ရောက်ရှိပြီး ရုံးလုပ်ငန်းများ ကြည့်ရှုစစ်ဆေးကာ မြို့နယ်ဦးစီးအရာရှိနှင့် ဝန်ထမ်းများအား တွေ့ဆုံသည်။ ယင်းနောက် မင်းဘူးခရိုင်ရုံးသို့ရောက်ရှိပြီး စာကြည့်တိုက်လုပ်ငန်း ဆောင်ရွက်နေမှုများကို ကြည့်ရှုစစ်ဆေးကာ တိုင်းဒေသကြီးဦးစီးမှူး၊ ခရိုင်ဦးစီးမှူးနှင့် ဝန်ထမ်းများ၊ ငဖဲမြို့နယ်နှင့် စေတုတ္တရာမြို့နယ်တို့မှ ဦးစီးမှူး၊ မင်းဘူးမြို့ မြန်မာ့အသံနှင့် ရုပ်မြင်သံကြား ထပ်ဆင့်လွှင့်စက်ရုံရှိ ဝန်ထမ်းများနှင့် တွေ့ဆုံပြီးနောက် ထပ်ဆင့်လွှင့်စက်ရုံသို့ သွားရောက်ကြည့်ရှုစစ်ဆေးသည်။

ယနေ့နံနက်ပိုင်းတွင် မကွေးခရိုင် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနသို့ ရောက်ရှိပြီး လုပ်ငန်းဆောင်ရွက်နေမှုများကို ကြည့်ရှုစစ်ဆေးကာ တိုင်းဒေသကြီးဦးစီးမှူး၊ ခရိုင်ဦးစီးမှူးနှင့် ဝန်ထမ်းများ၊ ရေနံချောင်းမြို့နယ်ဦးစီးမှူးနှင့်ဝန်ထမ်းများ၊ မြန်မာ့အသံနှင့် ရုပ်မြင်သံကြား မကွေးသတင်းဌာနခွဲ ဝန်ထမ်းများ၊ ကိုယ်ပွားသတင်းစာတိုက်မှဝန်ထမ်းများအားတွေ့ဆုံ၍ လုပ်ငန်းဆိုင်ရာများမှာကြားသည်။ မွန်းလွဲပိုင်းတွင် ပွင့်ဖြူမြို့နယ်ရုံး၊ စလင်းမြို့နယ်ရုံးနှင့် ဆိပ်ဖြူမြို့နယ်ရုံးတို့သို့ ရောက်ရှိကာ လုပ်ငန်းဆောင်ရွက်မှုများကို ကြည့်ရှုစစ်ဆေး၍ ဝန်ထမ်းများအား လိုအပ်သည်များမှာကြားသည်။

ညနေပိုင်းတွင် ချောက်မြို့နယ်ရုံးကို ကြည့်ရှုစစ်ဆေးပြီး ဝန်ထမ်းများနှင့်တွေ့ဆုံသည်။

ဒုတိယဝန်ကြီးက ဝန်ထမ်းများနှင့်တွေ့ဆုံရာတွင် မိမိတို့ဌာန၏ အဓိကလုပ်ငန်းဖြစ်သည့် ပြည်သူများအား သတင်းအချက်အလက်များပြန်ကြားပေးရန်နှင့် ပညာပေးခြင်းလုပ်ငန်းများကို ထိရောက်အောင်မြင်အောင် ဆောင်ရွက်ကြရန်၊ မိမိတို့ရုံးများရှိ ပြည်သူ့စာကြည့်တိုက်များသို့ ပြည်သူလူထုများ လာရောက်၍ စာဖတ်ခြင်း၊ စာအုပ်ငှားခြင်းများကို တိုးတက်အောင် ဆောင်ရွက်ကြရန်၊ လူငယ်များ ဗလငါးတန်ဖွံ့ဖြိုးရေးနှင့် အသိပညာဗဟုသုတများ ပြန့်ပွားစေရေးကို အလေးထားဆောင်ရွက်ရန်၊ နိုင်ငံတော်အဆင့် အထိမ်းအမှတ်နေ့ ပြပွဲ၊ ပြိုင်ပွဲ၊ ဟောပြောပွဲနှင့် ဆွေးနွေးပွဲများကျင်းပရာတွင် တိုင်းဒေသကြီး၊ ခရိုင်၊ မြို့နယ်ရုံးများအနေဖြင့် သက်ဆိုင်ရာဌာနများနှင့် ပေါင်းစပ်ညှိနှိုင်းပြီး ဆောင်ရွက်ရန်၊ အသေးစား၊ အငယ်စားနှင့် အလတ်စား စီးပွားရေးလုပ်ငန်းများ (MSME)တိုးတက်အောင်မြင်ရေး၊ နွေရာသီကျောင်းပိတ်ရက်များတွင် ကျောင်းသားလူငယ်များအား အကျိုးရှိစေမည့် သင်တန်းများဖွင့်လှစ်နိုင်ရေး သက်ဆိုင်ရာဌာနများနှင့် ကြိုတင်ညှိနှိုင်းပြင်ဆင်ထားကြရန်၊ ဒေသတွင်းမှ ထုတ်လုပ်မှုလုပ်ငန်းများကို သတင်းထုတ်ပြန်ပေးရေးဆောင်ရွက်ကြရန်၊ နိုင်ငံ့ဝန်ထမ်းများပီပီ မိမိတို့ လိုက်နာစောင့်ထိန်းရမည့် အမိဌာန်၊ ကျင့်ဝတ်၊ ဥပဒေ၊ နည်းဥပဒေ၊ စည်းမျဉ်းစည်းကမ်းများနှင့်အညီ စည်းကမ်းပြည့်ဝပြီး တာဝန်ကျေပွန်သော ဝန်ထမ်းကောင်းများဖြစ်အောင် အစဉ်အမြဲ ကြိုးစားဆောင်ရွက်ရန်၊ နိုင်ငံတော်က အကောင်အထည်ဖော် ဆောင်ရွက်နေသည့် ရှေ့လုပ်ငန်းစဉ်များနှင့် ဦးတည်ချက်များကို အများပြည်သူ ကျယ်ကျယ်ပြန့်ပြန့်သိရှိနိုင်ရေး သက်ဆိုင်ရာဒေသ အုပ်ချုပ်ရေးအာဏာပိုင်အဖွဲ့အစည်းများ၊ ဆက်စပ်ဌာနများနှင့်ပေါင်းစပ်၍ ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများ ပူးပေါင်းဆောင်ရွက်ရေးတို့ကိုမှာကြားပြီး တိုင်းဒေသကြီး၊ ခရိုင်နှင့် မြို့နယ်ရုံးများ၏ တင်ပြချက်များကို ညှိနှိုင်းဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။ **တိုင်းဒေသကြီး(ပြန်/ဆက်)**

လူငယ်ရေးရာ

# အမြို့မြို့အနယ်နယ်၌ လူငယ်စကားဝိုင်းများ၊ ဟောပြောပွဲများ၊ ကျပန်းစကားပြောပြိုင်ပွဲများ ကျင်းပ



**မုဒုံ နိုဝင်ဘာ ၁၈**

မွန်ပြည်နယ် မုဒုံမြို့နယ် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေး ဦးစီးဌာန၊ မြို့နယ်အားကစားနှင့်ကာယပညာဦးစီးဌာန၊ အခြေခံပညာဦးစီးဌာနတို့ပူးပေါင်း၍ လူငယ်စကားဝိုင်းကို ယမန်နေ့က အ.ထ.က (တံခွန်တိုင်) ကျောင်းခန်းမ၌ ကျင်းပသည်။

လူငယ်စကားဝိုင်းတွင် မုဒုံမြို့နယ် ပညာရေးမှူးရုံးမှ လက်ထောက်ပညာရေးမှူး ဒေါ်ကေသီစံက အမှာစကားပြောကြားပြီး မုဒုံမြို့နယ် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးအရာရှိ ဒေါ်မိုးမိုးစန္ဒာထွန်းက လူငယ်စကားဝိုင်းကျင်းပရခြင်းနှင့်ပတ်သက်၍ ရှင်းလင်းပြောကြားသည်။

ထို့နောက် မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးအရာရှိနှင့် မြို့နယ် အား/ကာမှူးတို့က ဦးဆောင်ဆွေးနွေးသူအဖြစ် ဆောင်ရွက်သည်။ ထို့နောက် ကျောင်းသား ကျောင်းသူများက လူငယ်နှင့်အားကစား၊ လူငယ်နှင့်ပညာရေး၊ လူငယ်နှင့် ယဉ်ကျေးမှု၊ လူငယ်နှင့်စာဖတ်ခြင်းအကျိုးကျေးဇူး၊ လူငယ်နှင့် ကျန်းမာရေး ခေါင်းစဉ်တို့ဖြင့် ဆွေးနွေးခဲ့ကြသည်။ ယင်းနောက် တက်ရောက်လာကြသည့် ကျောင်းသား ကျောင်းသူများ၏ မေးမြန်းမှုများကို ပြန်လည်ဖြေကြားပေးခဲ့ကာ စာအုပ်စာစောင်၊ နံရံကပ်ပိုစတာများ ပြသခဲ့ကြောင်းသိရသည်။ **မြို့နယ်(ပြန်/ဆက်)**

**လှည်းကူး နိုဝင်ဘာ ၁၈**

ရန်ကုန်တိုင်းဒေသကြီး လှည်းကူးမြို့၌ ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနနှင့် အခြေခံပညာဦးစီးဌာနတို့ပူးပေါင်း၍ လူငယ်စကားဝိုင်းကို ယမန်နေ့ နံနက် ၁၀ နာရီက အထက (ဘိုးရင်ကလေး)၌ ကျင်းပသည်။

ဦးစွာ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ အဖွဲ့ဝင်(၂) ဦးခင်ဇော်က အမှာစကားပြောကြားပြီး ခရိုင်ပညာရေးမှူး ဒေါ်မြတ်မြတ်ထွေးက လူငယ်စကားဝိုင်းကျင်းပခြင်း ရည်ရွယ်ချက်နှင့် အကျိုးကျေးဇူးများကို ရှင်းလင်းပြောကြားသည်။

ဆက်လက်၍ လူငယ်စကားဝိုင်းကျင်းပရာ ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးအရာရှိ ဒေါ်အေးအေးနွဲ့နှင့် အထက်တန်းပြဆရာမ ဒေါ်စန်းလွင်မော်တို့က ညှိနှိုင်းရေးမှူးများအဖြစ် ဆောင်ရွက်ပြီး ကျောင်းသား ကျောင်းသူ ငါးဦးက လူငယ်နှင့်စာပေ၊ လူငယ်နှင့် ယဉ်ကျေးမှု၊ လူငယ်နှင့် နည်းပညာ၊ လူငယ်နှင့် ပညာရေး၊ လူငယ်နှင့် အလုပ်အကိုင်အခွင့်အလမ်းစသည့် ခေါင်းစဉ်များဖြင့် ဆွေးနွေးကြသည်။ ယင်းနောက် ကျောင်းအုပ်ဆရာမကြီး ဒေါ်တင်တင်မာက ကျေးဇူးတင်စကား ပြန်လည်ပြောကြားပြီး ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနက ပြသထားသည့် အသိပညာပေး နံရံကပ်စာအုပ်၊ စာစောင်များကို လေ့လာကြည့်ရှုခဲ့ကြကြောင်း သိရသည်။ **မြို့နယ်(ပြန်/ဆက်)**





**ရန်ကုန် နိုဝင်ဘာ ၁၈**

ရန်ကုန်တိုင်းဒေသကြီး ရွှေပြည်သာမြို့နယ် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနနှင့် တေဇာရာမ ဘုန်းတော်ကြီးသင်ပညာရေးကျောင်းတို့ ပူးပေါင်းကျင်းပသော စာဖတ်ရှိန်မြင့်မားရေး အသိပညာပေးဟောပြောပွဲနှင့် ကျပန်းစကားပြောပြိုင်ပွဲကို ယမန်နေ့ မွန်းလွဲ ၁ နာရီက အဆိုပါ ဘုန်းတော်ကြီးသင်ပညာရေးကျောင်း၌ ကျင်းပသည်။

ဦးစွာ ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးအရာရှိ ဒေါ်အေးအေးမိုးက ပြိုင်ပွဲကျင်းပရခြင်း၏ ရည်ရွယ်ချက်များကို ရှင်းလင်းပြောကြားပြီး ရွှေပြည်သာမြို့နယ် စာရေးဆရာအသင်း အတွင်းရေးမှူး ဦးချိုဝင်း(ချိုပန်းချီ-ပညာရေး)က "စာဖတ်ခြင်းအကျိုးကျေးဇူး"၊ လမ်းပြကြယ်စာကြည့်တိုက်မှ စာကြည့်တိုက်မှူး ဦးမိုးလွင်က "စာကြည့်တိုက် နှင့် လူသား ခွဲခြားမရပါ" ခေါင်းစဉ်တို့ဖြင့် အသိပညာပေးဟောပြောသည်။

ထို့နောက် ကျပန်းစကားပြောပြိုင်ပွဲတွင် ဘုန်းတော်ကြီးသင်ပညာရေးကျောင်းမှ ကျောင်းသား ကျောင်းသူများက "မူးယစ်ရန်စွယ် တို့ကာကွယ်"၊ "စာပေမြင့်မှ လူမျိုးတင့်မည်"၊ "အားကစားဖြင့် နိုင်ငံ့ဂုဏ်ကိုမြှင့်တင်စို့"၊ "ပညာရဲရင့် ပွဲလယ်တင့်"၊ "ကျန်းမာခြင်းသည် လာဘ်တစ်ပါး"၊ "ယနေ့လူငယ် နောင်ဝယ်လူကြီး"စသည့် ခေါင်းစဉ်များဖြင့် ပါဝင်ယှဉ်ပြိုင်ကြပြီး ဆုရရှိသည့် ကျောင်းသား ကျောင်းသူများအား တာဝန်ရှိသူများက ဆုများပေးအပ်ချီးမြှင့်ခဲ့ကြောင်း သိရသည်။ **မြို့နယ်(ပြန်/ဆက်)**

**ဇီးကုန်း နိုဝင်ဘာ ၁၈**

ပဲခူးတိုင်းဒေသကြီး ဇီးကုန်းမြို့နယ်၌ ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနနှင့် အခြေခံပညာဦးစီးဌာနတို့ ပူးပေါင်း၍ ကျပန်းစကားပြောပြိုင်ပွဲနှင့် ဆုပေးပွဲအခမ်းအနားကို ယမန်နေ့ မွန်းလွဲပိုင်းက ဇီးကုန်းမြို့နယ် အခြေခံပညာ အထက်တန်းကျောင်း အထက(ဇီးကုန်း)၌ ကျင်းပသည်။

ဦးစွာ ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေး ဦးစီးဌာန ဦးစီးအရာရှိ ဒေါ်မာမာဦးက ဟောပြောပွဲနှင့်ပြိုင်ပွဲကျင်းပရခြင်း၏ ရည်ရွယ်ချက်ကို ရှင်းလင်းပြောကြားပြီး ကျောင်းအုပ်ဆရာမကြီး ဒေါ်ရီရီမြင့်က ကျေးဇူးတင်စကားပြောကြားသည်။

ဆက်လက်၍ စာဖတ်ရှိန်မြှင့်တင်ရေးအတွက် ကျပန်းစကားပြောပြိုင်ပွဲကို Grade-11 မှ ကျောင်းသား ကျောင်းသူ ၁၁ ဦးက ကိုင်းကျွန်းမှီ ကျွန်းကိုင်းမှီ၊ ကျန်းမာခြင်းသည် လာဘ်ကြီးတစ်ပါး၊ ကျွန်မအနှစ်သက်ဆုံးဘာသာရပ်၊ ကျောင်းသားနှင့် မူးယစ်ဆေး၊ ကျွန်မသာ အင်ဂျင်နီယာတစ်ယောက်ဖြစ်ခဲ့လျှင်၊ အဆိုတော်တစ်ယောက်ဖြစ်ခဲ့လျှင်၊ စာရေးဆရာတစ်ယောက်ဖြစ်ခဲ့လျှင်၊ အကယ်၍ ဆရာမတစ်ယောက်ဖြစ်ခဲ့လျှင်၊ မိုးရွာတုန်းရေခံ၊ ကျောင်းသားနှင့်အားကစား၊ ကျောင်းသားနှင့် စာပေ စသည့် ခေါင်းစဉ်များမှ မိမိကျရာခေါင်းစဉ်အား ပြောဆို၍ ဝင်ရောက်ယှဉ်ပြိုင်ခဲ့ကြသည်။ ထို့နောက် ကျပန်းစကားပြောပြိုင်ပွဲတွင် ပထမဆု၊ ဒုတိယဆု၊ တတိယဆုနှင့် အထူးဆုရရှိခဲ့ကြသော ကျောင်းသား ကျောင်းသူများအား တာဝန်ရှိသူများက ဆုများ ပေးအပ်ချီးမြှင့်ခဲ့ကြောင်း သိရသည်။ **မြို့နယ်(ပြန်/ဆက်)**

# အာရှ-ပစိဖိတ် စီးပွားရေး ပူးပေါင်းဆောင်ရွက်မှုထိပ်သီးအစည်းအဝေးတွင် ပွင့်လင်းမြင်သာသော ကုန်သွယ်မှုနှင့် ရင်းနှီးမြှုပ်နှံမှု ပတ်ဝန်းကျင်ကို ဖန်တီးရန် သဘောတူညီ

ဝါရှင်တန် နိုဝင်ဘာ ၁၈

အာရှ-ပစိဖိတ် စီးပွားရေး ပူးပေါင်းဆောင်ရွက်မှု ထိပ်သီးအစည်းအဝေးတွင် ပွင့်လင်းမြင်သာသော ကုန်သွယ်မှုနှင့် ရင်းနှီးမြှုပ်နှံမှု ပတ်ဝန်းကျင်ကို ဖန်တီးရန် အဖွဲ့ဝင်နိုင်ငံခေါင်းဆောင်များက သဘောတူညီခဲ့ကြောင်း သိရသည်။

ခေါင်းဆောင်များသည် ၎င်းတို့၏ ထိပ်သီး အစည်းအဝေးပွဲပြီးနောက် ထုတ်ပြန်သည့် ကြေညာချက်တွင် အထက်ပါကိစ္စရပ်နှင့် ပတ်သက်ပြီး ၎င်းတို့၏ဆုံးဖြတ်ချက်ကို ထပ်မံအတည်ပြုခဲ့သည်။

အာရှ-ပစိဖိတ် စီးပွားရေး ပူးပေါင်းဆောင်ရွက်မှု ထိပ်သီးအစည်းအဝေးကို အမေရိကန်နိုင်ငံ အနောက်ဘက်ကမ်းရိုးတန်းမြို့ ဆန်ဖရန်စစ္စကိုမြို့၌ နှစ်ရက်ကြာ ကျင်းပခဲ့သည်။

ယခုနှစ်အလှည့်ကျဥက္ကဋ္ဌ အမေရိကန်သမ္မတ ဂျိုးဘိုင်ဒင်၏ မိန့်ခွန်းဖြင့် ထိပ်သီးဆွေးနွေးပွဲကို နိုဝင်ဘာ ၁၇ ရက်တွင် ပြီးဆုံးခဲ့သည်။

အာရှ-ပစိဖိတ်ဒေသအတွင်းရှိ နိုင်ငံအားလုံးပါဝင်နိုင်သည့် ရေရှည်တည်တံ့သော စီးပွားရေးကို တည်ဆောက်ရန် ခေါင်းဆောင်များသည် အတူတကွ ပူးပေါင်း လုပ်ဆောင်ခဲ့ကြကြောင်း ဂျိုးဘိုင်ဒင်က ပြောကြားသည်။

အာရှ-ပစိဖိတ် စီးပွားရေး ပူးပေါင်းဆောင်ရွက်မှုသည် အာရှ-ပစိဖိတ်ဒေသရှိ နိုင်ငံပေါင်း ၂၁ နိုင်ငံ၏ ဒေသတွင်း စီးပွားရေးဖိုရမ်ဖြစ်သည်။

အဆိုပါ အာရှ-ပစိဖိတ် စီးပွားရေး ပူးပေါင်းဆောင်ရွက်မှု ထိပ်သီးအစည်းအဝေးသို့ ဂျပန်ဝန်ကြီးချုပ် ကီရှီဒါလည်း တက်ရောက်ခဲ့သည်။ ပီရူးနိုင်ငံသည် လာမည့်နှစ် အာရှ-ပစိဖိတ် စီးပွားရေး ပူးပေါင်းဆောင်ရွက်မှုဖိုရမ်ကို အိမ်ရှင်အဖြစ် လက်ခံကျင်းပမည်ဖြစ်ကြောင်း သိရသည်။

ကိုးကား - အင်န်အိတ်ချ်ကေ
ဘာသာပြန် - အောင်ကျော်ကျော်







# ဖိလစ်ပိုင် အသေးစားရောင်းချသူများနှင့် စွန့်ဦးတီထွင်သူများ၏ ထုတ်ကုန်များ ဈေးကွက်သို့ ဝင်ရောက်နိုင်ရေး တစ်တော့ခ်နှင့် ပူးပေါင်းရန် စီစဉ်

မနီလာ နိုဝင်ဘာ ၁၈

ဖိလစ်ပိုင်သမ္မတ မားကို့စ်ဂျူနီယာသည် နိုင်ငံအတွင်းရှိ အသေးစားရောင်းချသူများနှင့် စွန့်ဦးတီထွင်သူများ၏ ထုတ်ကုန်များကို ဈေးကွက်အတွင်း မိတ်ဆက်ကြော်ငြာရန်အတွက် နာမည်ကြီး ဗီဒီယိုပလက်ဖောင်း တစ်တော့ခ်နှင့် ပူးပေါင်းရန် စီစဉ်လျက်ရှိကြောင်း ဖိလစ်ပိုင်သမ္မတရုံးက ယနေ့ ပြောကြားသည်။

မားကို့စ်ဂျူနီယာသည် အသေးစားရောင်းချသူများနှင့် စွန့်ဦးတီထွင်သူများကို တစ်တော့ခ် အက်ပလီကေးရှင်း အသုံးပြုကာ ထုတ်ကုန်များကို အရောင်းမြှင့်တင်စေရန် ဆန္ဒရှိကြောင်း ထုတ်ဖော်ပြောကြားသည်။

တစ်တော့ခ် အက်ပလီကေးရှင်းသည် အရှေ့တောင်အာရှနိုင်ငံများ၌ အသုံးပြုသူ အရေအတွက် သန်း ၅၀ ခန့်ရှိပြီး ပညာရေးနှင့် ဖျော်ဖြေရေး ရောစပ်ထားသည့် ဗီဒီယိုပလက်ဖောင်းတစ်ခုဖြစ်သည်။

ဆန်ဖရန်စစ္စကိုမြို့၌ကျင်းပသည့် အာရှ-ပစိဖိတ်စီးပွားရေး ပူးပေါင်းဆောင်ရွက်မှု (APEC) ထိပ်သီးအစည်းအဝေးပြင်ပ၌ မားကို့စ်ဂျူနီယာသည် တစ်တော့ခ်၏ အမှုဆောင်အရာရှိချုပ် ရှူးဇီချူးနှင့် တွေ့ဆုံဆွေးနွေးခဲ့ကြောင်း သိရသည်။

ပြည်တွင်းရှိ အသေးစား ထုတ်ကုန်ထုတ်လုပ်သူများကို တစ်တော့ခ် အက်ပလီကေးရှင်းအသုံးပြုပြီး ဈေးကွက်သို့ ထိုးဖောက်ဝင်ရောက်သည့် နည်းလမ်းများကို လေ့ကျင့်ပေးစေလိုကြောင်း မားကို့စ်ဂျူနီယာက ပြောကြားခဲ့သည်။

တစ်တော့ခ်သည် ဗီယက်နမ်၊ အင်ဒိုနီးရှား၊ မလေးရှားနိုင်ငံတို့နှင့် အလားတူ ပူးပေါင်းဆောင်ရွက်မှုများရှိပြီး နိုင်ငံအတွင်း ရောင်းချရန်နှင့် ကမ္ဘာတစ်ဝန်းသို့ တင်ပို့ရောင်းချရန် လက်လီရောင်းချသူများအတွက် ပလပ်ဖောင်းတစ်ခုလည်း ဖန်တီးပေးထားကြောင်း သိရသည်။

ကိုးကား - ဆင်ဟွာ၊ ဘာသာပြန် - အောင်ကျော်ကျော်

# ဉာဏ်ရည်တုနည်းပညာ ChatGPT ကို တီထွင်သည့် အမေရိကန်နည်းပညာကုမ္ပဏီ OpenAI အမှုဆောင်ဒါရိုက်တာ ရာထူးမှ နုတ်ထွက်

ဝါရှင်တန် နိုဝင်ဘာ ၁၈

ဉာဏ်ရည်တုနည်းပညာ ChatGPT ကို တီထွင်သည့် အမေရိကန်နည်းပညာကုမ္ပဏီ OpenAI သည် ၎င်း၏ အမှုဆောင်ဒါရိုက်တာ ဆမ်အော်မန် နုတ်ထွက်ကြောင်း ကြေညာခဲ့သည်။

နည်းပညာအရာရှိချုပ် မီရာ မူရာတီကို ခေတ္တအမှုဆောင်ဒါရိုက်တာအဖြစ် ခန့်အပ်ကြောင်း ကုမ္ပဏီ၏ ဒါရိုက်တာဘုတ်အဖွဲ့က ယမန်နေ့တွင် ပြောကြားသည်။

ဆမ်အော်မန်သည် ကုမ္ပဏီ၏ ဒါရိုက်တာဘုတ်အဖွဲ့နှင့် ပြောဆိုဆက်ဆံရာတွင် ပွင့်လင်းစွာ ထုတ်ဖော်ပြောဆိုခြင်း မရှိသည့်အတွက် ၎င်း၏တာဝန်ဝတ္တရားများကို ထမ်းဆောင်ရာတွင် အဟန့်အတားဖြစ်စေသည်ဟု ကုမ္ပဏီက ကောက်ချက်ချသည်။

ဆမ်အော်မန်သည် OpenAI ကို ဆက်လက်ဦးဆောင်နိုင်မှုအပေါ် အပြည့်အဝ ယုံကြည်မှုမရှိတော့ကြောင်း ကုမ္ပဏီက ပြောကြားသည်။

ဆမ်အော်မန်သည် အီလွန်မက်နှင့် ၂၀၁၅ ခုနှစ်တွင် OpenAI ကုမ္ပဏီကို တည်ထောင်ခဲ့ပြီး ဉာဏ်ရည်တုနည်းပညာ ဖွံ့ဖြိုးတိုးတက်ရေးအတွက် ဦးဆောင်ခဲ့သည်။

ပြီးခဲ့သည့်နှစ် နိုဝင်ဘာလတွင် ကုမ္ပဏီသည် ChatGPT ကို ဖန်တီးနိုင်ခဲ့သည်။

အသုံးပြုသူများသည် ၎င်းတို့၏မေးခွန်းများအတွက် အလွန်သဘာဝကျသောအဖြေများကို Chatbot မှ ဖြေကြားပေးသည့်အတွက် ChatGPT သည် ကမ္ဘာတစ်ဝန်း၌ လူကြိုက်များ ရေပန်းစားလျက်ရှိသည်။

OpenAI ၏ အကြီးအကဲ ရာထူးမှ ရုတ်တရက် နုတ်ထွက်သွားခြင်းသည် မျိုးဆက်သစ် ဉာဏ်ရည်တုနည်းပညာ၏ ဖွံ့ဖြိုးတိုးတက်မှုနှင့် အနာဂတ်ကို ထိခိုက်စေနိုင်ကြောင်း သိရသည်။

ကိုးကား - အင်န်အိတ်ချ်ကေ
ဘာသာပြန် - အောင်ကျော်ကျော်

# ဂါဇာဒေသတွင် သေဆုံးသည့် ပါလက်စတိုင်းနိုင်ငံသား ၁၂၀၀၀ ကျော်ရှိ

ဂါဇာ နိုဝင်ဘာ ၁၈



အစ္စရေး-ဟားမတ်စ် ပဋိပက္ခ စတင်ခဲ့သည့် အောက်တိုဘာ ၇ ရက်မှစ၍ ဂါဇာဒေသအတွင်း သေဆုံးသည့် ပါလက်စတိုင်းနိုင်ငံသား စုစုပေါင်း ၁၂၀၀၀ ကျော်ရှိကြောင်း ဂါဇာအစိုးရ၏ မီဒီယာရုံးက နိုဝင်ဘာ ၁၇ ရက်တွင် ကြေညာခဲ့သည်။

သေဆုံးသူများထဲတွင် ကလေး ၅၀၀၀ နှင့် အမျိုးသမီး ၃၃၀၀ ရှိကြောင်း မီဒီယာရုံး၏ ညွှန်ကြားရေးမှူးချုပ် အစ္စမေးလ် အယ်လ်သာဝါတာက သတင်းစာရှင်းလင်းပွဲတွင် ပြောကြားခဲ့ပြီး လူပေါင်း ၃၀၀၀၀ ကျော် ဒဏ်ရာရရှိခဲ့ကြောင်း သိရသည်။

အစ္စရေး၏ တိုက်ခိုက်မှုအတွင်း ပျက်စီးသွားသော အဆောက်အအုံအပျက်အစီးများအတွင်း ကလေး ၁၈၀၀ အပါအဝင် ၃၇၅၀ ကျော် ပျောက်ဆုံးလျက်ရှိကြောင်း ၎င်းက ပြောကြားခဲ့သည်။

အစ္စရေးစစ်တပ်က ပါလက်စတိုင်းများအား ကျန်းမာရေးဝန်ဆောင်မှုများ ဆုံးရှုံးစေရေးနှင့် ၎င်းတို့အား ရွှေ့ပြောင်းနေထိုင်ရေး တွန်းအားပေးရန် ဂါဇာကမ်းမြောင်ရှိ ဆေးရုံများကို ပစ်မှတ်ထားတိုက်ခိုက်နေခြင်းဖြစ်ကြောင်းလည်း ၎င်းက စွပ်စွဲခဲ့သည်။

ဂါဇာဒေသရှိ အကြီးဆုံး ကျန်းမာရေးဌာနဖြစ်သည့် ဆေးဘက်ဆိုင်ရာ အဆောက်အအုံတစ်ခုသည်လည်း မကြာသေးမီက အစ္စရေးတပ်ဖွဲ့များ၏ တိုက်ခိုက်မှုနှင့် ကြုံတွေ့ခဲ့ရကြောင်း သိရသည်။

ကိုးကား - ဆင်ဟွာ
ဘာသာပြန် - အလင်းသစ်



# တောင်ကိုရီးယားနိုင်ငံရှိ ဆေးရုံတစ်ခုတွင် မီးလောင်၊ လူ ၃၈ ဦး ဒဏ်ရာရရှိခဲ့

ဆိုးလ် နိုဝင်ဘာ ၁၈

တောင်ကိုရီးယား အရှေ့တောင်ပိုင်းရှိ ဆေးရုံတစ်ခုတွင် နိုဝင်ဘာ ၁၇ ရက်က မီးလောင်မှုတစ်ခုဖြစ်ပွားခဲ့ခြင်းကြောင့် လူ ၃၈ ဦး ဒဏ်ရာရရှိခဲ့ကြောင်း ယွန်ဟပ်သတင်းဌာနက သတင်းဖော်ပြခဲ့သည်။

မြို့တော်ဆိုးလ် အရှေ့တောင်ဘက် ကီလိုမီတာ ၂၀၀ ခန့်အကွာ ဂူမီဒေသရှိ ခြောက်ထပ်ဆေးရုံတွင် ဒေသစံတော်ချိန် နံနက် ၈ နာရီ ၁၀ မိနစ်ခန့်က မီးလောင်ကျွမ်းမှု ဖြစ်ပွားခဲ့ခြင်းဖြစ်သည်။

မီးလောင်မှုကြောင့် ဘေးလွတ်ရာသို့ ထွက်ပြေးလာသူ ၉၁ ဦးအနက် ၃၈ ဦးသည် အသေးစားဒဏ်ရာများ ခံစားခဲ့ရပြီး ဒဏ်ရာရရှိသူများအား နီးစပ်ရာဆေးရုံသို့ ပို့ဆောင်ခဲ့ကြောင်း သိရသည်။ မီးသတ်အာဏာပိုင်များသည် ဆေးရုံအဆောက်အအုံအတွင်း ရှာဖွေရေးလုပ်ငန်းများ လုပ်ဆောင်ခဲ့သော်လည်း နောက်ထပ် ထိခိုက်သေဆုံးမှုမရှိကြောင်း အတည်ပြုခဲ့သည်။

လက်ရှိတွင် တောင်ကိုရီးယားရဲတပ်ဖွဲ့နှင့် မီးသတ်အာဏာပိုင်များသည် မီးလောင်ရသည့်အကြောင်းရင်းကို အတိအကျ သိရှိနိုင်ရေး စုံစမ်းစစ်ဆေးလျက်ရှိကြောင်း သိရသည်။

ကိုးကား - ဆင်ဟွာ
ဘာသာပြန် - အလင်းသစ်

# တရားမဝင်သစ်မျိုးစုံ၊ လုပ်ငန်းသုံးပစ္စည်းများ၊ စားသောက်ကုန်ပစ္စည်းများ၊ မော်တော်ဆိုင်ကယ်နှင့် ယာဉ်များ သိမ်းဆည်းရမိ

**နေပြည်တော် နိုဝင်ဘာ ၁၈**

တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေး ဦးဆောင်ကော်မတီ၏ ကြီးကြပ်ကွပ်ကဲမှုဖြင့် တရားမဝင်ကုန်သွယ်မှုများကို ဥပဒေနှင့်အညီ ထိရောက်စွာ တားဆီးအရေးယူနိုင်ရေး ဆောင်ရွက်လျက်ရှိရာ နိုဝင်ဘာ ၁၄ ရက်တွင် ဧရာဝတီတိုင်းဒေသကြီး တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးအထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့များက စစ်ဆေးမှုများ ဆောင်ရွက်ခဲ့ရာ လပွတ္တာခရိုင်၌ တရားမဝင်ကျွန်းသစ် ၁၆ ဒသမ ၀၇၉ တန်၊ အခြားသစ် ၁၁ ဒသမ ၄၈၃ တန် (ခန့်မှန်းတန်ဖိုးငွေကျပ် ၁၆၂၈၁၇၉၂)ကို လည်းကောင်း၊ ပုသိမ်ခရိုင်၌ တရားမဝင်အခြားသစ် ၁ ဒသမ ၅၄၆ တန် (ခန့်မှန်းတန်ဖိုးငွေကျပ် ၁၂၅၄၀၀) ကို လည်းကောင်း၊ ဖျာပုံခရိုင်၌ အခြားသစ် ၄ ဒသမ ၈၆၇ တန်နှင့် ရေစုပ်စက်တစ်လုံး (ခန့်မှန်းတန်ဖိုးငွေကျပ် ၄၄၀၇၀၄)ကို လည်းကောင်း စုစုပေါင်း ခန့်မှန်းတန်ဖိုးငွေကျပ် ၁၆၈၄၇၈၉၆ ကို သိမ်းဆည်းရမိခဲ့ပြီး သစ်တောဥပဒေနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

ထို့ပြင် နိုဝင်ဘာ ၁၇ ရက်တွင် ရှမ်းပြည်နယ် တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးအထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့က စစ်ဆေးမှုများဆောင်ရွက်ခဲ့ရာ မူဆယ်မြို့ ဆင်ဖြူဂိတ်အကျော်လမ်းဘေးတစ်နေရာတွင် စုပုံထားသော အကောက်ခွန်မဲ့ပစ္စည်းများဖြစ်သည့် ONDA Motherboard Without CPU ငါးခု၊ Computer Monitor အလုံး ၁၃၀ စုစုပေါင်း(ခန့်မှန်းတန်ဖိုးငွေကျပ် ၁၆၁၀၀၀၀၀)ကို သိမ်းဆည်းရမိခဲ့ပြီး အကောက်ခွန်လုပ်ထုံးလုပ်နည်းများနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

ထို့အတူ နိုဝင်ဘာ ၁၇ ရက်တွင် အကောက်ခွန်ဦးစီးဌာန၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့က စစ်ဆေးမှုများဆောင်ရွက်ခဲ့ရာ မရမ်းချောင်အမြဲတမ်းစစ်ဆေးရေးစခန်း၌ မုပွလင်-စွပ်ပွနူး-အင်္ဂဘိုရှောင်ကွင်းလမ်းအတွင်း မသင်္ကာဖွယ်ရပ်တန့်ထားသော လိုင်စင်မဲ့ Toyota Mark II ယာဉ်တစ်စီး (ခန့်မှန်းတန်ဖိုးငွေကျပ် ၆၀၀၀၀၀၀)၊ လိုင်စင်မဲ့ Royal Enfield ဆိုင်ကယ်တစ်စီး (ခန့်မှန်းတန်ဖိုးငွေကျပ် ၃၀၀၀၀၀၀)နှင့် မော်လမြိုင်မြို့မှ ရန်ကုန်မြို့သို့ မောင်းနှင်လာသော ယာဉ်တစ်စီးပေါ်မှ တရားဝင်စာရွက်စာတမ်း အထောက်အထား တင်ပြနိုင်ခြင်းမရှိသည့် M-150 အားဖြည့်အချိုရည် ပုလင်း ၄၅၀၀ အပါအဝင် ကုန်ပစ္စည်းနှစ်မျိုး (ခန့်မှန်းတန်ဖိုးငွေကျပ် ၂၇၀၀၀၀၀)၊ အဆိုပါပစ္စည်းများ တင်ဆောင်လာသည့် Mitsubishi Fuso Truck တစ်စီး (ခန့်မှန်းတန်ဖိုးငွေကျပ် ၃၀၀၀၀၀၀၀) စုစုပေါင်းခန့်မှန်းတန်ဖိုးငွေကျပ် ၄၁၇၀၀၀၀၀ ကို သိမ်းဆည်းရမိခဲ့ပြီး အကောက်ခွန်လုပ်ထုံးလုပ်နည်းများနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။




ရှမ်းပြည်နယ်၌ ဖမ်းဆီးရမိမှု။

ထို့ပြင် နိုဝင်ဘာ ၁၈ ရက်တွင် ပဲခူးတိုင်းဒေသကြီး တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးအထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့များက စစ်ဆေးမှုများဆောင်ရွက်ရာတွင် တောင်ငူခရိုင်၊ ပြည်ခရိုင်နှင့် သာယာဝတီခရိုင်တို့အတွင်း၌ တရားမဝင်ကျွန်းသစ် ၁၃ ဒသမ ၇၈၀ တန်၊ အခြားသစ် ၁၄ ဒသမ ၉၅၄ တန် စုစုပေါင်း (ခန့်မှန်းတန်ဖိုးငွေကျပ် ၇၀၁၄၉၄၆)ကို သိမ်းဆည်းရမိခဲ့ပြီး သစ်တောဥပဒေနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

သို့ဖြစ်ပါ၍ နိုဝင်ဘာ ၁၄ ရက်၊ ၁၇ ရက်နှင့် ၁၈ ရက်တို့တွင် သိမ်းဆည်းရမိမှုစုစုပေါင်းမှာ အမှုတွဲ ၁၀ မှု (ခန့်မှန်းတန်ဖိုးငွေကျပ် ၈၁၆၆၂၈၄၂) ဖြစ်ကြောင်း တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေး ဦးဆောင်ကော်မတီမှ သိရသည်။

**သတင်းစဉ်**

# အကြမ်းဖက်အုပ်စုအဖြစ် ကြေညာထားသော CRPH၊ NUG နှင့် ၎င်းတို့ လက်ဝေခံများ၏ လှုံ့ဆော်၊ ဝါဒဖြန့်ခြင်းများ လိုက်ပါလုပ်ဆောင်ခြင်း၊ အားပေးကူညီခြင်းများ ပြုလုပ်ခဲ့သူများကို ဖော်ထုတ်အရေးယူ

**နေပြည်တော် နိုဝင်ဘာ ၁၈**

အကြမ်းဖက်အုပ်စုအဖြစ် ကြေညာထားသော CRPH၊ NUG နှင့် ယင်းတို့၏လက်ဝေခံအဖွဲ့အစည်းများ၊ ယင်းတို့နှင့် ဆက်နွယ်နေသော အဖွဲ့အစည်းများ၊ လူပုဂ္ဂိုလ်များသည် နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန်နှင့် ပြည်သူလူထုကို အကြောက်တရားများ ဖြစ်ပေါ်စေပြီး အစိုးရယန္တရားများ ပျက်ပြားစေရန် ရည်ရွယ်လျက် လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်း၊ ခြိမ်းခြောက်ခြင်းများကို လူမှုကွန်ရက်များမှတစ်ဆင့် နည်းမျိုးစုံဖြင့် ပြုလုပ်လျက်ရှိသည်။

ပြည်သူများအနေဖြင့် ယင်းတို့၏ လှုံ့ဆော်မှု၊ ဝါဒဖြန့်မှုများအပေါ် မသိနားမလည်၍ဖြစ်စေ၊ ကြောက်ရွံ့၍ဖြစ်စေ လိုက်ပါလုပ်ဆောင်ခြင်း၊ အသံဖြင့်ဖြစ်စေ၊ ပြုလုပ်မှုဖြင့်ဖြစ်စေ၊ တစ်နည်းနည်းဖြင့်ဖြစ်စေ အများပြည်သူ အနှောင့်အယှက်ဖြစ်စေမည့် ပြုလုပ်မှုများ ပြုလုပ်ခြင်း၊ လှုံ့ဆော်ဝါဒဖြန့်မှုများကို ထပ်ဆင့်ဝေမျှခြင်း၊ အားပေးကူညီခြင်းများ ပြုလုပ်ခဲ့လျှင် အကြမ်းဖက်မှုတိုက်ဖျက်ရေး ဥပဒေပုဒ်မ ၅၂(က)၊ ရာဇသတ်ကြီးပုဒ်မ ၁၂၄-ကနှင့် ပုဒ်မ ၅၀၅-က၊ အီလက်ထရောနစ်ဆက်သွယ်ဆောင်ရွက်ရေးဥပဒေပုဒ်မ ၃၃ (က)နှင့် တည်ဆဲဥပဒေများအရ အရေးယူခံရမည့်အပြင် ပြစ်မှုနှင့်သက်ဆိုင်သည့် ရွှေ့ပြောင်းနိုင်သောပစ္စည်း၊ မရွှေ့ပြောင်းနိုင်သောပစ္စည်းများကို အကြမ်းဖက်မှုတိုက်ဖျက်ရေးဥပဒေအရ သိမ်းဆည်းခံရနိုင်ပြီး ပြစ်မှုထင်ရှားစီရင်ခြင်းခံရပါက နိုင်ငံတော်ဘဏ္ဍာအဖြစ် သိမ်းဆည်းခံရနိုင်ကြောင်း ၂၀၂၂ ခုနှစ် ဇန်နဝါရီ ၂၅ ရက်တွင် နိုင်ငံပိုင်မီဒီယာများမှတစ်ဆင့် အသိပေးသတင်းထုတ်ပြန်ခဲ့ပြီး ဖြစ်သည်။

ထိုကဲ့သို့ သတင်းထုတ်ပြန်ခဲ့ပြီးဖြစ်သော်လည်း နိုဝင်ဘာ ၁၇ ရက်တွင် အသိပေးထုတ်ပြန်ချက်အပေါ် မျက်ကွယ်ပြု၍ နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန် ရည်ရွယ်ကာ လူမှုကွန်ရက်စာမျက်နှာပေါ်၌ လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်းများပြုမှုလုပ်ဆောင်ခဲ့သည့် "Ngu War Snow Lay" Facebook အကောင့်ပိုင်ရှင်ဖြစ်သူ မန္တလေးတိုင်းဒေသကြီး ပြင်ဦးလွင်မြို့နယ် ရပ်ကွက်ကြီး(၃)နေ ငုဝါကျော်(ခ)ငုဝါစနိုးလေးအား မွန်းလွဲ ၂ နာရီ ၂၅ မိနစ်တွင် လည်းကောင်း၊ "Tin Mwae" Facebook အကောင့်ပိုင်ရှင်ဖြစ်သူ ရှမ်းပြည်နယ်(အရှေ့ပိုင်း) တာချီလိတ်မြို့နယ် ပါဆပ်ရပ်ကွက်နေ တင်မွေးအား ညနေ ၅ နာရီ မိနစ် ၄၀ တွင်လည်းကောင်း၊ "Htwe Htwe" Facebook အကောင့်ပိုင်ရှင်ဖြစ်သူ ရန်ကုန်တိုင်းဒေသကြီး သာကေတမြို့နယ် ရှုခင်းသာရပ်ကွက်နေ ထွေးထွေးအား ည ၈ နာရီတွင် လည်းကောင်း၊ "Khaing Thin Zar" Facebook အကောင့်ပိုင်ရှင်ဖြစ်သူ ခိုင်သဉ္ဇာ(ခ)အိဖြူအား ည ၉ နာရီ မိနစ်၂၀ တွင် လည်းကောင်း သက်ဆိုင်ရာရဲစခန်းအသီးသီး၌ တရားဥပဒေနှင့်အညီ ဖမ်းဆီးထိန်းသိမ်းအမှုဖွင့်လှစ်အရေးယူခြင်းများ ဆောင်ရွက်ခဲ့သည်။

ထိုကဲ့သို့ CRPH၊ NUG နှင့် ယင်းတို့၏ လက်ဝေခံအဖွဲ့အစည်းများ၊ ယင်းတို့နှင့် ဆက်နွယ်နေသော အဖွဲ့အစည်းများ၊ လူပုဂ္ဂိုလ်များသည် နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန်နှင့် အစိုးရယန္တရားများ ပျက်ပြားစေရန် ရည်ရွယ်လျက် လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်းများ ပြုလုပ်ခဲ့မှုအပေါ် အားပေးကူညီခြင်းပြုလုပ်ခဲ့သူများအား ဥပဒေနှင့်အညီ ထိရောက်စွာ အရေးယူသွားမည်ဖြစ်ကြောင်းနှင့် ထိုသို့ လှုံ့ဆော်သူ၊ ဝါဒဖြန့်သူများအား ဆက်လက်ဖော်ထုတ်အရေးယူသွားမည်ဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**

## ကုန်းတွင်း မုန်တိုင်းငယ် အခြေအနေ

**နေပြည်တော် နိုဝင်ဘာ ၁၈**

ယနေ့နံနက် ၄ နာရီခွဲ တိုင်းထွာချက်များအရ ဘင်္ဂလားဒေ့ရှ်နိုင်ငံ ကမ်းခြေကို ခီပူပါရာမြို့အနီးမှ ဖြတ်ကျော်ဝင်ရောက်ခဲ့သော ဆိုင်ကလုန်းမုန်တိုင်း "မစ်ဟီလီ"သည် မြောက်-အရှေ့မြောက်ဘက်သို့ ဆက်လက်ရွေ့လျားခဲ့ပြီး အိန္ဒိယနိုင်ငံ မီဇိုရမ်-ထရီပူရပြည်နယ်တို့တွင် ကုန်းတွင်းမုန်တိုင်းငယ်အဖြစ်သို့ အားလျော့သွားခဲ့ပြီးဖြစ်သည်။ အဆိုပါ ကုန်းတွင်းမုန်တိုင်းငယ်သည် မြောက်-အရှေ့မြောက်ဘက်သို့ ဆက်လက်ရွေ့လျားနိုင်ပြီး တဖြည်းဖြည်း အားလျော့သွားမည်ဟု ခန့်မှန်းရသည်။

**မိုး/ဇလ**

## မြန်မာ့အသံနှင့်ရုပ်မြင်သံကြား

၁၉-၁၁-၂၀၂၃ တနင်္ဂနွေနေ့

**MRTV HD**

**၀၆:၀၀** ပေဋ္ဌသုတ်၊ ရတနသုတ်၊ မေတ္တသုတ် အန္တရာယ်ကင်းပရိတ်တရားတော်
**၀၇:၀၀** နံနက်ခင်းသတင်း
**၀၈:၃၅** သဘာဝအလှတရားတို့ထိတွေ့ခဲ့သည့်တစ်ခဏ
**၀၉:၂၀** ကာတွန်းအစီအစဉ် "တိရစ္ဆာန်မြို့တော်၏ဇာတ်လမ်း" (အပိုင်း-၈)
**၁၀:၀၀** သတင်းသမားပြောတဲ့သတင်းစကား
**၁၀:၂၀** "သီတင်းကျွတ်မင်္ဂလာ" တေးဂီတဖျော်ဖြေပွဲ ထုတ်လွှင့်မှုအစီအစဉ်(ပွဲစဉ်-၂)
**၁၁:၄၀** အသိပညာနှင့်အမှန်တရား
**၁၂:၃၀** This Week's Speical Interest
**၁၃:၃၀** MRTV National News
**၁၄:၀၀** ဆေးရောင်စုံရုပ်ရှင် "ဖုံးမတီသီးလေးများ" (ခန့်စည်သူ၊ ကျော်ကျော်ဗို၊ ထွန်းထွန်း၊ မင်းဒဲ၊ မိုးဟေကို)
**၁၆:၃၅** Sports Diary
**၁၇:၁၅** ထူးခြားစုံလင်အာရှပစိဖိတ်အစီအစဉ်
**၁၇:၃၅** Economic Review
**၁၈:၃၅** ဘယ်သူမှန်လဲ အပြိုင်ကြံ
**၁၉:၁၀** နိုင်ငံခြားဇာတ်လမ်းတွဲ "သူတောင်းဖြည်ကြယ်တာရာစတာလာ" (အပိုင်း-၁၁)
**၂၀:၀၀** ပြည်တွင်းသတင်း၊ နိုင်ငံတကာသတင်း မိုးလေဝသအခြေအနေ
**၂၁:၀၀** ဘဝနှင့်အနုပညာ "ပရိသတ်ရင်ထဲက တစ်ခါကဗီစိမ်း" "ဝန်းဝန်းဝင်း" (အပိုင်း-၂)
**၂၁:၂၀** မြန်မာဗီဒီယိုဇာတ်လမ်း "လရောင်ချည်တဲ့ကြိုး" (အောင်ရဲလင်း၊ ခိုင်သင်းကြည်)

**mitv**

**07:01** Evergreen Classic: Awayyar Horntu (Sein Lei Lei)
**07:09** Myanmar Traditional Art Bronze Casting
**07:14** Lady Pilot
**07:25** Skilled Performance of Traditional Myanmar Colored Glass Ball (Ep-4)
**07:35** Tazaungmone (Ep-1)
**08:01** News
**08:27** Pauk Thit Basketry Village
**08:49** Women's Entrepreneurship Day
**09:01** Mahavihara: From Forest Monastery to Dhamma-Vinnya University
**09:36** Today Myanmar: Sustainable Development of Myanma Cultural Heritage (SHSA Yangon)
**09:51** Tastes of Home Land: Steamed Lobster
**10:28** Reconservation Thatbyinnyu Temple

**MRTV NRC**

**မွန် (၀၆:၀၀ မှ ၀၈:၀၀)** ခနီဖူး၏အသုံးဝင်ပုံ အကျိုးကျေးဇူး
**ရခိုင် (၀၈:၀၀ မှ ၁၀:၀၀)** ဝေလှရိုးရာ သမက်တက်မင်္ဂလာ
**ရှမ်း (၁၀:၀၀ မှ ၁၂:၀၀)** ရှမ်းခေါက်ဆွဲချက်နည်း
**ဝ (၁၂:၀၀ မှ ၁၄:၀၀)** ကွမ်းရွက်စိုက်ပျိုးခြင်း
**ကချင် (၁၄:၀၀ မှ ၁၆:၀၀)** ကချင်ခေါင်ရည်(စပီ) ပြုလုပ်ပုံ
**ကယား (၁၆:၀၀ မှ ၁၈:၀၀)** ကယားရိုးရာဆန်ပြုတ်
**ပအိုဝ်းကရင် (၁၈:၀၀ မှ ၁၉:၀၀)** သင်ယူလေ့လာတို့ရဲ့စာ(အပိုင်း-၁၇)
**အနောက်ပိုးကရင် (၁၉:၀၀ မှ ၂၀:၀၀)** ကရင်ရိုးဗိန်ပ်လုပ်ငန်း
**အရှေ့ပိုးကရင် (၂၀:၀၀ မှ ၂၁:၀၀)** နည်းမှန်စိုက်ပျိုးဝင်ငွေတိုး(သခွားစိုက်ပျိုးနည်း)
**ချင်း(လိုင်ဇို) (၂၁:၀၀ မှ ၂၂:၀၀)** နာနတ်သီးနှင့် ကျန်းမာရေး
**ချင်း(ချိုး) (၂၂:၀၀ မှ ၂၃:၀၀)** ဝံ့ရှမ်းဌာနေ ကျိုင်းတုံမြေ

**MRTV NEWS**

**၀၆:၀၀** အဖွင့်၊ တေးသီချင်း
**၀၆:၄၀** အားကစားသတင်း
**၀၈:၃၀** နိုင်ငံတကာသတင်း(LIVE)
**၁၁:၀၀** ပြည်တွင်းသတင်း (LIVE)
**၁၂:၃၀** နိုင်ငံတကာသတင်း(LIVE)
**၁၄:၀၀** MRTV National News
**၁၆:၀၀** သတင်းမှန်ကဏ္ဍ(LIVE)
**၁၇:၃၀** နိုင်ငံတကာသတင်း(LIVE)
**၂၀:၀၀** ပြည်တွင်းသတင်း (LIVE)
**၂၀:၄၅** ကမ္ဘာတစ်လွှားအနုပညာသတင်းများ
**၂၀:၃၀** နိုင်ငံတကာသတင်း(LIVE)
**၂၁:၀၀** ပြည်တွင်းသတင်း (LIVE)

**MRTV PARLIAMENT**

**၀၉:၀၀** အဖွင့်၊ အလံ
**၀၉:၃၀** ဥပဒေရေးရာအဖြာဖြာဇာတ်လမ်းတို "အတုမှန်းသိလျက်လက်ရှိထားမှု"
**၁၀:၀၀** ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်၏ ကြေညာချက်သတင်းများ
**၁၀:၃၀** အင်ဒိုနီးရှားနိုင်ငံ၏ အဂတိတိုက်ဖျက်ရေး
**၁၁:၀၀** နိုင်ငံတကာရွေးကောက်ပွဲများအကြောင်း (အာဖရိကနိုင်ငံ)(အပိုင်း-၁)
**၁၁:၃၀** ရှေ့သို့ချီမည်ပန်းတိုင်ဆီ(အပိုင်း-၇)

**MRTV FARMERS' Channel**

**၀၆:၀၀** အဖွင့်၊ နိုင်ငံတော်သီချင်း
**၀၆:၁၀** တန်ဖိုးမြင့်ထုတ်ကုန် ဖွံ့ဖြိုးဆီအစွမ်း
**၀၇:၀၀** တောင်သူလယ်သမားရေးရာသတင်း
**၁၈:၀၀** Past Lives (နိုင်ငံခြားဇာတ်လမ်း)
**၁၉:၃၀** P Small Farm Rising Family Farm Chores
**၂၂:၀၀** ဥ(ဇာတ်လမ်း)
**၂၃:၄၅** An Extreme Heat Garden Update: July 2023

**MRTV SPORTS**

**၀၆:၀၀** အဖွင့်
**၀၆:၂၀** လူငယ်တို့အတွက်လမ်းပြကြယ်
**၀၆:၄၀** Weekly Sports Info
**၁၆:၃၀** MNL 2022 Match(Replay)
**၁၈:၀၀** အားကစားသတင်း
**၁၉:၃၀** "မြတ်သောအလှူ" ပညာပေးဇာတ်လမ်း

MRTV Application
Android iOS Huawei

Education Channel ကို နေ့စဉ် နံနက် (၉:၀၀)နာရီမှ တစ်ကြိမ်လျှင် (၄)နာရီ (၆)ကြိမ်နှုန်း ထုတ်လွှင့်ပြသလျက်ရှိပါသည်။
https://mrtv.gov.mm

# တပ်မတော်မြစ်တွင်းသွားဆေးရုံရေယာဉ်(ရွှေပုဇွန်)နှင့် မြစ်ရေယာဉ်(စကု)တို့သည် ကြံခင်းမြို့ရှိ ဒေသခံပြည်သူများအား ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆက်လက်ဆောင်ရွက်

နေပြည်တော် နိုဝင်ဘာ ၁၈

ဧရာဝတီ မြစ်ကြောင်းတစ်လျှောက်ရှိဒေသခံပြည်သူများအား ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်ပေးရန်အတွက် တပ်မတော်မြစ်တွင်းသွား ဆေးရုံရေယာဉ်(ရွှေပုဇွန်)၊ မြစ်ရေယာဉ်(စကု) တို့နှင့်အတူ လိုက်ပါလာသည့် တပ်မတော်မှ ပါရဂူများ၊ ဆေးမှူးများ၊ သူနာပြုများနှင့် ကျန်းမာရေးဝန်ကြီးဌာနမှ ပါရဂူများ၊ ဆရာဝန်များ၊ သူနာပြုများပါဝင်သော နယ်လှည့်အထူးကုဆေးအဖွဲ့သည် ယနေ့တွင် ဧရာဝတီတိုင်းဒေသကြီး ကြံခင်းမြို့နယ် ဆိပ်သာကျေးရွာရှိ ဆိပ်သာတိုက်နယ် ဆေးရုံ၌ အခြေပြု၍ ကြံခင်းမြို့နှင့် ပတ်ဝန်းကျင် ကျေးရွာများမှ ဒေသခံပြည်သူများအား ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆက်လက်ဆောင်ရွက်ပေးသည်။

ထိုသို့ ဆောင်ရွက်ပေးရာတွင် နယ်လှည့်အထူးကုဆေးအဖွဲ့က ဆေးကုသမှုဆိုင်ရာ ရောဂါ ၁၉၉ ဦး၊ ခွဲစိတ်ရောဂါ ၁၁ ဦး၊ သားဖွား/မီးယပ်ရောဂါ ခုနစ်ဦး၊ ကလေးရောဂါ ၁၆ ဦး၊ အရိုးရောဂါ ၁၄၇ ဦး၊ နား၊ နှာခေါင်း၊ လည်ချောင်းရောဂါ ၄၀၊ မျက်စိရောဂါ ၁၁၆ ဦးနှင့် သွားရောဂါ ၁၆ ဦးတို့ကို လိုအပ်သည့် ဆေးဝါးကုသမှုများ ဆောင်ရွက်ပေးသည်။ ထို့အပြင် အထွေထွေခွဲစိတ်လူနာ ငါးဦး၊ မျက်စိခွဲစိတ်လူနာ လေးဦး၊ ဓာတ်မှန်ရိုက်လူနာ သုံးဦး၊ တယ်လီဗေးရှင်း ဓာတ်မှန်ရိုက်လူနာ ၂၈ ဦး၊ ECG စက်ဖြင့် နှလုံးစမ်းသပ်လူနာ ၂၃ ဦးနှင့် ဓာတ်ခွဲစမ်းသပ်လူနာ ၁၀ ဦး စုစုပေါင်း ၅၅၂ ဦးတို့ကို ရောဂါရှာဖွေစမ်းသပ် ခွဲစိတ်ကုသပေးခြင်းများ ဆောင်ရွက်ပေးသည်။

## ကြည့်ရှုအားပေး

ယင်းသို့ ဆောင်ရွက်ပေးနေမှုများကို ဧရာဝတီတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးတင်မောင်ဝင်းနှင့် တာဝန်ရှိသူများက လိုက်လံကြည့်ရှုအားပေးပြီး လိုအပ်သည်များ ညှိနှိုင်းဆောင်ရွက်ပေးကာ တပ်မတော်မြစ်တွင်းသွားဆေးရုံရေယာဉ်(ရွှေပုဇွန်) ပေါ်တွင် ခွဲစိတ်ကုသပြီးသော မျက်စိဝေဒနာရှင်များအား စားသောက်ဖွယ်ရာများကို လည်းကောင်း၊ လာရောက် ဆေးကုသမှုခံယူကြသော ပြည်သူများအား နေ့လယ်စာထမင်းဘူးများကိုလည်းကောင်း ပေးအပ်သည်။

ထိုသို့ ကျန်းမာရေးဆောင်ရွက်ပေးမှုများအပေါ် ဒေသခံပြည်သူများ၏ စကားသံများကို ယခုလိုပဲ ကြားသိခဲ့ရပါတယ်-

**ဦးမြင့်စိုး**

**မဲကုန်းကျေးရွာ၊ ကြံခင်းမြို့နယ်**

ကျွန်တော်ကတော့ နှလုံးရောဂါသည်ဆိုတော့ မောပြီးကျပ်တာပေါ့။ အလုပ်ကလေး နည်းနည်းလုပ်ရင် ကျပ်တယ်။ အဲဒါကြောင့် လာပြတာပါ။ ရွာမှာဆိုရင် ကြံခင်းမြို့ပေါ်သွားပြရတာ။ မဲကုန်းနဲ့ ဆိတ်သာက လေးမိုင်လောက်ပဲ ကွာပါတယ်။ နောက်ပြီး ဒီမှာက အခမဲ့ပြသရတာဆိုတော့ ပိုပြီး အဆင်ပြေပါတယ်။ ကျေနပ်ပါတယ်။ ကျွန်တော်တို့က တောင်သူတွေဆိုတော့ ပေါက်တူးပေါက်၊ တူရွင်းထိုးပေါ့။ အဲဒီလိုလုပ်တာဆိုတော့ ငယ်ငယ်တုန်းက မသိသာပေမယ့် အခုလို အသက်အရွယ်ရလာတော့ နာရီဝက်လောက် လုပ်လိုက်ရင် မောတယ်။ မောပြီး အသက်ရှူတွေ ကျပ်လာတယ်။ အဲလိုဖြစ်လာရင် အလုပ်နားရတယ်။ ဆိုးဆိုးရွားရွားဖြစ်လာရင် ရွာက ဆေးခန်းသွားရတယ်။ အဲလိုပဲနေရတယ်။ အခု ဒီမှာ ရွှေပုဇွန် နယ်လှည့်အထူးဆေးကုသရေးအဖွဲ့နဲ့ တွေ့တော့ ပိုပြီးဝမ်းသာရပါတယ်။ ဒီမှာ လွတ်လွတ်လပ်လပ်နဲ့ ဆရာဝန်ကြီးတွေ၊ ပါရဂူကြီးတွေနဲ့ ပြရတာဆိုတော့ ပိုပြီးအဆင်ပြေပါတယ်။ ရွာမှာက ဆေးမှူး၊ ဆရာဝန်လောက်နဲ့ ပြရတာဆိုတော့ ကွာခြားမှုတော့ရှိပါတယ်။ တအား ကျေးဇူးတင်ပါတယ်။ အခုလိုစီစဉ်ပေးတဲ့ နိုင်ငံတော်အကြီးအကဲတွေ၊ အထူးဆေးကုအဖွဲ့မှာပါတဲ့ ဆရာဝန်ကြီးတွေ၊ ပါရဂူတွေ၊ ဆရာတွေ၊ ဆရာမတွေအားလုံးကို ကျေးဇူးတင်ပါတယ်။ ဝမ်းလည်းသာပါတယ်။

**ဒေါ်ကြင်ထွေး**

**မဲကုန်းကျေးရွာ၊ ကြံခင်းမြို့နယ်**

ခြေထောက်တွေကိုက်၊ ဒူးတွေကိုက်၊ လက်မောင်းတွေကိုက်လို့ မနေနိုင်ဘူး ဖြစ်နေတယ်။ မျက်စိကလည်း မှုန်တုံတုံဖြစ်နေလို့ ဒီမှာ နယ်လှည့် အထူးဆေးကုသရေးအဖွဲ့တွေဆေးခန်းဖွင့်တယ်ဆိုလို့ လာပြတာပါ။ ရွာလူကြီးတွေက ပြမယ့်သူတွေ စာရင်းယူတယ်လေ။ စာရင်းပေးပြီး လိုက်လာတာပါ။ နေကောင်းတယ်တော့ သိပ်မရှိပါဘူး။ မနည်းကုန်းရုန်းထလာရတာ။ အခုပြလိုက်တော့ ဆေးထိုးပေးတယ်။ သက်သာပါတယ်။ ဆေးခန်းတွေတော့ပြနေရတာပဲ။ ရွာမှာတော့ ဆေးမှူးရှိပါတယ်။ မနေနိုင်တဲ့အခါရွာက ဆေးမှူးဆီသွားပြလိုက်၊ ဆေးထိုးလိုက်၊ သက်သာရင် အလုပ်လုပ်လိုက်ပေါ့။ ပြန်ဖြစ်ရင်သွားပြလိုက်ပေါ့။ အခုလိုကုသပေးတဲ့ ဆရာဝန်တွေ၊ ဆရာမတွေကို ကျေးဇူးတင်ပါတယ်။ နောက်လည်း လာခဲ့ကြပါဦးလို့ ပြောချင်ပါတယ်။





ဦးမြင့်စိုး



ဒေါ်ကြင်ထွေး

သတင်းစဉ်

# နိုင်ငံတော်ကာကွယ်ရေးတာဝန်များထမ်းဆောင်စဉ် ထိခိုက်ဒဏ်ရာရရှိရာမှ ဆေးရုံ၊ ဆေးခန်းများတွင် တက်ရောက်ကုသ၍ ပြန်လည်ကောင်းမွန်လာသည့် တပ်မတော်သား အရာရှိ၊ စစ်သည်များ ချောင်းသာကမ်းခြေသို့ အပန်းဖြေခရီးသွားရောက်

နေပြည်တော် နိုဝင်ဘာ ၁၈

နိုင်ငံတော်ကာကွယ်ရေး တာဝန်ထမ်းဆောင်စဉ် ထိခိုက်ဒဏ်ရာရရှိရာမှ ဆေးရုံ၊ ဆေးခန်းများတွင် တက်ရောက်ကုသ၍ ပြန်လည်ကောင်းမွန်လာသည့် တပ်မတော်သား အရာရှိ၊ စစ်သည်များအား အနားယူအပန်းဖြေခရီးစဉ်အဖြစ် ဧရာဝတီတိုင်းဒေသကြီး ချောင်းသာကမ်းခြေသို့ ယနေ့နံနက်ပိုင်းတွင် ရန်ကုန်တိုင်းဒေသကြီးမှတစ်ဆင့် မော်တော်ယာဉ်များဖြင့် ပို့ဆောင်ပေးရာ ရန်ကုန်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်ဇော်ဟိန်းနှင့် တာဝန်ရှိသူများက ရင်းရင်းနှီးနှီး ပို့ဆောင်နှုတ်ဆက်ကြသည်။

အဆိုပါ အဖွဲ့သည် မွန်းလွဲပိုင်းတွင် ပုသိမ်မြို့သို့ ရောက်ရှိကြပြီး ရွှေမုဋ္ဌောစေတီတော်မြတ်ကြီးအား ဖူးမြော်ကြည်ညိုကာ ရွှေစာပုသိမ်ထီးလုပ်ငန်းသို့ သွားရောက်ကြည့်ရှုလေ့လာကြသည်။ ညနေပိုင်းတွင် ဧရာဝတီတိုင်းဒေသကြီး ချောင်းသာကမ်းခြေသို့ ရောက်ရှိကြရာ အနောက်တောင်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ်ဝေလင်းနှင့် တာဝန်ရှိသူများက ရင်းနှီးနွေးထွေးစွာကြိုဆိုခဲ့ကြသည်။ ထို့နောက် ချောင်းသာအပန်းဖြေဧည့်ရိပ်သာ၌ တိုင်းမှူးက အမှာစကားပြောကြားပြီး ဒေသထွက် စားသောက်ဖွယ်ရာများဖြင့် တည်ခင်းဧည့်ခံ၍ လက်ဆောင်ပစ္စည်းများ ပေးအပ်ခဲ့ကြောင်း သိရသည်။

သတင်းစဉ်



အနောက်တောင်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ်ဝေလင်းနှင့် တာဝန်ရှိသူများ အပန်းဖြေခရီးစဉ် လာရောက်ကြသည့် တပ်မတော်သား အရာရှိ၊ စစ်သည်များအား ရင်းနှီးနွေးထွေးစွာကြိုဆိုကြစဉ်။

# တာချီလိတ်မြို့၌ မီးခိုးမြူငွေ့ညစ်ညမ်းမှုအန္တရာယ် အသိပညာပေး Talk Show ဆောင်ရွက်

တာချီလိတ် နိုဝင်ဘာ ၁၈

ရှမ်းပြည်နယ် (အရှေ့ပိုင်း) တာချီလိတ်ခရိုင် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန လူထုအခြေပြုဗဟိုဌာနခန်းမ၌ နိုဝင်ဘာ ၁၇ ရက် နံနက် ၁၀ နာရီက မီးခိုးမြူငွေ့ညစ်ညမ်းမှုအန္တရာယ် ခေါင်းစဉ်ဖြင့် အသိပညာပေး Talk Show ဆောင်ရွက်ခဲ့ကြောင်း သိရသည်။

အဆိုပါ Talk Show အစီအစဉ်တွင် တာချီလိတ်ခရိုင် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဒုတိယဦးစီးမှူး ဒေါ်ခိုင်ခိုင်လင်းက အွန်လိုင်းအသိပညာပေး Talk Show အစီအစဉ်ကို ပြည်သူများ အသိပညာဗဟုသုတများ တိုးပွားစေရန် ရည်ရွယ်ဆောင်ရွက်ရခြင်း ဖြစ်ကြောင်း ရှင်းလင်းပြောကြားပြီး တာချီလိတ်ခရိုင် ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာန ဒုတိယဦးစီးမှူး ဒေါ်အေးဝင်းသူက မီးခိုးမြူငွေ့ဖြစ်ပေါ်ရသည့် ဖြစ်စဉ်များနှင့် အဓိကအကြောင်းရင်းများ၊ မီးခိုးမြူငွေ့များ ထူထပ်စွာ ဖြစ်ပေါ်မှု ကာလကြာရှည်လာပါက နောက်ဆက်တွဲ ခံစားရနိုင်သည့် အကျိုးဆက်များ၊ ကောင်းကင်ယံတွင် မီးခိုးမြူငွေ့များဖုံးလွှမ်းနေမှု အခြေအနေနှင့် ကြုံတွေ့ပါက ဆောင်ရွက်ရမည့်အခြေအနေများ၊ မီးခိုးမြူငွေ့ညစ်ညမ်းမှုလျှော့ချရေးဆိုင်ရာနည်းလမ်းများ စသည်တို့ကို အသိပညာပေး ဆွေးနွေးပြောကြားခဲ့ကြောင်း သိရသည်။

ကျော်ဇေယျာလင်း(ပြန်/ဆက်)

# စစ်ကိုင်းတိုင်းဒေသကြီး ဝန်ကြီးချုပ် မုံရွာမြို့ရှိ တက္ကသိုလ်များနှင့် ပညာရေးဒီဂရီကောလိပ်တို့၌ စာမေးပွဲဖြေဆိုနေမှုများအား ကြည့်ရှုအားပေး

**မုံရွာ နိုဝင်ဘာ ၁၈**

စစ်ကိုင်းတိုင်း ဒေသကြီး ဝန်ကြီးချုပ် ဦးမြတ်ကျော်သည် တိုင်းဒေသကြီး အစိုးရအဖွဲ့ဝင်များ၊ မုံရွာခရိုင်/မြို့နယ် စီမံအုပ်ချုပ်ရေးအဖွဲ့ ဥက္ကဋ္ဌများနှင့် တာဝန်ရှိသူများ လိုက်ပါလျက် နိုဝင်ဘာ ၁၇ ရက် နံနက်ပိုင်းတွင် မုံရွာစီးပွားရေးတက္ကသိုလ်သို့ ရောက်ရှိရာ အစည်းအဝေးခန်းမတွင် ပါမောက္ခချုပ်၊ ပါမောက္ခ/ဌာနမှူးများ၊ ဆရာ/ဆရာမများနှင့် ရင်းရင်းနှီးနှီးတွေ့ဆုံကြသည်။

ဦးစွာ တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးမြတ်ကျော်က အမှာစကား ပြောကြားသည်။

ယင်းနောက် မုံရွာစီးပွားရေးတက္ကသိုလ်ပါမောက္ခချုပ်ဒေါက်တာ သီတာကြူက သင်ကြားရေးလုပ်ငန်းများနှင့် ပတ်သက်၍ ဆွေးနွေးတင်ပြပြီး တိုင်းဒေသကြီးဝန်ကြီးချုပ်က လိုအပ်သည်များကို တာဝန်ရှိသူများနှင့် ဖြည့်ဆည်းပေါင်းစပ်ဆောင်ရွက်ပေးခဲ့သည်။

ဆက်လက်ပြီး တိုင်းဒေသကြီး ဝန်ကြီးချုပ်သည် မုံရွာတက္ကသိုလ်သို့ ရောက်ရှိရာ ပါမောက္ခချုပ်နှင့် ပါမောက္ခ/ဌာနမှူးများ၊ ဆရာဆရာမများနှင့် ရင်းရင်းနှီးနှီး တွေ့ဆုံရာတိုင်းဒေသကြီး ဝန်ကြီးချုပ်က နှုတ်ဆက်စကားပြောကြားသည်။

ထို့နောက် မုံရွာတက္ကသိုလ်ပါမောက္ခချုပ် ဒေါက်တာ အောင်ကျော်သင်က ကျောင်း၏ လိုအပ်ချက်များအား ဆွေးနွေးတင်ပြရာ တိုင်းဒေသကြီး ဝန်ကြီးချုပ်က ဆွေးနွေးတင်ပြချက်များအပေါ် လိုအပ်သည်များကို တာဝန်ရှိသူများနှင့် ဖြည့်ဆည်းပေါင်းစပ် ဆောင်ရွက်ပေးခဲ့သည်။



ဆက်လက်၍ တိုင်းဒေသကြီး ဝန်ကြီးချုပ်နှင့် တာဝန်ရှိသူများသည် မုံရွာပညာရေးဒီဂရီကောလိပ်သို့ ရောက်ရှိရာ ကျောင်းအုပ်ဆရာမကြီး၊ ဆရာ/ဆရာမများနှင့် ရင်းရင်းနှီးနှီး တွေ့ဆုံရာ တိုင်းဒေသကြီး ဝန်ကြီးချုပ်က နှုတ်ဆက်စကားပြောကြားသည်။

ယင်းနောက် မုံရွာပညာရေးဒီဂရီကောလိပ် ကျောင်းအုပ်ဆရာမကြီး ဒေါက်တာ မင်းမင်းသိမ့်က ကျောင်း၏သင်ကြားရေးလုပ်ငန်းများနှင့် လိုအပ်ချက်များအား ဆွေးနွေးတင်ပြရာ တိုင်းဒေသကြီး ဝန်ကြီးချုပ်က တင်ပြချက်များအပေါ် လိုအပ်သည်များကို တာဝန်ရှိသူများနှင့် ဖြည့်ဆည်း ပေါင်းစပ်ဆောင်ရွက်ပေးခဲ့သည်။

ထို့နောက်တိုင်းဒေသကြီးဝန်ကြီးချုပ်နှင့် တာဝန်ရှိသူများသည် မုံရွာစီးပွားရေးတက္ကသိုလ်နှင့် မုံရွာတက္ကသိုလ်ရှိ ကျောင်းသားကျောင်းသူများ စိတ်အေးချမ်းသာစွာဖြင့် အဝေးသင်စာမေးပွဲဖြေဆိုနေမှုများနှင့် မုံရွာပညာရေးဒီဂရီကောလိပ်ရှိ ဆရာ ဆရာမများ B.Ed. စာပေးစာယူစာမေးပွဲဖြေဆိုနေမှုများအား လိုက်လံကြည့်ရှုအားပေးခဲ့ကြပြီး လိုအပ်သည်များကို တာဝန်ရှိသူများနှင့် ဖြည့်ဆည်းပေါင်းစပ်ဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

**တိုင်းဒေသကြီး (ပြန်/ဆက်)**

## ကန့်ကြီးထောင့်မြို့နယ်၌ မီးဘေးအန္တရာယ် ကြိုတင်ကာကွယ်ရေး ဆောင်ရွက်ထားရှိမှု ကွင်းဆင်းစစ်ဆေး

**ကန့်ကြီးထောင့် နိုဝင်ဘာ ၁၈**

ဧရာဝတီတိုင်းဒေသကြီး ကန့်ကြီးထောင့်မြို့နယ်တွင် ပြည်သူလူထု အသက်အိုးအိမ်ပစ္စည်းများ၊ မြို့နယ်အတွင်းရှိ စက်သုံးဆီအရောင်းဆိုင်များ၊ စက်ရုံနှင့် အလုပ်ရုံများ မီးဘေးအန္တရာယ်ကင်းရှင်းစေရေးအတွက် ကာကွယ်ဆောင်ရွက်ထားရှိမှုများကို ယနေ့နံနက်ပိုင်းက တာဝန်ရှိသူများ ကွင်းဆင်းစစ်ဆေးခဲ့ကြောင်း သိရသည်။



ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် မြို့နယ်မီးသတ်ဦးစီးဌာန ဦးစီးမှူး ဦးမျိုးမြင့်စိုးနှင့် မီးသတ်တပ်ဖွဲ့ဝင်များ၊ မြို့နယ်အဆင့် ဌာနဆိုင်ရာအကြီးအကဲများနှင့် တာဝန်ရှိသူများက မြို့နယ်အတွင်းရှိ မီးလောင်မှု၊ မီးလန့်မှုမဖြစ်ပွား၊ မပေါ်ပေါက်စေရေးနှင့် မီးဘေးအန္တရာယ် ကင်းရှင်းစေရေးအတွက် လျှပ်စစ်မီးများ အသုံးပြုရာတွင် မီးဘေးလုံခြုံရေး အလေးထားလိုက်နာဆောင်ရွက်ရန် မီးချိတ်၊ မီးကပ်၊ သဲပုံး၊ ရေပုံးနှင့် မီးသတ်ဆေးဘူးများ စသည့် မီးဘေးအန္တရာယ် ကြိုတင်ကာကွယ်ရေး ဆောင်ရွက်ထားရှိမှုများကို စစ်ဆေးအကြံပြုခြင်းများ၊ ကွင်းဆင်းဆောင်ရွက်ခဲ့ကြကြောင်း သိရသည်။

**မြို့နယ်(ပြန်/ဆက်)**



## ၂၅ နှစ် အရစ်ကျစနစ်ဖြင့် ဝယ်ယူနိုင်မည့် အိမ်ခြံမြေအရောင်းပြပွဲ ခင်းကျင်းပြသ

**ရန်ကုန် နိုဝင်ဘာ ၁၈**

ပိုင်ဆိုင်မှုခိုင်မာပြီး ၂၅ နှစ် အရစ်ကျစနစ်ဖြင့် ဝယ်ယူနိုင်မည့် အစီအစဉ်များပါဝင်သည့် အိမ်ခြံမြေအရောင်းပြပွဲ(Little Yangon Property Supermarket)ကို ရန်ကုန်မြို့ မရမ်းကုန်းမြို့နယ် မင်းဓမ္မလမ်းရှိ Myanmar Convention Center ၌ ယနေ့ နံနက်ပိုင်းက ခင်းကျင်းပြသခဲ့သည်။

အရောင်းပြပွဲ ဖွင့်ပွဲအခမ်းအနားတွင် Property Link ၏ Co-Founder & Director ကိုကျော်စွာဟိန်းက အဖွင့်အမှာစကားပြောကြားပြီး ပြပွဲတွင်ပါဝင်ပြသသည့် ကုမ္ပဏီများမှ တာဝန်ရှိသူများနှင့်အတူ ပြပွဲကို ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြသည်။

"အိမ်ခြံမြေလောကမှာ ရောင်းမှားဝယ်မှားပြဿနာတွေ အတော်ရှိတယ်။ ခဏခဏလည်းဖြစ်နေတယ်။ အဲဒီလို ရောင်းမှားဝယ်မှား မဖြစ်ရအောင် ပိုင်ဆိုင်မှုခိုင်မာတဲ့ အိမ်ခြံမြေတွေ ဝယ်ယူနိုင်အောင်၊ စိတ်ချလက်ချဝယ်ယူနိုင်အောင်လို့ ဒီပြပွဲကို စီစဉ်ရခြင်းဖြစ်ပါတယ်။ မြန်မာနိုင်ငံမှာ အိမ်ပိုင်ဆိုင်သူ ဦးရေက နည်းပါတယ်။ ဒါကြောင့် ဝယ်ယူနိုင်အောင် အရစ်ကျစနစ်တွေပါတယ်။ ဘဏ်တွေနဲ့လည်း ချိတ်ဆက်ထားတယ်။ အခုဆို ၂၅ နှစ် အရစ်ကျစနစ်နဲ့ ရောင်းချပေးတာတွေ ပါဝင်ပါတယ်" ဟု ကိုကျော်စွာဟိန်းက ပြောသည်။

အဆိုပါပြပွဲကို နိုဝင်ဘာ ၁၈၊ ၁၉ နှစ်ရက်တာ နံနက် ၉ နာရီမှ ညနေ ၅ နာရီအထိ ခင်းကျင်းပြသွားမည်ဖြစ်ပြီး ပြပွဲလာရောက်သူများအနေဖြင့် ပြခန်းပေါင်း ၄၀ ခန့်တွင် ရန်ကုန်မြို့ရှိ ကွန်ဒို၊ တိုက်ခန်း၊ မြေကွက်များ၊ ရန်ကုန်ပြင်ပရှိ အိမ်ခြံမြေများ၊ နိုင်ငံခြားရှိ အိမ်ခြံမြေများကို ဝယ်ယူနိုင်ရန် စီစဉ်ထားကာ အိမ်ခြံမြေဆိုင်ရာဆွေးနွေးပွဲ (Panel Discussion)၊ အိမ်ခြံမြေဗဟုသုတဟောပြောပွဲ (Knowledge Sharing Session)များကိုလည်း တက်ရောက်လေ့လာနိုင်မည်ဖြစ်ကြောင်း သိရသည်။

**ကိုထက်**

## ရန်ကုန်မြို့နှင့် မန္တလေးမြို့အတွက် ရည်ညွှန်းလက်ကားဈေးနှုန်းများနှင့် ပြည်ထောင်စုနယ်မြေ နေပြည်တော်၊ တိုင်းဒေသကြီး/ပြည်နယ် မြို့တော်များအတွက် ရည်ညွှန်းလက်လီဈေးနှုန်းများ

၁၉-၁၁-၂၀၂၄ ကျပ်/လီတာ

| Fuel (လက်လီဈေးနှုန်း) | ရန်ကုန် | မန္တလေး | နေပြည်တော် | ပဲခူး | မကွေး | ထားဝယ် | မုံရွာ | ပုသိမ် | မြစ်ကြီးနား | စစ်တွေ | ဘားအံ | မော်လမြိုင် | လားရှိုး | တောင်ကြီး | လွိုင်ကော် | ဟားခါး | ကျိုင်းတုံ |
|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|
| 92 Ron | ၂၁၀၅ | ၂၁၅၅ | ၂၁၅၀ | ၂၁၁၅ | ၂၁၅၅ | ၂၁၈၀ | ၂၁၆၀ | ၂၁၄၀ | ၂၂၄၀ | ၂၂၅၅ | ၂၁၄၅ | ၂၁၅၅ | ၂၁၉၀ | ၂၁၉၅ | ၂၁၉၅ | ၂၄၂၅ | ၂၈၆၀ |
| 95 Ron | ၂၂၄၀ | ၂၂၉၀ | ၂၂၈၅ | ၂၂၅၀ | ၂၂၈၅ | ၂၃၀၀ | ၂၂၉၅ | ၂၂၇၀ | ၂၃၇၀ | ၂၃၈၅ | ၂၂၈၀ | ၂၂၉၅ | ၂၃၂၅ | ၂၃၂၅ | ၂၃၃၀ | ၂၅၅၅ | ၂၉၆၀ |
| HSD (500 ppm) | ၂၁၂၅ | ၂၁၇၅ | ၂၁၇၀ | ၂၁၃၅ | ၂၁၇၀ | ၂၁၉၅ | ၂၁၉၀ | ၂၁၅၅ | ၂၂၇၅ | ၂၂၇၀ | ၂၁၆၅ | ၂၁၇၅ | ၂၂၁၀ | ၂၂၁၀ | ၂၂၁၅ | ၂၄၄၀ | ၃၁၉၀ |
| HSD (50 ppm) | ၂၂၁၅ | ၂၂၆၀ | ၂၂၆၀ | ၂၂၂၀ | ၂၂၆၀ | ၂၂၈၅ | ၂၂၈၀ | ၂၂၄၅ | ၂၃၆၅ | ၂၃၆၀ | ၂၂၅၅ | ၂၂၆၅ | ၂၃၀၀ | ၂၃၀၀ | ၂၃၀၀ | ၂၅၃၀ | ၃၂၅၀ |
| HSD (10 ppm) | ၂၂၁၅ | ၂၂၆၅ | ၂၂၆၅ | ၂၂၂၅ | ၂၂၆၅ | ၂၂၉၀ | ၂၂၈၅ | ၂၂၅၀ | ၂၃၇၀ | ၂၃၆၅ | ၂၂၅၅ | ၂၂၇၀ | ၂၃၀၀ | ၂၃၀၅ | ၂၃၀၅ | ၂၅၃၅ | ၃၂၅၀ |

ကျပ်/လီတာ

| Fuel (လက်ကားဈေးနှုန်း) | ရန်ကုန် | မန္တလေး |
|---|---|---|
| 92 Ron | ၂၀၀၁ | ၂၀၇၄ |
| 95 Ron | ၂၁၂၉ | ၂၂၀၅ |
| HSD (500 ppm) | ၂၀၁၈ | ၂၀၈၇ |
| HSD (50 ppm) | ၂၁၀၄ | ၂၁၇၆ |
| HSD (10 ppm) | ၂၁၀၈ | ၂၁၇၉ |

မှတ်ချက်။ (၁) MOPS ဈေးနှုန်းပေါ်တွင် အခြေခံတွက်ချက်ထားခြင်းဖြစ်ပါသည်။

(၂) သုံးစွဲသူမိဘပြည်သူများအနေဖြင့် စက်သုံးဆီများဝယ်ယူသုံးစွဲရာတွင် ကျေနပ်မှုမရှိပါက ကော်မတီ၏ အောက်ဖော်ပြပါဖုန်းနံပါတ်များသို့ လုံခြုံစိတ်ချစွာဖြင့် သတင်းပေးတိုင်ကြားနိုင်ပါကြောင်း အသိပေးအပ်ပါသည်-

၀၆၇- ၄၁၁၁၂၉၊ ၀၉-၂၅၄၆၂၅၄၇၇

၀၆၇- ၄၁၁၂၈၂၊ ၀၉-၇၇၅၂၉၃၆၃၂

**စက်သုံးဆီတင်သွင်းသိုလှောင်ဖြန့်ဖြူးခြင်းလုပ်ငန်းကြီးကြပ်ရေးကော်မတီ**

## မွန်ပြည်နယ်ဝန်ကြီးချုပ် စုပေါင်းသန့်ရှင်းရေးဆောင်ရွက်မှု ကြည့်ရှုအားပေး



**မော်လမြိုင် နိုဝင်ဘာ ၁၈**

မွန်ပြည်နယ်အတွင်း ခရိုင်၊ မြို့နယ်များတွင် မြို့တွင်း၊ မြို့ပြင် ပတ်ဝန်းကျင်များ၊ ဘုန်းတော်ကြီးကျောင်းများ၊ စာသင်ကျောင်းများနှင့် ဆေးရုံများ သန့်ရှင်းသာယာလှပစေရေးအတွက် အပတ်စဉ် စနေနေ့တိုင်း စုပေါင်းသန့်ရှင်းရေးလုပ်ငန်းများ ဆောင်ရွက်လျက်ရှိရာ ယနေ့ နံနက်ပိုင်းတွင် မော်လမြိုင်မြို့နယ် လှိုင်ရပ်ကွက် ပရိယတ္တိဓမ္မဗိမာန်တော်ကြီး၌ စုပေါင်းသန့်ရှင်းရေးဆောင်ရွက်နေမှုကို ပြည်နယ်ဝန်ကြီးချုပ် ဦးအောင်ကြည်သိန်း၊ ပြည်နယ်အစိုးရအဖွဲ့ဝင်ဝန်ကြီးများနှင့် တာဝန်ရှိသူများ သွားရောက်ကြည့်ရှုအားပေးခဲ့သည်။

ပြည်နယ်အစိုးရအဖွဲ့၏ ကြီးကြပ်မှုဖြင့် စုပေါင်းသန့်ရှင်းရေးဆောင်ရွက်ရာတွင် ပြည်နယ်၊ ခရိုင်၊ မြို့နယ်အဆင့်ဌာနဆိုင်ရာ ဝန်ထမ်းများ၊ လူမှုရေးအသင်းအဖွဲ့များ၊ ရပ်ကွက်အုပ်ချုပ်ရေးမှူးနှင့် ပရဟိတအဖွဲ့အစည်းများက အမှိုက်သရိုက်များ ရှင်းလင်းခြင်း၊ ချုံနွယ်များ ခုတ်ထွင်ရှင်းလင်းခြင်းများကို စုပေါင်းဆောင်ရွက်ကြသည်။

အလားတူ ပြည်နယ်အစိုးရအဖွဲ့၏ညွှန်ကြားမှုဖြင့် စနေနေ့တိုင်း ခရိုင်၊ မြို့နယ်များအတွင်းရှိ စာသင်ကျောင်းများ၊ ဘုန်းတော်ကြီးကျောင်းများ၊ ဆေးရုံများ၊ ရပ်ကွက်များတွင်လည်း သန့်ရှင်းသာယာလှပစေရေးနှင့် ကျန်းမာရေးအထောက်အကူဖြစ်စေရေးအတွက် စုပေါင်းသန့်ရှင်းရေးဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**ပြည်နယ်(ပြန်/ဆက်)**

## ဒုတိယဝန်ကြီး ဦးဝင်းရှိန် မန္တလေးမြို့နှင့် ပြင်ဦးလွင်မြို့တို့တွင် တာဝန်ထမ်းဆောင်နေသော ဝန်ထမ်းများနှင့် တွေ့ဆုံ

**နေပြည်တော် နိုဝင်ဘာ ၁၈**

အလုပ်သမားဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးဝင်းရှိန်သည် မန္တလေးတိုင်းဒေသကြီးတွင် တာဝန်ထမ်းဆောင်နေသော ဦးစီးဌာန၊ အဖွဲ့ ရုံးများမှ ဝန်ထမ်းများကို ယနေ့နံနက်ပိုင်းတွင် ပြည်ကြီးတံခွန်မြို့နယ်ရှိ ကျွမ်းကျင်မှု လေ့ကျင့်ရေးသင်တန်းကျောင်း (မန္တလေး)၌ တွေ့ဆုံသည်။

**အောင်မြင်အောင် ဆောင်ရွက်**

တွေ့ဆုံစဉ် ဒုတိယဝန်ကြီးက နိုင်ငံ့ဝန်ထမ်းများသည် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ ရှေ့လုပ်ငန်းစဉ်(၅)ရပ်၊ ဦးတည်ချက်(၉)ရပ်နှင့်အညီ တာဝန်ကျရာကဏ္ဍများတွင် အောင်မြင်အောင် ဆောင်ရွက်ရမည်ဖြစ်ကြောင်း၊ ဝန်ထမ်းဆိုင်ရာဥပဒေ၊ နည်းဥပဒေ၊ စည်းမျဉ်းစည်းကမ်း၊ လုပ်ထုံးလုပ်နည်း၊ အမိန့်နှင့်ညွှန်ကြားချက်များ၊ စောင့်ထိန်းရမည့် ကျင့်ဝတ်များကို လိုက်နာရန်တာဝန်ရှိကြောင်း၊ ဝန်ထမ်းများ လိုက်နာစောင့်ထိန်းရမည့် ကျင့်ဝတ်နှင့်အညီ လုပ်ကိုင်ဆောင်ရွက်မည်ဆိုပါက မိမိဝန်ကြီးဌာန၏ မူလလုပ်ငန်းများ၊ ရည်မှန်းချက်များ အောင်မြင်ပြီးမြောက်ပြီး နိုင်ငံတော်အတွက် ကောင်းမွန်သည့် အကျိုးကျေးဇူးများ ရရှိမည်ဖြစ်ကြောင်း၊ ဝန်ထမ်းများအနေဖြင့် ပြည်သူများနှင့် ဆက်ဆံရာတွင် တတ်နိုင်သမျှ စိတ်ရှည်သည်းခံပြီး ချေငံစွာဆက်ဆံရန် လိုအပ်ကြောင်း၊ တာဝန်အရ အပ်နှင်းထားသည့် လုပ်ပိုင်ခွင့်ကို အလွဲသုံးစားပြု၍ ကိုယ်ကျိုးရှာခြင်း၊ လာဘ်ပေးလာဘ်ယူ ပြုလုပ်ခြင်းများကို ရှောင်ကြဉ်ရန်နှင့် ဝန်ထမ်းအချင်းချင်း စည်းလုံးညီညွတ်မှုကို ထိန်းသိမ်းစောင့်ရှောက်ရမည်ဖြစ်ကြောင်း။



တိုင်းဒေသကြီးတာဝန်ခံ၊ မြို့နယ်ရုံးခွဲတာဝန်ခံများအနေဖြင့် မိမိတို့၏ ရုံးများလုံခြုံရေး စနစ်တကျရှိစေရေး ကြပ်မတ်ကွပ်ကဲဆောင်ရွက်ကြရန် ကိစ္စရပ်များ၊ အရေးကြီးစာရွက်စာတမ်းများ၊ ရုံးသုံးပစ္စည်းများ လုံခြုံမှုအဆင့်အတန်းနှင့် ဦးစားပေးအဆင့်အတန်းများ သေချာစွာ သတ်မှတ်ထားရှိရန်ကိစ္စရပ်များ၊ ဝန်ထမ်းများ၏ သွားလာနေထိုင်မှုတို့တွင် လုံခြုံရေးအား အထူးဂရုပြုဆောင်ရွက်ကြရန်နှင့် နယ်မြေအခြေအနေနှင့်ပတ်သက်၍ ထူးခြားဖြစ်စဉ်များအား အချိန်နှင့်တစ်ပြေးညီ တာဝန်ရှိသူအဆင့်ဆင့်ထံသို့ သတင်းပေးပို့ကြရန် လိုအပ်ကြောင်း မှာကြားပြီး ဝန်ထမ်းများ၏ တင်ပြချက်များအပေါ် လိုအပ်သည်များ ဖြည့်ဆည်းဆောင်ရွက်ပေးသည်။

အလားတူ ယမန်နေ့ နံနက်ပိုင်းတွင်လည်း ဒုတိယဝန်ကြီးသည် ပြင်ဦးလွင်မြို့တွင် တာဝန်ထမ်းဆောင်နေသော ဝန်ထမ်းများကို ပြင်ဦးလွင်မြို့၊ လူမှုဖူလုံရေး အဖွဲ့ရုံး အစည်းအဝေးခန်းမ၌ တွေ့ဆုံအမှာစကားပြောကြားခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

## နေပြည်တော်ကောင်စီအဖွဲ့ဝင် ဦးဇေယျာလင်း စိုက်ပျိုးရေးစွန့်ပစ်ပစ္စည်းများကို သဘာဝမြေသြဇာပြုလုပ်ခြင်း လက်တွေ့သရုပ်ပြပွဲ တက်ရောက်အားပေး



**နေပြည်တော် နိုဝင်ဘာ ၁၈**

ပြည်ထောင်စုနယ်မြေ နေပြည်တော်အတွင်း မီးခိုးမြူငွေ့ ညစ်ညမ်းမှု လျှော့ချရေးဆိုင်ရာ လုပ်ငန်းစဉ် တစ်ရပ်ဖြစ်သည့် စိုက်ပျိုးရေးစွန့်ပစ်ပစ္စည်းများအား သဘာဝမြေသြဇာ ပြုလုပ်ခြင်း လက်တွေ့သရုပ်ပြပွဲ အခမ်းအနားကို နိုဝင်ဘာ ၁၆ ရက်က ဇမ္ဗူသီရိမြို့နယ် တဲကြီးကုန်းကျေးရွာ ရှင်းလင်းဆောင်၌ ကျင်းပရာ နေပြည်တော်နယ်စပ်ဖြတ်ကျော် မီးခိုးမြူငွေ့ညစ်ညမ်းမှု လျှော့ချရေးဆိုင်ရာ လုပ်ငန်းကော်မတီ ဥက္ကဋ္ဌ နေပြည်တော်ကောင်စီအဖွဲ့ဝင် ဦးဇေယျာလင်း၊ နေပြည်တော်နယ်စပ်ဖြတ်ကျော်မီးခိုးမြူငွေ့ညစ်ညမ်းမှုလျှော့ချရေးဆိုင်ရာ လုပ်ငန်းကော်မတီဝင်များ၊ ဌာနဆိုင်ရာများ၊ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဝင်များ၊ ဆုလာဘ်ပိုင်ဖောင်ဒေးရှင်း အသင်းဥက္ကဋ္ဌနှင့် တာဝန်ရှိသူများ၊ ဒေသခံတောင်သူများ တက်ရောက်ကြသည်။

ဦးစွာ မီးခိုးမြူငွေ့ညစ်ညမ်းမှု လျှော့ချနိုင်ရေး အမှိုက်များကို မီးရှို့ခြင်းမပြုဘဲ စနစ်တကျ စွန့်ပစ်ခြင်းဖြင့် သန့်ရှင်းသော ပတ်ဝန်းကျင်နှင့် ကောင်းမွန်သော ဂေဟစနစ်ကို ထိန်းသိမ်းနိုင်မည်ဖြစ်ပြီး ဖွံ့ဖြိုးရေးလုပ်ငန်းစဉ်များတွင် ပတ်ဝန်းကျင် ထိန်းသိမ်းရေးဆိုင်ရာ ကိစ္စရပ်များကို စနစ်တကျ ထည့်သွင်း ပေါင်းစပ်ခြင်းဖြင့် ရေရှည်စဉ်ဆက်မပြတ် ဖွံ့ဖြိုးတိုးတက်မှုရရှိရေးတို့ကို ရည်မှန်းချက်ထား၍ အကောင်အထည်ဖော် ဆောင်ရွက်သွားရမည်ဖြစ်ကြောင်း၊ ပြည်ထောင်စုနယ်မြေ နေပြည်တော်သည် ၂၀၁၇ ခုနှစ်တွင် ပေးအပ်ချီးမြှင့်ခဲ့သော အာဆီယံ ပတ်ဝန်းကျင်ဆိုင်ရာ ရေရှည်တည်တံ့သော မြို့ကြီးများ ဆုကိုရရှိခဲ့ပြီး နိုင်ငံတော်အကြီးအကဲ၏ လမ်းညွှန်ချက်ဖြစ်သည့် Clean City၊ Green City and Smart City မြို့တော်ဖြစ်အောင် ဆက်လက် အကောင်အထည်ဖော် ဆောင်ရွက်သွားကြရန် တိုက်တွန်းပြောကြားခဲ့သည်။

**လက်တွေ့ရှင်းလင်းပြသ**

ထို့နောက်စိုက်ပျိုးရေးဦးစီးဌာနမှ မြို့နယ်ဦးစီးမှူး ဦးဘဌေးက မီးခိုးမြူငွေ့ ညစ်ညမ်းမှုလျှော့ချရေးဆိုင်ရာ လုပ်ငန်းစဉ်တစ်ရပ်ဖြစ်သည့် စိုက်ပျိုးရေးလုပ်ငန်းမှ ထွက်ရှိလာသည့် စွန့်ပစ်ပစ္စည်း ကောက်ရိုးပြတ်များ၊ ပြောင်းရိုးများအား သဘာဝမြေသြဇာ ပြုလုပ်ပုံ အဆင့်ဆင့်ကို လက်တွေ့ ရှင်းလင်းပြသခဲ့ရာ တက်ရောက်လာကြသည့် ဒေသခံတောင်သူများက စိတ်ပါဝင်စားစွာ လေ့လာ ကြည့်ရှုခဲ့ကြကြောင်း သိရသည်။

**ဟိန်းသူအောင်(ပြန်/ဆက်)**

## သဃ်န်းကျွန်းခရိုင် ဘာသာပေါင်းစုံချစ်ကြည်ညီညွတ်ရေးအဖွဲ့ ဒီပါဝလီဆီမီးထွန်းပွဲတော် ကျင်းပ

**ရန်ကုန် နိုဝင်ဘာ ၁၈**

ရန်ကုန်တိုင်းဒေသကြီး သဃ်န်းကျွန်းခရိုင် ဘာသာပေါင်းစုံချစ်ကြည်ညီညွတ်ရေးအဖွဲ့မှ ကြီးမှူးကျင်းပသော ဟိန္ဒူရိုးရာ ဒီပါဝလီဆီမီးထွန်းပွဲတော်ကို ယမန်နေ့ ညနေ ၄ နာရီက ရန်ကုန်မြို့ တောင်ဥက္ကလာပမြို့နယ်ရှိ Yangon Ambience ၌ စည်ကားသိုက်မြိုက်စွာ ကျင်းပသည်။

ဦးစွာ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဘာသာပေါင်းစုံချစ်ကြည်ညီညွတ်ရေးအဖွဲ့(ဗဟို)နှင့် ရန်ကုန်တိုင်းဒေသကြီးတို့မှ တာဝန်ရှိသူများက ဟိန္ဒူရိုးရာ ဒီပါဝလီ ဆီမီးထွန်းညှိ၍ အခမ်းအနားကို ဖွင့်လှစ်ခဲ့ပြီး ဂုဏ်သရေရှိလူကြီးမင်းများအား ဒီပါဝလီခြုံလွှာနှင့် ဂုဏ်ပြုပန်းကုံးများကို ချီးမြှင့်ခဲ့သည်။ ဆက်လက်၍ ရန်ကုန်တိုင်းဒေသကြီး ဘာသာပေါင်းစုံချစ်ကြည်ညီညွတ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးထွန်းထွန်းဦးက အဖွင့်အမှာစကား ပြောကြားခဲ့ပြီး ဟိန္ဒူဘာသာရေးခေါင်းဆောင်ဆရာ ဦးရာမူးက ဒီပါဝလီပွဲတော်နှင့်ပတ်သက်သည့် ဂုဏ်ပြုစကား ချီးမြှင့်ပြောကြားခဲ့သည်။ ထို့နောက် သဃ်န်းကျွန်းခရိုင် ဘာသာပေါင်းစုံချစ်ကြည်ညီညွတ်ရေးအဖွဲ့မှ ဟိန္ဒူဘာသာကိုယ်စားပြု ဒုတိယဥက္ကဋ္ဌ ဦးဘနီက ဒီပါဝလီပွဲတော်နှင့် ပတ်သက်၍ ရှင်းလင်းပြောကြားပြီး ဒီပါဝလီပွဲတော်ကျင်းပနိုင်ရေးအတွက် လိုအပ်သည်များ ပံ့ပိုးကူညီပေးခဲ့ကြသည့် အလှူရှင်များအား ဂုဏ်ပြုမှတ်တမ်းလွှာများ ပေးအပ်ခဲ့သည်။

ယင်းနောက် သဃ်န်းကျွန်းခရိုင် ဘာသာပေါင်းစုံချစ်ကြည်ညီညွတ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးမောင်မောင်ညွန့်က ကျေးဇူးတင်စကား ပြန်လည်ပြောကြားခဲ့ပြီး အခမ်းအနားသို့ တက်ရောက်လာကြသည့် ဧည့်သည်တော်များအား ဒီပါဝလီ ဂုဏ်ပြုညစာဖြင့် တည်ခင်းဧည့်ခံခဲ့ကြကြောင်း သိရသည်။

**နိုင်လင်းအောင် (တာမွေ)**

ဝတ္ထုတို

## လင်းနွေးအိမ်

**အခန်း ( ၁ )**

"ခက်ပဲ့လားဗျာ။ ကျုပ်က ဒီမှာပဲ နေရမယ် ဟုတ်လား"

"ဟုတ်တယ်။ မင်းအတွက် လားရာက ဒီနေရာပဲ"

ဦးခေါင်းထက်၌ အချွန်အတက်များနှင့် အကောင်မည်းမည်းကြီးများက စိုးတင့်ကို မညှာတာ။ လက်ထဲမှ အသင့်ကိုင်ဆောင်ထားသည့် ခက်ရင်းခွကြီးများဖြင့် ထိုးတော့မည် တကဲကဲ။ အင်မတန်မှကြောက်စရာကောင်းနေသည့် မြင်ကွင်းကို မြင်တွေ့နေရသည့် စိုးတင့်အဖို့ ကြောက်ဒူးများလည်း တုန်နေတော့၏။

မီးခိုးငွေ့ တထောင်းထောင်း ထနေသည့် ပတ်ဝန်းကျင်ကြီးတစ်ခု၊ အသံဗလံများနှင့် ဆူညံနေကြရာ တချို့လည်း လက်မြှောက်ပြီး ကုန်းအော်သူက အော်နှင့်၊ ပြစ်ဒဏ်ပေးဖို့ဖွတ်အတင်းဆွဲခေါ်နေသည့် ငရဲသားများကြား၌ စိုးတင့်တစ်ယောက် ရှုန်းရင်းကန်ရင်း ရှိနေတော့၏။

"ဟေ့ ငမိုက်သား။ အသာတကြည် လိုက်ခဲ့။ ငါတို့ဆီမှာ မင်းအတွက် ဗီဇာကျပြီးသားနော် "

"ကျုပ်က ဒီနေရာမှာ နေရမယ့်သူ မဟုတ်ပါဘူးဗျာ။ လူ့ပြည်မှာတုန်းက ကောင်းမှုတွေ လုပ်ခဲ့ဖူးပါတယ်။ ဒါကြောင့် ကျုပ်ကို ဒီနေရာမှာ မထားသင့်ဘူးလေ"

"တယ် ဒီငမိုက်သားတော့ . . . "

ခန္ဓာကိုယ် အသွင်အပြင်နှင့် လိုက်အောင် စိတ်ကလည်း ကြမ်းကြုတ်နေသည့် မည်းမည်းအကောင်ကြီးများက စိုးတင့်ကို ခက်ရင်းခွကြီးများဖြင့် ချိန်ရွယ်လိုက်၏။ စိတ်မရှည်တော့သည့် မျက်နှာထားကြီးများနှင့်။ ခက်ရင်းခွကြီးများ အောက် စိုးတင့်ခမျာ ခေါင်းလေးကိုပုပြီး ကျုံ့ကျုံ့လေး ဖြစ်နေရှာ၏။

**အခန်း ( ၂ )**

ဆင်းရဲသားလို့ အခေါ်ခံရသည့်ဘဝမှာ စိုးတင့် လူဖြစ်ခဲ့ရသည်။ နေစရာဆိုသည်က တဲကုပ်။ စားစရာက ငါးပိဖုတ်။ အိပ်စရာနေရာက ခြင်ထောင်စုတ်။ ဝတ်စရာအဝတ်အစားကျပြန်တော့လည်း အနုပ်စုတ် ကုပ်စုတ်နှင့် အမွဲတကာ ထွတ်ခေါင်ဘွဲ့ကိုပင် ခံယူရမည့် အနေအထား ဖြစ်နေ၏။ တစ်နေ့လုပ်မှ တစ်နေ့ စားရသည့်ဘဝမို့ သူ့အတွက်က အလုပ်ရှိနေဖို့ လိုအပ်သည်။ ဝမ်းတစ်ထွာ၏ အရေးကိစ္စကို ဖြည့်ဆည်းပေးနိုင်ဖို့ အတွက် လယ်ပိုင်ရှင်သူဌေး၏ အိမ်၌ သူရင်းငှားအလုပ်ကို သွားလုပ်ရတော့၏။

သူဌေးနှင့် သူဌေးကတော်၏ သဘောမနောကောင်းမှုကြောင့် အနေအစား ချောင်သည်ဟု ဆိုရမည်။ သူကား အခြားသော သူရင်းငှားများကဲ့သို့ အားနှင့်ခွန်နှင့် လုပ်ကိုင်စရာမလို။ တစ်နေ့တစ်နေ့ ဟိုယောင်ယောင် ဒီယောင်ယောင်နှင့် နှစ်ကာလတချို့ထိတိုင် ဖြတ်ကျော်လာခဲ့၏။

တစ်နေ့ သူဌေးက လက်ကြေမတင်းဖြစ်နေသည့် စိုးတင့်အား တောင်ယာခင်း




ကို ထွန်ယက်ဖို့ စေခိုင်းခဲ့သည်။ စိုးတင့်အဖို့ ခါတိုင်းနေ့များကဲ့သို့ပင် ရေသာခိုနေ၍ မရတော့။ တစ်ရှိုးတည်း ထွန်ယက်နေရသည့်ယာကွက်ကို အချိန်မီပြီးစီးနိုင်ဖို့ အရေး လုံးပန်းနေရတော့သည်။

"ဟဲ့ နွားက သွားလေပါ။ စိတ်ကပျက် ရတဲ့အထဲ အရေးထဲ ဒီနွားအိုက... ကဲကွာ"

ပင်ပင်ပန်းပန်း မလုပ်ဖြစ်သည်မှာ ကြာလာတော့ လူကလည်း အမောဒဏ်ကို မခံနိုင်တော့။ မောပန်းမှုဖြစ်လာလေလေ စိတ်ထဲက အလိုလိုနေရင်း ဒေါသထွက်လာလေလေဖြစ်၏။ ထွန်ယက်မှုကိုလည်း မြန်မြန်ပြီးစီးချင်၏။ ထို့ကြောင့် နှေးကွေးစွာ သွားနေသည့် နွားတစ်ကောင်၏ ကြောပြင်ပေါ်သို့ ကြိမ်လုံးဖြင့် ဖြောင်းပေးလိုက်တော့၏။

အရိုက်ခံလိုက်ရသည့် နွားမှာ အသက်အရွယ် ရလာပြီဖြစ်သောကြောင့် ရိုက်နှက်နေသည့်တိုင် ထူးခြားမှု ဖြစ်မလာ။ ပုံမှန်ခြေလှမ်းအတိုင်း သွားနေလျက်။

"ဒီနွားအိုကတော့ သေခါနီးမှ၊ မြန်မြန်အသက်ထွက်ချင်ပြီ ထင်တယ်"

"ဒေါင် ဒေါင် ဒေါင် . . . "

ရွာဦးဘုန်းကြီးကျောင်းဆီမှ ဆွမ်းစားကြေးစည် ခေါက်သည့်အသံကို ကြားလိုက်ရသည်။ ထိုအချိန် ရောက်သည့်တိုင် ထွန်ယက်မှုသည်ကား မပြီးမြောက်နိုင်သေး။ သည့်အတွက် စိုးရိမ်မှုတို့ကား စိုးတင့်၏ စိတ်အာရုံတစ်ခုလုံးကို လွှမ်းမိုးလာတော့၏။ သူသည် သူဌေး၏ ဆူပူခြင်းကို ခံရမည်ထက် လုပ်ဖော်ကိုင်ဖက် အချင်းချင်း အထင်သေး အမြင်သေး အဖြစ်ခံရမည်ကို ပို၍စိုးကြောက်နေမိလေ၏။

**အခန်း ( ၃ )**

" မောင်စိုးတင့် အဲဒီယာကွက် စပ်ခဲ့ပြီ မဟုတ်လား။ ဘယ်နှစ်စပ်ထိ ထွန်ခဲ့ရတုန်း။ ထယ်ရေးကော ညက်ရဲ့လားကွဲ့"

"မစပ်ခဲ့သေးပါဘူးဗျာ။ ဟိုနွား တစ်ကောင် ကိုးလိုးကန့်လန့်လုပ်တာနဲ့"

"ဟေ ငါ့ခြံထဲက နွားတွေအကုန်လုံး ကတော့ နွားကောင်းတွေပါ။ ဒါနဲ့ မင်းက ဘယ်နွားတွေနဲ့ ယာထဲဝင်တာလဲ"

"ထိပ်မှာ အကွက်ပါတဲ့ နွားညိုကြီး ပေါ့ဗျာ။ အလကား အသုံးကို မကျဘူး"

သူဌေး၏ မေးမြန်းမှုများအပေါ် စိုးတင့်က သူ့အပြစ်လွတ်အောင် ဖြေကြားပေးလိုက်၏။ ဘေးနားမှာ အသင့်ရှိနေကြသည့် သူရင်းငှားများ၏ အကြည့်စူးစူးများ ကြောင့်လား။ စိုးတင့်အဖြစ်က သူ့ကိုယ်သူလည်း စိတ်မလုံနိုင်တော့။

သူဌေးက သူတစ်ဦးတည်းကိုသာ တမင်ခိုင်းစေသည့်အထင်နှင့် စိုးတင့်၏ စိတ်ထဲ၌ အကြိတ်အခဲလည်း ထားရှိလေ၏။ ခိုင်းစေမှုကို မလွန်ဆန်နိုင်၍သာ စိတ်ပျက်လက်ပျက်နှင့် နွားတင်းကုပ်ထဲမှ ဆွဲမိဆွဲရာ နွားနှစ်ကောင်ကို ဆွဲယူလာခဲ့မိခြင်း ဖြစ်၏။ ပတ်ဝန်းကျင်အထင်သေး အမြင်သေးမှုများကြားမှာ ခေါင်းမဖော်ဝံ့ခဲ့။ လူသားအများစု၏ ဖြစ်လေ့ဖြစ်ထရှိသော သဘောသဘာဝအတိုင်း စိုးတင့်သည်လည်း သူ့၏အပြစ်ကို နွားညိုကြီးဘက်သို့ လွှဲချလိုက်တော့၏။

"ဒီနွားကြီးကိုသာ ဆွဲမလာမိရင် ငါအခုလို အရှက်တကွဲ အကျိုးနည်းဖြစ်ရမှာ မဟုတ်ဘူး။ တောက် . . ."

ထိုနေ့အဖို့ စိုးတင့်တစ်ယောက် ထိုင်လိုက်ထလိုက်ဖြင့် လူက ဂနာမငြိမ် သလို စိတ်ကလည်း ပျာယာခတ်နေတော့သည်။ တစ်နေ့လုံး စဉ်းစားလိုက် ဒေါသထွက်လိုက်နှင့်။ သက်ကြီးခေါင်းချချိန် ရောက်လာသည်အထိ မအိပ်နိုင်သေး။

"ကဲ . . . အချိန်မဆွဲနဲ့တော့ဗျာ။ မြန်မြန်သာ ထုပစ်လိုက်တော့။ ကျုပ်ကို အရှက်ကွဲအောင်လုပ်ခဲ့တဲ့ နွားတော့လား။ ပေးစမ်းပါဗျာ . . . ကြာလွန်းလို့။ ကျုပ်ကိုယ်တိုင်ထုမယ် "

နွားသတ်သမားများနှင့် တိုင်ပင်ပြီး ထိုနေ့ညမှာပဲ သူဌေးမသိအောင် နွားကြီးကို ဇီဝိန်ချုပ်ပေးလိုက်တော့၏။

နွားကြီးသည် "တဘဲဘဲ" နှင့်ပင် အော်ချိန်မရဘဲ သွေးအိုင်ထဲ၌ ဗုန်းဗုန်းလဲကျသွားတော့သည်။ ထိုမြင်ကွင်းကို အစအဆုံးဖန်တီးပြီး အားပါးတရ ကြည့်ကာ စိုးတင့်က ကြိတ်ပြုံးလေးပင် ပြုံးလိုက်သေး၏။

**အခန်း ( ၄ )**

" မယ်တင်ရေ အိမ်ရှေ့မှာ ဆွမ်းတော်လာပြီဟေ့ "

သူဌေးက စာရင်းဇယားများ တွက်ချက်နေရင်းက အော်ပြီး အသိပေးလိုက်၏။ တစ်ဖက်မှ ပြန်လည်ဖြေကြားသံ ထွက်မလာသည်မို့ တွေဝေဝေမောမှုများနှင့် ထိုင်နေဖြစ်သည့် စိုးတင့်ကို အကူအညီ တောင်းလာတော့၏။

"မောင်စိုးတင့်ရေ အိမ်ရှေ့က ကိုယ်တော်လေးကို ဆွမ်းလောင်းလိုက်ပါဦးကွယ်။ မင်းအစ်မက မကြားဘူးထင်ပါရဲ့"

"ဟုတ်ကဲ့"

စိုးတင့်သည် အိမ်ဦးခန်းရှိ စားပွဲပေါ်၌ အသင့်ထားရှိသော ဆွမ်းဟင်းနှင့် ဆွမ်းပန်းကန်ကို မြင်တွေ့လိုက်ရချိန်။ နှခေါင်းဝမှ တိုးဝင်လာသည့် မဆလာနံ့သင်းနေသည့် အမဲသားဟင်းကြောင့် သူ၏အမြင်အာရုံထဲ၌ နွားကြီးကို ပြန်မြင်နေမိ၏။

**အခန်း ( ၅ )**

စိုးတင့်သည် ယခင်ကထက် အလုပ်ကို ပိုပြီးစိတ်ဝင်တစား ဖြစ်လာ၏။ ရည်ရွယ်ချက်သည်ကား သူဌေးက သူ့အပေါ် ယခင်ကထက် ပို၍ယုံကြည်အားကိုးလာစေလိုခြင်း ဖြစ်သည်။ တစ်ဖက်မှလည်း အမြဲလိုလို နောက်ကျောမလုံဖြစ်နေသည့် သူလုပ်ခဲ့သည့်လုပ်ရပ်ကို ဖုံးကွယ်ထားပြီးသား ဖြစ်စေလိုသည့်အတွက်ကြောင့်ပင်။

မြင်သူတိုင်းအဖို့ အံ့သြစရာကောင်းလောက်အောင် နေ့မနား ညမနား အလုပ်တွေကို တအားလုပ်ပြနေတော့၏။ သို့သော် အမှန်တရားဟူသည်ကား ဖျက်ကွယ်ရာမရှိဆိုသည့် စကားကြောင့်လား။ မူဖျက်နေသည်ကိုတော့ သူဌေးနှင့်အတူ လုပ်ဖော်ကိုင်ဖက်များကလည်း သတိထားမိကြ၏။ သည်ကြားထဲ သူ၏ မွေးရာပါဗီဇတစ်ခုဖြစ်သော ရေသာခိုအချောင်လိုက်ချင်သည့်စိတ်များကလည်း ရံဖန်ရံခါ ထွက်ပေါ်လာနေပြန်၏။

**အခန်း ( ၆ )**

တစ်နေ့မှာတော့ . . .

" ဩော် လက်စသတ်တော့ မင်းက ငါ့နွားကိုသတ်ပြီး ရောင်းစားခဲ့တာပါကောလား။ အဲဒီအချိန်တုန်းက ဖမ်းလို့မမိခဲ့တဲ့ နွားသူခိုးဟာ မင်းဖြစ်နေတာကိုး။ ကဲ . . . ဒီတော့ မင်းအထုပ်မင်းယူပြီး ငါ့ဝိုင်းနက်ထဲက ထွက်သွားတော့ကွာ။ ငါမင်းမျက်နှာကို ဆက်မြင်နေရရင် တစ်ခုခုလုပ်မိလိမ့်မယ် "

လူမဆန်ခဲ့သည့် လုပ်ရပ်တစ်ခုကြောင့် စိုးတင့်တစ်ယောက် အထုပ်ပိုက်ကာ ခြေဦးတည့်ရာသို့ သွားနေရလေပြီ။ သူ့အဖို့ကား လမ်းလျှောက်နေသော်လည်း လမ်းပျောက်နေ၏။ ဦးတည်ရာမဲ့ လျှောက်နေရင်းက သူလုပ်ခဲ့သည့်လုပ်ရပ်များအပေါ် ပြန်လည်တွေးတောနေဖြစ်၏။

"ဘာပဲဖြစ်ဖြစ်ပေါ့ကွာ။ ငါလုပ်ခဲ့တာက အမှားကတစ်ခုတည်း။ အဲဒီအမှားကို ကာမိဖို့ အမှန်တွေအများကြီး ပြန်လုပ်ခဲ့တာပဲ"

ညဦးနက်သန်းခေါင် ရောက်သည်အထိ လမ်းပေါ်၌ အထုပ်တစ်ထုပ်ကို လက်ကဆွဲပြီး လျှောက်လှမ်းနေဆဲ။ အမှတ်မထင်ဆိုသလို ဆူညံသော အသံဗလံများက ပေါ်ပေါက်လာတော့၏။

"ဟိုရှေ့မှာ မြန်မြန်လိုက်ပါဟ။ လိုက်ကြပါ"

" မိပြီဟေ့ . . . "

ကျယ်လောင်သော အသံကြီးနှင့်အတူ စိုးတင့်ကို ဝိုင်းပြီးရိုက်နှက်ကြတော့၏။

"ထုကွာ ရိုက်ကွာ ဒီသူခိုးကို ဖမ်းချင်နေတာကြာပြီ။ ဒီလိုကောင်တွေ အသက်ရှင်နေဦးမယ်ဆိုရင် တို့တွေ ချွေးနဲ့စာနဲ့ ရှာဖွေထားတဲ့ စည်းစိမ်ဥစ္စာတွေလည်း တို့တွေ သုံးရမှာမဟုတ်တော့ဘူး"

**အခန်း ( ၇ )**

"ငရဲမင်းကြီး ကြွချီလာပြီဟေ့။ အားလုံး အရိုအသေပေးကြစမ်း"

မည်းမည်း အကောင်ကြီးများက လက်ထဲမှ ခက်ရင်းခွကြီးများကို ပစ်ချပြီး ဒူးထောက်ထိုင်လိုက်ကြ၏။ ဘေးတစ်ဖက် တစ်ချက်မှာ အစောင့်အကြပ်များနှင့် ငရဲမင်းကြီးဆိုသူက စိုးတင့်ရှိသည့် နေရာကိုဆိုက်ဆိုက်မြိုက်မြိုက် ရောက်လာတော့၏။

"ကဲ ဒီငမိုက်သားကို စစ်ဆေးလို့ ပြီးပြီလား"

"မှန်လှပါ့ မင်းကြီး။ ငမိုက်သားက အမိန့်ချမှတ်မှုကို လက်မခံဘဲ ဖွတ်အတင်း ငြင်းဆန်နေကြောင်းပါ"

ထို့နောက် မည်းမည်းအကောင်ကြီး နှစ်ကောင်က စိုးတင့်၏လက်မောင်း နှစ်ဖက်ကို တစ်ဖက်တစ်ချက်ဆီမှ ကိုင်ကာ ဆွဲမလိုက်သည်နှင့်တစ်ပြိုင်နက်။

"ငရဲမင်းကြီး ကျုပ်က လူ့ပြည်မှာ တုန်းက အလှူဒါနတွေလည်း လုပ်ခဲ့ဖူးသူပါ။ မလိမ်မညာတမ်းပြောရမယ်ဆိုရင် ကျုပ်ဟာ မကောင်းမှုတွေလည်း လုပ်ဖူးသလို ကောင်းမှုတွေလည်း လုပ်ဖြစ်သူပါ။ အဲဒီတော့ . . . "

"ဟဲ့ ငမိုက်သား တိတ်စမ်း။ မင်းက လူ့ပြည်မှာတုန်းက မကောင်းမှုတွေ အားကြီးခဲ့တဲ့သူပဲ။ ကောင်းမှုကုသိုလ် လုပ်ခဲ့တယ်ဆိုတာကလည်း အယောင်ဆောင်လေ။ မင်းကိုယ်တိုင် စိတ်ထဲက တကယ်ပါခဲ့လို့လား။ ဒီတော့ မင်းဟာ ငါတို့ရဲ့ ငရဲပြည်မှာ မင်းမိုက်ပြစ်တွေကို ဆေးကြောပေးရမယ်"

"ဗျာ"

တစ်ချိန်က သူဌေးအိမ်မှ ဧည့်ခန်းထဲ၌ ချိတ်ဆွဲထားသည့် ဆောင်းပုဒ်လေးတစ်ခု။ နေ့စဉ် အိမ်ကြီးထဲကို အဝင်အထွက် လုပ်နေသူ စိုးတင့်နှင့် သည်ဆောင်းပုဒ်ကလေးက စိမ်းမနေတော့။ မျက်စိနှင့် ခလုတ်တိုက်မိတိုင်း ဖတ်ဖြစ်နေ၏။ ထိုဆောင်းပုဒ်ကလေးမှ စာသားလေးများ၏ အနက်အဓိပ္ပာယ်ကို ယခုအချိန်၌ စိုးတင့်တစ်ယောက် ပို၍နားလည်သဘော ပေါက်သွားတော့၏။

**"ကုသိုလ် ဖြူဖြူ**
**ဖော့နဲ့တူ**
**အထက်လမ်းကို သူဆွဲယူ။**
**အကုသိုလ် မည်း**
**ခဲလိုပဲ**
**အောက်ဘက်လမ်းကို သွားမှာပဲ။"**

## အော်ဂဲနစ်စိုက်ခင်းလေး

❍ သားတို့အိမ်ရှေ့ မြေကွက်ဝယ်
ပန်းအလှစုံတယ်
အိုးအတွင်းဝယ် စိုက်ကာပျိုး
ပန်းရောင်စုံ မညှိုး။

❍ ဝေဆာဖြိုးလို့ ဖူးပွင့်တယ်
နှင်းဆီ ဒေါ်န ပန်းစံပယ်
ရနံ့ကြွယ်ကြွယ် လေပြည်သွေး
ဥယျာဉ်ထဲမှာမွှေး။

❍ အိမ်နောက်ဖေးက အပင်သန်
ဘူး သခွားနဲ့ ပဲ နံနံ
ကြီးထွားမြန်တဲ့ ဖရုံသီး
ရာဝင်ပုတ်လောက်ကြီး။

❍ ပဲလင်းမြွေသီး အရပ်ရှည်
မိုးထိမြင့်မားနေ
ရုံးပတီတွေ အသီးဆင့်
ငရုတ် အပွင့်ပွင့်။

❍ မြင့်မြင့်မားမား ငှက်ပျောပင်
အဖီးစုံစုံလင်
မာလကာပင် တော်တော်သီး
နာနတ်ကြက်တောင်စည်း။

❍ ဟင်းသီးဟင်းရွက် စုံလင်ပေ
သားတို့ ဂေဟာမြေ
စိုက်ပျိုးတယ်လေ အော်ဂဲနစ်
စားလျှင်ဘေးမဖြစ်။

မောင်ခ(ပညာရေး)

---

## စာပေတန်ဖိုး

❖ ပညာအသိ ရှိဖို့ဆို
စာပေဖတ်ဖို့လို။
ခက်ခဲတွေကို ကျော်ကာလွှား
အသိဉာဏ်မြင့်မား။

❖ အမှန်အမှား ချင့်ချိန်နိုင်
စာပေရဲ့မဏ္ဍိုင်။
စိတ်ဓာတ်ကြံ့ခိုင် လူတော်ကောင်း
အကျိုးထူးစေကြောင်း။

❖ သူနှင့်ပေါင်းက သုတရှင်
စာပေမိတ်ဆွေပင်။
ကောင်းဆိုးသိမြင် နှလုံးလှ
ဘဝလည်းလှပ။

❖ အချိန်ရှိခိုက် စာဖတ်ပါ
အနှစ်သာရရှာ။
ကြောင်းကျိုးနှစ်ဖြာ ဉာဏ်ကိုကိုး
ဆုံးဖြတ်နိုင်တာ သူ့အကျိုး
စာပေရဲ့တန်ဖိုး။

စျာန်လေး(ပညာရေး)

---

ဆောင်းပါး

# သစ်တော၊ သစ်ပင် ထိန်းသိမ်းကယ်တင်စေချင်

■ ခင်မောင်မြင့်

"ဥတုရာသီ၊ တောကိုမှီ၏"၊ "တောတောင်စိမ်းမှ စမ်းရေရ၏"စသော ဆောင်ပုဒ်များက သစ်ပင်သစ်တောများ၏ ဂေဟစနစ်အပေါ် လွန်စွာအကျိုးသက်ရောက်လျက်ရှိပုံကို ဖော်ပြနေပါသည်။ မှန်ပါသည်။ သစ်ပင်သစ်တောများသည် ကျွန်တော်တို့ရှင်သန်နေထိုင်ရာ ကမ္ဘာမြေကြီးအတွက် သဘာဝကပေးသော အဖိုးမဖြတ်နိုင်သည့် သယံဇာတအရင်းအမြစ်များသာလျှင် ဖြစ်ပေသည်။

ကမ္ဘာကြီးပူနွေးလာသည်နှင့်အမျှ နိုင်ငံတိုင်းလိုလိုတွင် မြစ်ရေကြီးခြင်း၊ တောမီးလောင်ခြင်း၊ အပူလှိုင်း၊ အအေးလှိုင်းများဖြတ်ခြင်း၊ မုန်တိုင်းတိုက်ခတ်ခြင်း၊ မြေလျှောင်လှုပ်ခြင်း အစရှိသည့် ရာသီဥတုဖောက်ပြန်ပြောင်းလဲခြင်းများကို နှစ်စဉ်ကြုံတွေ့နေကြရသည်။ ထိုသို့ဖြစ်ရခြင်း၏ အဓိကတရားခံမှာ သစ်တောများပြုန်းတီးလာခြင်းကြောင့်ပင်ဖြစ်၏။ သစ်ပင်သစ်တောများရှိခြင်းက မြေ၊ ရေ၊ လေနှင့် သဘာဝပတ်ဝန်းကျင်ကို မျှတစေသည်။ ရာသီဥတုကို သဟဇာတဖြစ်စေသည်။ ဇီဝမျိုးစိတ်များကို လုံလုံလောက်လောက် အကာအကွယ်ပေးနိုင်သည့်အပြင် လူသားတို့ခိုလှုံရာ အဆောက်အအုံအဖြစ်သော်လည်းကောင်း၊ ဆေးဝါး၊ အသုံးအဆောင်ပရိဘောဂအဖြစ်သော်လည်းကောင်း၊ ထင်း၊ မီးသွေး၊ လောင်စာအဖြစ်သော်လည်းကောင်း စသဖြင့် ကဏ္ဍပေါင်းစုံမှ အကျိုးဖြစ်ထွန်းစေသည်။

သစ်ပင်၊ သစ်တောများမှာ အချိန်တိုအတွင်း ကြီးထွားဖြစ်တည်လာသည်မဟုတ်။ လူသားတို့၏ စောင့်ရှောက်မှုဖြင့်ဖြစ်စေ၊ သဘာဝ၏ ဖေးမကူညီမှုဖြင့်ဖြစ်စေ နှစ်ပရိစ္ဆေဒကြာအောင် စောင့်ဆိုင်းကြရသည်။ ထို့ကြောင့် အလွယ်တကူခုတ်လှဲမပစ်သင့်။ သစ်ပင်သစ်တောများ စိမ်းလန်းစိုပြည်မှသာလျှင် ကာဗွန်သံသရာလည်ပတ်မှု အလိုလိုအားနည်းကာ လေထုညစ်ညမ်းမှုအန္တရာယ်ကို လျော့ပါးသက်သာစေနိုင်မည်။ ကျွန်တော်တို့လူသားများ နေ့စဉ်ရှူသွင်းနေရသော အောက်ဆီဂျင်ဓာတ်ငွေ့ကို လေထုထဲသို့ အဆက်မပြတ်ထုတ်လွှတ်ကာ အိုဇုန်းလွှာယိုယွင်းပျက်စီးမှုအန္တရာယ်လည်း အထိုက်အလျောက်ကာကွယ်တားဆီးပေးနိုင်မည်။ ထို့ကြောင့် အမှန်တကယ် ကမ္ဘာကြီးသာယာလှပစေလိုလျှင် သစ်ပင်သစ်တောများကို စနစ်တကျ ထိန်းသိမ်းကြရပေမည်။ သစ်ပင်တစ်ပင်ဆုံးရှုံးသွားသည့်နေရာတွင် သစ်ပင် ၁၀ ပင်အစားထိုး စိုက်ပျိုးကြရပေမည်။

သစ်တောများသည် ကမ္ဘာမြေအကျယ်အဝန်း၏ ၃၀ ရာခိုင်နှုန်းခန့်ကို ဖုံးအုပ်ထားလျက်ရှိပြီး ၁၉၉၀ ပြည့်နှစ်မှ ၂၀၁၆ ခုနှစ်အတွင်း သစ်တောဧရိယာပေါင်း ၅၀၂၀၀ စတုရန်းမိုင် (၁ ဒသမ ၃ သန်း စတုရန်းကီလိုမီတာ)ခန့် ဆုံးရှုံးခဲ့ရသည်ဟု ကမ္ဘာ့ဘဏ်က ထုတ်ပြန်ထားပါသည်။ ကျွန်တော်တို့လူသားများ၏ ဝိသမလောဘကြောင့် နှစ်စဉ် သစ်တောဧကပေါင်း ၁၈ ဒသမ ၇ သန်းခန့် ဆုံးရှုံးနေကြရသည်။ တစ်မိနစ်လျှင် ဘောလုံးကွင်း ၂၇ ကွင်းပမာဏ ဆုံးရှုံးနေရသည်နှင့် တူပါသည်။ "သစ်တစ်ပင်ကောင်းလျှင် ငှက်တစ်သောင်းနားရသည်"ဟု ဆိုရိုးစကားရှိပါသည်။ ကမ္ဘာပေါ်တွင် တိရစ္ဆာန်မျိုးစိတ်ပေါင်း နှစ်သန်းခန့်ရှိရာ သစ်တောများပြုန်းတီးလာမှုကြောင့် နှစ်စဉ်မျိုးစိတ်ပေါင်း ၂၀၀ မှ ၂၀၀၀ ခန့် ပျောက်ကွယ်နေကြရပါသည်။ နောက်ဆုံးပျောက်ကွယ်ခဲ့ရသည်မှာ အနောက်အာဖရိက ကြံ့နက် (West African Black Rhino) ဖြစ်ပြီး ၂၀၁၁ ခုနှစ်တွင် မျိုးသုဉ်းပျောက်ကွယ်သွားပြီဟု တရားဝင်ကြေညာခြင်း ခံခဲ့ရပေသည်။

ကျွန်တော်တို့လူသားများ နေ့စဉ်လည်ပတ်မောင်းနှင်နေကြသော စက်တပ်ယာဉ်များနှင့် စက်ရုံ၊ အလုပ်ရုံများမှလည်းကောင်း၊ အင်အားကြီးနိုင်ငံများ၏ နျူကလီးယားလက်နက်များ အပြိုင်စမ်းသပ်ရာမှလည်းကောင်း ကာဗွန်ဒိုင်အောက်ဆိုက်၊ ဆာလဖာဒိုင်အောက်ဆိုက်၊ ကာဗွန်မိုနောက်ဆိုက်၊ ယူရေနီယမ်အစရှိသည့် အဆိပ်ငွေ့များကို လေထုထဲသို့ အချိန်တိုင်းနီးပါး ထုတ်လွှင့်နေကြသည်။ ယင်းဓာတ်ငွေ့များ အလွန်အမင်းစုဝေးလာမှုကြောင့် အချို့နေရာဒေသများတွင် အက်စစ်မိုးများရွာသွန်းကာ လူနှင့် တိရစ္ဆာန်အမြောက်အမြား သေကျေပျက်စီးကြရသည် ။ ထို့အပြင် အမှိုက်သရိုက်များနှင့် စက်ရုံထွက်အညစ်အကြေးများကို မြစ်ချောင်းအင်းအိုင်ပင်လယ်များထဲသို့ အလွယ်တကူစွန့်ပစ်နေကြခြင်းကြောင့်လည်း လေထုညစ်ညမ်းမှုအန္တရာယ်သာမက ရေထုညစ်ညမ်းမှုအန္တရာယ်ပါ တစ်စတစ်စပိုမိုဆိုးရွားလာလေသည်။ ရေခဲသေတ္တာများ၊ လေအေးပေးစက်များမှ လွှင့်ထွက်လာသော CFCs ခေါ် ကလိုရိုဖလူရိုကာဗွန်ဓာတ်ငွေ့မှာ အိုဇုန်းလွှာကို အများဆုံးထိခိုက်ပျက်စီးစေနိုင်သည်။ တိတိကျကျဆိုရလျှင် ကလိုရိုဖလူရိုကာဗွန်တစ်လုံးသည် အိုဇုန်းမော်လီကျူး ပူးပေါင်းတစ်သိန်းလောက်နီးပါးကိုပင် အသာလေးဖျက်ဆီးပစ်နိုင်သည်ဟု သိရသည်။ အိုဇုန်းလွှာယိုယွင်းပျက်စီးလာမှုကြောင့် စစ်ထုတ်မထားသော ခရမ်းလွန်ရောင်ခြည်များ ကမ္ဘာမြေပေါ်သို့ ပိုမိုကျရောက်လာကာ လူသားတို့၏ ကျန်းမာရေးသည်လည်း ထိတ်လန့်စရာအခြေအနေတစ်ရပ်နှင့် ရင်ဆိုင်နေရတော့ပေသည်။

လူနေမှုစနစ် ထူထပ်သိပ်သည်းလာသည်နှင့်အမျှ လူသားတို့နေထိုင်ရန် မြေလွတ်မြေရိုင်းများမှာ အလွန်အမင်းလိုအပ်လာလေသည်။ သည့်အတွက် သစ်ပင်သစ်တောများလည်း အဆမတန်ခုတ်လှဲကြရသဖြင့် တစ်နှစ်ထက်တစ်နှစ် တောပြုန်းတောင်ပြုန်းကာ ကမ္ဘာကြီးပူနွေးလာခဲ့ခြင်းပင်။ နောက်ဆက်တွဲဆိုးကျိုးများအဖြစ် တောမီးလောင်ခြင်းအန္တရာယ်ကို နှစ်စဉ်ရင်ဆိုင်လာရသည်။ ဝင်ရိုးစွန်းဒေသရှိ ရေခဲတောင်များလည်း တဖြည်းဖြည်းအရည်ပျော်ကျလာရသည် ။ မိုးကြိုးအန္တရာယ်၊ မုန်တိုင်းအန္တရာယ်နှင့် မြစ်ရေလျှံမိုးမှုအန္တရာယ်မှာမူ ကမ္ဘာ့နိုင်ငံတိုင်းလိုလို ကြုံတွေ့နေကြရသည်သာ။

ကျွန်တော်တို့ ရှင်သန်နေထိုင်ရာကမ္ဘာမြေကြီးသည် ကျွန်တော်တို့လူသားများ၏ အတောမသတ်နိုင်သည့် လိုအင်ဆန္ဒများကြောင့် တစ်နေ့တခြား အဆိပ်သင့်ပျက်စီးနေရပါသည်။ "ကျွန်တော်တို့ဟာ ဒီကမ္ဘာမြေကြီးကို ဘိုးဘွားတွေဆီက အမွေရထားတာ မဟုတ်ပါဘူး။ ကျွန်တော်တို့ရဲ့ နောင်လာနောက်သားတွေဆီက ခဏချေးယူထားတာပါ"လို့ ဒေးဗစ်ဘရောင်ဝါဆိုသူက ပြောခဲ့ဖူး၏။ သည့်အတွက် ကျွန်တော်တို့ကမ္ဘာမြေ ပြန်လည်စိမ်းလန်းလာစေရန် ကျွန်တော်တို့ကိုယ်တိုင် တာဝန်ယူ ထိန်းသိမ်းစောင့်ရှောက်ကြရပေမည်။ ယခုအခါ ကမ္ဘာ့နိုင်ငံအသီးသီးရှိ အစိုးရအဖွဲ့အစည်းများသည်လည်း သစ်တောကြိုးဝိုင်းများကို စနစ်တကျသတ်မှတ်ကာ သစ်တောများမပြုန်းတီးအောင် အထူးအလေးထားဆောင်ရွက်နေကြသည်။ သစ်ပင်၊ ပျိုးပင်များကို နှစ်စဉ်သောင်းနှင့်ချီကာ အထူးတလည် စိုက်ပျိုးနေကြသည်။ ထို့ကြောင့် "အနာသိက ဆေးရှိစွ "ဟု ဆိုရိုးရှိသည့်အတိုင်း အဆိပ်သင့်နေသော ကျွန်တော်တို့ကမ္ဘာမြေကို ပြန်လည်ကယ်တင်ရန် အကောင်းဆုံးဆေးတစ်လက်မှာ သစ်ပင်သစ်တောများသာဖြစ်သည်ဟု ရဲရဲကြီးဆိုလိုက်ချင်ပါတော့သည်။ ။

---

## လမြတ်တန်ဆောင်မုန်း

✤ တန်ဆောင်မုန်းလ ဆောင်းလခါ
ဖြိုးစွာရာသီပါ။
နက္ခတ်ကြတ္တိကာ ထွန်းပလင်း
ရောင်စုံပန်းရနံ့သင်း။

✤ ရွှေဝါအဆင်း အလှဖြာ
ဖူးပွင့်ခဲဝပါ။
ညနေချိန်ခါ အလှထူး
ဆောင်းလဟေမန်ဦး။

✤ ထူးမြတ်လှသည့် အချိန်ခါ
ကထိန်ပွဲတော်သာ။
တစ်နှစ်တစ်ခါ တစ်လတွင်း
တစ်နေ့အပြီးခင်း။

✤ ကျင်းပအမြဲ မြိုင်မြိုင်ဆိုင်
ပွဲတော်တန်ဆောင်တိုင်။
ရက်လုပ်အပြိုင် မသိုးသင်္ကန်း
ဗုဒ္ဓကပ်လှူဒါန်း။

✤ ဆီမီးရောင်လျှမ်း လပြည့်ခါ
မေတ္တာအရောင်ဖြာ။
ဗုဒ္ဓဒေသနာ ဟောဖော်ထုတ်
သာမညဖလသုတ်။ ။

ပန်းမာလာ

---

## မေတ္တာစိတ်ထား နှလုံးသား

(လေးဆစ်တွဲ)

✷ မေတ္တာကို ရင်မှာထား
နှလုံးသား လှပါစေ။
စိတ်ဖြူစင် အမြဲသန့်ရှင်း
ချစ်ခြင်းဖြန့်ဝေ။

✷ အမုန်းစိတ် ကင်းဝေးနေ
လောကမြေ သာယာအေး။
အကုသိုလ် အသုံးမပြု
ကောင်းမှုကိုတွေး။

✷ ကူညီပါ တစ်ဖက်သား
ကောင်းစိတ်ထား လမ်းပြကာ။
အပြုံးတွေ စဉ်ဝေငှ
အတ္တဖယ်ခွာ။

✷ ဘဝ၏ ပြယုဂ်မှာ
လှပကာ အေးချမ်း။
ရှင်သန်စေ မေတ္တာရနံ့ ဖြင့်
သင်းပျံ့လျက်လွှမ်း။

✷ မာန်စိတ်ကို ပယ်သတ်ပြု
တွေးရှုလျက် နေထိုင်သော်။
ဘဝတွင် အပူမရှိ
ပီတိနဲ့ပျော်။

✷ ကောင်းမြတ်သော အသိဖော်
ရင်ထဲနော် ရှိစေသား။
အစဉ်သာ မင်္ဂလာထုံး နဲ့
ကျင့်သုံးလှုပ်ရှား။

မောင်မျိုးချစ်(အညာမြေ)




# ကြေးမုံစာအုပ်စင် စာအုပ်အမြင်

ကြေးမုံစာအုပ်စင် စာအုပ်အမြင်ကဏ္ဍတွင် စာအုပ်ထုတ်ဝေသူများ၊ စာအုပ်ဖြန့်ချိသူများ၊ စာရေးဆရာများ၏ ထုတ်ဝေသော စာအုပ်များကို စာဖတ်ပရိသတ်များ ကျယ်ကျယ်ပြန့်ပြန့် သိရှိလေ့လာဖတ်ရှုနိုင်ရန်အတွက် စုစည်းဖော်ပြပေးလိုက်ပါသည်။ (စာတည်း)




## အော်ကျူး တစ်ကိုယ်တော်မဂ္ဂဇင်း

စာရေးသူ အော်ကျူး စီစဉ်ရေးသားသည့် အော်ကျူးတစ်ကိုယ်တော်မဂ္ဂဇင်းစာအုပ် ထွက်ရှိလာသည်။

နေ့စဉ် လူမှုဘဝနယ်ပယ်အတွင်း စီးမျောဖြတ်သန်းရင်း သတိသံဝေဂရဖွယ်၊ သင်ခန်းစာရယူဖွယ်၊ ဆင်ခြင်တွေးတောဖွယ်၊ ပျော်ရွှင်ကြည်နူးဖွယ်၊ လေးစားအားကျဖွယ်၊ ဟားတိုက်ရယ်မောဖွယ် အတွေ့အကြုံဖြစ်ရပ်များစွာကို တို့ထိခံစား မှတ်သားခဲ့မိရာ ထိုထိုသော အကြောင်းအရာအစုံစုံ၊ ဇာတ်လမ်းအဖုံဖုံတို့ကို စာတိုလေးများအဖြစ် ရေးသားထားခဲ့သည်။ လူ့ဘဝဟူသည် ရှေ့သို့လျှောက်လှမ်းရင်း ဖြတ်သန်းခဲ့ပြီးသော ဘဝကောက်ကြောင်းကို ပြန်ကြည့်လျှင် ရေးခရီးအတွက် ပြင်ဆင်တည့်မတ်ကြရစမြဲဖြစ်ရာ အထိုက်အလျောက် စုမိဆောင်းမိပြီဖြစ်သည့် ရေးသားထားသော စာပေလေးများကို ပြန်လည်ဖတ်ရှုစေ့ငုသုံးသပ်မိချိန်တွင် စာတစ်အုပ်အဖြစ် စုစည်းမှတ်တမ်းတင်ရသော် ကောင်းမည်ဟု စာရေးသူ စိတ်ကူးမိသည်။ စာရေးသူ ကျင်လည်ဖြတ်သန်းခဲ့ရသော၊ ဖြတ်သန်းနေဆဲဖြစ်သော၊ ဖြတ်သန်းရဦးမည်ဖြစ်သော လူမှုဘဝဝန်းကျင်၏ မှတ်တမ်းပုံရိပ်များဖြစ်ခြင်းကြောင့် ဖတ်ရှုသူများအတွက် တစ်စုံတစ်ခုသောအတိုင်းအတာအထိ ရသတစ်ခုခုကို ပေးစွမ်းနိုင်မည်ဖြစ်ကြောင်း မျှော်လင့်မိသည်။

စာရေးသူ၏ စာအုပ်ပါရေးသားချက်များအားလုံးသည် သိမြင်တွေ့ထိခဲ့သမျှကို ရေးသားခဲ့ခြင်းဖြစ်၍ မည်သူတစ်ဦးတစ်ယောက်ကိုမျှ ထိခိုက်နစ်နာစေလိုသောဆန္ဒ အလျဉ်းမပါရှိကြောင်း တင်ပြထားသည်။

စာအုပ်ကို မိုးကျော်စာပေ ဖုန်း-၀၉ ၂၅၀၀၂၂၃၀ နှင့် အော်ကျူးမီဒီယာ ဖုန်း-၀၉ ၅၁၇၆၉၃၆ တို့မှ တန်ဖိုးငွေကျပ် ၆၅၀၀ ဖြင့် ဖြန့်ချိသည်။




## လောကဓံကို ခံနိုင်ရည်ရှိပါစေ

စာရေးသူ မောင်ရင့်ကျူး (မြောင်းမြ) စီစဉ်ရေးသားသည့် လောကဓံကို ခံနိုင်ရည်ရှိပါစေ စာအုပ်ထွက်ရှိလာသည်။

လာဘာ လာဘ စသည်ရှစ်တန်၊ လောကဓံနှင့် တွေ့ကြုံရသော ရဟန္တာပုဂ္ဂိုလ်၏စိတ်သည် (၁)ထိတ်ထိတ်မခုန် မတုန်လှုပ်၊ (၂) စိုးရိမ်ပူဆွေး ငိုကြွေးမှုမရှိ၊ (၃) ရာဂ၊ ဒေါသ၊ မောဟ မြူမြေး ညစ်အကြေးမရှိ၊ (၄)ကြောက်လန့်ဖွယ်အရေး ဘေးမရှိဟု ဆိုပါသည်။ ဆိုလိုသည်မှာ လောကဓံရှစ်ပါးတို့နှင့် တွေ့ကြုံသော်လည်း ရဟန္တာအရှင်မြတ်ကြီးတို့၏စိတ်သည် မတုန်လှုပ်တော့ပါ။ လောကဓံအဆိုးတို့နှင့် တွေ့ကြုံသော်လည်း စိုးရိမ်ခြင်း၊ ထိတ်လန့်ခြင်း မဖြစ်တော့ပါ။ လောကဓံအကောင်းတို့နှင့် တွေ့ကြုံသော်လည်း လိုချင်တပ်မက်မှု ရမ္မက်(ရာဂ)လည်းမဖြစ်တော့ပါ။ လောဘ၊ ဒေါသ စသော ကိလေသာတို့ငြိမ်းအေးသွားပြီဖြစ်သဖြင့် ထို လောဘ၊ ဒေါသ စသည်တို့ကြောင့် ဖြစ်တတ်၊ ပေါ်ပေါက်တတ်သော ဘေးတို့သည်လည်း မရှိတော့ပါပြီ။ ဘေးဟူသမျှ ကင်းငြိမ်းသွားပြီ ဖြစ်သည်။

(၁) လာဘော- လာဘ်ဟူသော ပစ္စည်းဥစ္စာကိုရခြင်း၊ (၂) အလာဘော- လာဘ်ဟူသော ပစ္စည်းဥစ္စာမရခြင်း၊ (၃) ယသော- အခြွေအရံအပေါင်းအသင်းများခြင်း၊ (၄) အယသော- အခြွေအရံအပေါင်းအသင်းနည်းခြင်း၊ (၅) နိန္ဒာ- ကဲ့ရဲ့ခံရခြင်း၊ (၆) ပသံသာ- ချီးမွမ်းခံရခြင်း၊ (၇) သုခံ- ချမ်းသာခြင်း၊ (၈) ဒုက္ခံ- ဆင်းရဲခြင်း ဤသည်ကား လောကဓံရှစ်ပါးပင်ဖြစ်သည်။

စာအုပ်ကို သီရိရတနာစာပေ၊ အမှတ်(၂၃)၊ ဗဟန်း(၂)လမ်း၊ ဗဟန်းမြို့နယ်။ ဖုန်း-၀၉ ၅၁၂၅၂၈၅ နှင့် ၀၉ ၂၅၀၂၅၉၃၇၉ တို့မှ တန်ဖိုးငွေကျပ် ၃၀၀၀ ဖြင့် ဖြန့်ချိသည်။




## တိုင်းရင်းသားစာပေနှင့် ယဉ်ကျေးမှုဆိုင်ရာ နှီးနှောဖလှယ် သုတေသနစာတမ်းစာဖတ်ပွဲ သာကေတမြို့နယ် ပြည်ထောင်စုတိုင်းရင်းသားကျေးရွာတွင် ကျင်းပ

ရန်ကုန် နိုဝင်ဘာ ၁၈

ရန်ကုန်တိုင်းဒေသကြီးအတွင်းရှိ တိုင်းရင်းသားလူမျိုးများ၏ တိုင်းရင်းသားစာပေနှင့် ယဉ်ကျေးမှုဆိုင်ရာ နှီးနှောဖလှယ် သုတေသနစာတမ်းစာဖတ်ပွဲအခမ်းအနားကို ယနေ့နံနက်ပိုင်းက သာကေတမြို့နယ် ပြည်ထောင်စုတိုင်းရင်းသားကျေးရွာ အစည်းအဝေးခန်းမ၌ ကျင်းပသည်၊

### စည်းလုံးညီညွတ်

ရန်ကုန်တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးစိုးသိန်းက ယနေ့စာတမ်းဖတ်ပွဲတွင် ကရင်၊ မွန်နှင့် ရခိုင် စာပေယဉ်ကျေးမှု အသင်းများမှ စာတမ်းပြုစုသူ ပညာရှင်များက ဖတ်ကြားမည်ဖြစ်၍ မိမိတို့၏ စာပေ၊ ယဉ်ကျေးမှုများကို တိုင်းရင်းသားများ အချင်းချင်း နှီးနှောဖလှယ်နိုင်ပြီး တစ်ဦးနှင့်တစ်ဦး ရင်းနှီးလာ၍ နားလည်မှု ပိုမိုတိုးပွားလာမည် ဖြစ်ကြောင်း၊ တိုင်းရင်းသား လူမျိုးတိုင်းသည် မိမိတို့၏ စာပေ၊ ဘာသာစကား၊ ယဉ်ကျေးမှု၊ အနုပညာ၊ ရိုးရာ၊ ဓလေ့ထုံးတမ်း စသော အစဉ်အလာများကို ထိန်းသိမ်းကြပြီး နိုင်ငံနှင့်လူမျိုး၊ ဘာသာ သာသနာနှင့် ယဉ်ကျေးမှုတို့အပေါ် သစ္စာစောင့်သိပြီး ရင့်ကျက်သော အမျိုးသားရေးစိတ်ဓာတ်ဖြင့်ပြည်ထောင်စုမပြိုကွဲရေး၊ တိုင်းရင်းသားစည်းလုံးညီညွတ်မှုမပြိုကွဲရေး၊ အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေးတို့ကို နိုင်ငံသား တိုင်းရင်းသားတိုင်းက သမိုင်းပေးတာဝန်တစ်ရပ်အဖြစ် ခံယူ၍ စည်းလုံးညီညွတ်စွာဖြင့် ဆက်လက်ထိန်းသိမ်းစောင့်ရှောက်သွားရန် ပြောကြားသည်။

ဆက်လက်၍ မွန်စာပေနှင့် ယဉ်ကျေးမှုကော်မတီ အကြံပေး နိုင်စိုးအောင်က မွန်စာပေနှင့် ထီးလှိုင်ရှင်ကျန်စစ်သား၏ မျိုးရိုးဇာတိအား ဆန်းစစ်ခြင်း ခေါင်းစဉ်ဖြင့်လည်းကောင်း၊ ရခိုင်စာပေနှင့် ယဉ်ကျေးမှုအသင်း ဒုတိယဥက္ကဋ္ဌ ဦးမောင်ဖြူက ရခိုင်ပြည်နယ် မြောက်ဦးမြို့ သျှစ်သောင်းဘုရားရှိ အာနန္ဒစန္ဒြမင်း ရေးထိုးခဲ့သည့် စာရေးနည်း အတတ်ပညာကို လမ်းပြခဲ့သော အာနန္ဒစန္ဒြမင်းကျောက်စာ ခေါင်းစဉ်ဖြင့်လည်းကောင်း၊ ကရင်စာပေနှင့်ယဉ်ကျေးမှုအသင်းဥက္ကဋ္ဌ မန်းသန်းဝင်းဦးက မြန်မာနိုင်ငံ ကရင့်ပညာရေး ခေါင်းစဉ်ဖြင့် လည်းကောင်း စာတမ်းဖတ်ကြားကြသည်။

ထို့နောက် ဖတ်ကြားခဲ့သည့် စာတမ်းအပေါ် တက်ရောက်လာသူများက သိရှိလိုသည်များကို ပြန်လည် မေးမြန်းခဲ့ကြကြောင်း သိရသည်။

တိုင်းဒေသကြီး
(ပြန်/ဆက်)

## နိုင်ငံ့ဝန်ထမ်းများနှင့် လူငယ်လူရွယ်များ အတွေးအခေါ်၊ အသိပညာနှင့် စိတ်ဓာတ်ရေးရာ တိုးတက်မြင့်မားစေရေး စာပေဗဟုသုတဆိုင်ရာ အသိပညာပေးဟောပြောပွဲကျင်းပ

မြစ်ကြီးနား နိုဝင်ဘာ ၁၈

စာပေလေ့လာဖတ်ရှုခြင်းအားဖြင့် နိုင်ငံ့ဝန်ထမ်းများနှင့် လူငယ်လူရွယ်များ အတွေးအခေါ်၊ အသိပညာနှင့် စိတ်ဓာတ်ရေးရာ တိုးတက်မြင့်မားစေရေးအတွက် ကချင်ပြည်နယ်အစိုးရအဖွဲ့က စီစဉ်ကျင်းပသည့် စာပေဗဟုသုတဆိုင်ရာ အသိပညာပေးဟောပြောပွဲကို မြစ်ကြီးနားမြို့ မိုးလုံလေလုံအားကစားခန်းမ၌ နှစ်ရက်တာကျင်းပခဲ့ရာ နိုဝင်ဘာ ၁၇ ရက် နံနက် ၉ နာရီခွဲက အဆိုပါစာပေဟောပြောပွဲသို့ ကချင်ပြည်နယ်ဝန်ကြီးချုပ် ဦးခက်ထိန်နန်နှင့် တာဝန်ရှိသူများ တက်ရောက်အားပေးခဲ့ကြသည်။

### အကျိုးကျေးဇူးရရှိ

စာပေဟောပြောပွဲတွင် ပြည်နယ်ဝန်ကြီးချုပ်က ယနေ့ ပညာခေတ်ဖြစ်သည်နှင့်အညီ စာပေလေ့လာဖတ်ရှုခြင်း၏ အကျိုးကျေးဇူးနှင့် စာပေဟောပြောပွဲများမှရရှိသည့် အသိပညာများကို လက်တွေ့အသုံးချခြင်းဖြင့် နိုင်ငံ၏ လူ့စွမ်းအားအရင်းအမြစ် ဖွံ့ဖြိုးတိုးတက်စေလာစေမည်ဖြစ်သည့်အပြင် အနာဂတ်တွင် နိုင်ငံ့တာဝန်ကို ဆက်လက်တာဝန်ယူကြမည့် လူငယ်လူရွယ်များနှင့် နိုင်ငံ့ဝန်ထမ်းများ၏ အသိပညာဗဟုသုတနှင့်ပြည့်စုံ၍ ခံယူချက်နှင့် စိတ်ဓာတ်ကောင်းမွန်လာစေရန် ယခုလို စီစဉ်ကျင်းပပေးခြင်းဖြစ်ကြောင်း၊ စာရေးဆရာတစ်ယောက်၏ နှစ်ပေါင်းများစွာ လေ့လာမှတ်သားခဲ့သည့် အတွေ့အကြုံ ဗဟုသုတ၊ အသိပညာများကို အချိန်တိုအတွင်း မျှဝေပေးခြင်းဖြစ်သည့်အတွက် တန်ဖိုးကြီးမားပြီး အကျိုးကျေးဇူးများ ရရှိစေမည်ဖြစ်ကြောင်း ပြောကြားသည်။

ထို့နောက် ပြည်နယ်ဝန်ကြီးချုပ်နှင့်ဇနီး၊ ပြည်နယ်တရားလွှတ်တော်တရားသူကြီးချုပ်နှင့်ဇနီး၊ ပြည်နယ်ဝန်ကြီးများနှင့် ၎င်းတို့၏ဇနီးများ၊ ဌာနဆိုင်ရာအရာထမ်း၊ အမှုထမ်းများ၊ စီးပွားရေးလုပ်ငန်းရှင်များ၊ အသင်းအဖွဲ့အသီးသီးမှ တာဝန်ရှိသူများ၊ အခြေခံပညာနှင့် အဆင့်မြင့်ပညာဦးစီးဌာနများမှ ဆရာ ဆရာမများနှင့် ကျောင်းသား ကျောင်းသူများက စာရေးဆရာ လင်းသိုက်ညွန့် (မြန်မာမြေ)၏ ဒုတိယမြန်မာနိုင်ငံတည်ထောင်ခြင်း ခေါင်းစဉ်ဖြင့် စာပေဟောပြောမှုကို အားပေးခဲ့ကြပြီး ပြည်နယ်ဝန်ကြီးချုပ်နှင့် တာဝန်ရှိသူများက စာရေးဆရာ လင်းသိုက်ညွန့်အား အမှတ်တရဂုဏ်ပြုလက်ဆောင်များကို ပေးအပ်ချီးမြှင့်ခဲ့ကြသည်။

ပြည်နယ်(ပြန်/ဆက်)



# သီရိမင်္ဂလာကမ္ဘာအေးစေတီတော်၌ တန်ဆောင်တိုင်မီးထွန်းပွဲတော်နှင့် (၂၃)ကြိမ်မြောက် မသိုးရွှေကြာသင်္ကန်းရက်လုပ်ယှဉ်ပြိုင်ပူဇော်ပွဲ ကျင်းပမည်

ရန်ကုန် နိုဝင်ဘာ ၁၈

ဆဋ္ဌသင်္ဂါယနာသာသနာ့သမိုင်းဝင် သီရိမင်္ဂလာကမ္ဘာအေးစေတီတော်၌ နှစ်စဉ်ကျင်းပသည့် တန်ဆောင်တိုင်မီးထွန်းပွဲတော်နှင့် (၂၃)ကြိမ်မြောက် မသိုးရွှေကြာသင်္ကန်းရက်လုပ်ယှဉ်ပြိုင်ပူဇော်ပွဲကို စေတီတော်ဂေါပကအဖွဲ့ကကြီးမှူး၍ နိုဝင်ဘာ ၂၆ ရက်(တန်ဆောင်မုန်းလဆန်း ၁၄ ရက်)တွင် စေတီတော်ရင်ပြင်၌ ကျင်းပမည်ဖြစ်သည်။

မသိုးရွှေကြာသင်္ကန်းရက်လုပ်ယှဉ်ပြိုင် ပူဇော်ပွဲတွင် သတိစင်တော်၊ ဓမ္မဝိစယစင်တော်၊ ဝီရိယစင်တော်၊ ပီတိစင်တော်၊ ပဿဒ္ဓိစင်တော်၊ သမာဓိစင်တော်၊ ဥပေက္ခာစင်တော် စုစုပေါင်းစင်တော် ခုနစ်စင်တော်ဖြင့် ယှဉ်ပြိုင်ရက်လုပ်ကြမည်ဖြစ်ပြီး ရက်လုပ်ပြီးသော ရွှေကြာသင်္ကန်းတော်များကို နိုဝင်ဘာ ၂၇ ရက် နံနက်အရုဏ်ဦးအချိန်တွင် စေတီတော် ဩဝါဒါစရိယ ဆရာတော်ကြီးများကြီးမှူး၍ ဂေါပကအဖွဲ့ဝင်များ၊ အလှူရှင်များနှင့် ပရိသတ်များက ဗုဒ္ဓရုပ်ပွားဆင်းတုတော်မြတ်များထံ ဆက်ကပ်လှူဒါန်းပူဇော်ကြမည်ဖြစ်သည်။

မသိုးရွှေကြာသင်္ကန်း ရက်လုပ်ယှဉ်ပြိုင်ကြသည့်အဖွဲ့များကို စိစစ်ရွေးချယ်ရေးအဖွဲ့က စစ်ဆေးပြီး ပထမဆု ခုနစ်သိန်း၊ ဒုတိယဆု ခြောက်သိန်း၊ တတိယဆု ငါးသိန်း၊ နှစ်သိမ့်ဆု လေးသိန်းတို့အပြင် ဆုဖလားများနှင့် ဂုဏ်ပြုမှတ်တမ်းလွှာများ ချီးမြှင့်ပေးအပ်သွားမည်ဖြစ်ကြောင်း သိရသည်။

ကိုကိုဇော်(MNA)

## PDF Game ဆော့ကစားခြင်းကြောင့် ဥပဒေအရ အရေးယူခံရနိုင်သည်

အကြမ်းဖက်လုပ်ငန်းများဆောင်ရွက်နေသည့် PDF အဖွဲ့များအား တစ်ဖက်တစ်လမ်းမှ ထောက်ပံ့လှူဒါန်းစေရန်၊ လူငယ်လူရွယ်များ၏ မသိစိတ်များအတွင်း တပ်မတော်အပေါ် အထင်အမြင်လွဲမှားစေရန်နှင့် တော်လှန်လိုစိတ်တိုးပွားလာစေရန် စသည့်ရည်ရွယ်ချက်များဖြင့် NUG၊ CRPH လက်အောက်ခံ အကြမ်းဖက်အဖွဲ့အစည်းများက PDF Game Application များ တီထွင်ဖန်တီးအသုံးပြုလျက်ရှိကြောင်း စိစစ်တွေ့ရှိရသည့်အတွက် PDF Game ဆော့ကစားခြင်းသည် အကြမ်းဖက်အဖွဲ့အား ထောက်ပံ့ခြင်းဖြစ်၍ ဥပဒေအရ အရေးယူခံရနိုင်ကြောင်း အသိပေးအပ်ပါသည်။

❖ ကျောဖုံးမှ

အီတလီအသင်းဟာ အုပ်စု(C)ရဲ့ အုပ်စုအဆင့်ပွဲစဉ်(၇)အဖြစ် မြောက်မက်ဆီဒိုးနီးယားအသင်းနဲ့ ယှဉ်ပြိုင်ကစားခဲ့ရာမှာ ငါးဂိုး-နှစ်ဂိုးနဲ့ အနိုင်ရရှိခဲ့တာဖြစ်ပြီး အဲဒီပွဲစဉ်မှာ အီတလီအသင်းအတွက် သွင်းဂိုးတွေကို ပွဲကစားချိန် ၁၇ မိနစ်မှာ ဒါမီယန်က တစ်ဂိုး၊ ၄၁ မိနစ်နဲ့ ပထမပိုင်းပွဲကစားချိန်အပြီး နာကျင်အချိန်ပိုသုံးမိနစ်တို့မှာ ချီဆာက နှစ်ဂိုး၊ ၈၁ မိနစ်မှာ ရက်စ်ပါဒိုရီက တစ်ဂိုးနဲ့ သာမန်ပွဲကစားချိန်အပြီး နာကျင်အချိန်ပိုသုံးမိနစ်မှာ အယ်လ်ရှာရာဝီက တစ်ဂိုး သွင်းယူပေးခဲ့ကာ မြောက်မက်ဆီဒိုးနီးယားအသင်းအတွက် ချေပဂိုး နှစ်ဂိုးကိုတော့ ဒုတိယပိုင်းပွဲကစားချိန် ၅၂ မိနစ်နဲ့ ၇၄ မိနစ်တို့မှာ အက်တာနာဆော့ဗ်က သွင်းယူပေးခဲ့တာဖြစ်ပါတယ်။

အဲဒီပွဲစဉ်မှာ အီတလီအသင်းဟာ သွင်းဂိုး ခြောက်ဂိုးအထိရရှိမယ့် အပိုင်သေချာတဲ့ အခွင့်အရေးရရှိခဲ့ပေမယ့် ပွဲကစားချိန် မိနစ် ၄၀ မှာ ရရှိခဲ့တဲ့ ပင်နယ်တီသွင်းဂိုးကို ဂျော်ဂျင်ဟိုအနေနဲ့ ဂိုးအဖြစ်ပြောင်းလဲနိုင်ခြင်းမရှိတာကြောင့် နစ်နာခဲ့ရတာဖြစ်ပါတယ်။

အီတလီအသင်းဟာ မြောက်မက်ဆီဒိုးနီးယားအသင်းကို အနိုင်ရရှိခဲ့တာကြောင့် ရမှတ် ၁၃ မှတ်နဲ့ အုပ်စု(C)ရဲ့ အုပ်စုအဆင့် ဒုတိယနေရာကို တက်လှမ်းခွင့်ရရှိခဲ့ပြီး အဲဒီအုပ်စုမှာ အင်္ဂလန်အသင်းက ရမှတ် ၁၉ မှတ်နဲ့ အုပ်စုပထမနေရာမှာ ရပ်တည်နေတာဖြစ်ပါတယ်။

နိုဝင်ဘာ ၁၇ ရက် ညပိုင်းက ယှဉ်ပြိုင်ကစားခဲ့တဲ့ အခြားသော ယူရိုခြေစစ်ပွဲစဉ်တွေမှာတော့ ကာဇက်စတန်အသင်းက ဆန်မာရီနိုအသင်းကို သုံးဂိုး-တစ်ဂိုး၊ ဖင်လန်အသင်းက မြောက်အိုင်ယာလန်အသင်းကို လေးဂိုး-ဂိုးမရှိ၊ အင်္ဂလန်အသင်းက မော်လ်တာအသင်းကို နှစ်ဂိုး-ဂိုးမရှိ၊ ဒိန်းမတ်အသင်းက ဆလိုဗေးနီးယားအသင်းကို နှစ်ဂိုး-တစ်ဂိုး အနိုင်ရရှိခဲ့ပြီး မော်ဒိုဗာအသင်းနဲ့ အယ်လ်ဘေးနီးယားအသင်းတို့ပွဲစဉ်မှာ တစ်ဖက်တစ်ဂိုးစီ၊ ပိုလန်အသင်းနဲ့ ချက်အသင်းတို့ပွဲစဉ်မှာ တစ်ဖက်တစ်ဂိုးစီသရေ စသဖြင့် ရလဒ်အသီးသီးထွက်ပေါ်ခဲ့တာ ဖြစ်ပါတယ်။

ငွေကြယ်

■ ကမ္ဘာ့ဖလားမှ

ပြန်လည်ရောက်ရှိနေပြီဖြစ်ပြီး မြောက်ကိုရီးယားအသင်းနှင့် ပွဲအတွက် ပြန်လည်ပြင်ဆင်နေပြီဖြစ်သည်။ မြောက်ကိုရီးယားအသင်းနှင့်ပွဲမှာ မြန်မာအသင်းအတွက် ယခုနှစ်အတွင်း ကစားရမည့် နောက်ဆုံးနိုင်ငံတကာပွဲလည်းဖြစ်သည်။

မြန်မာ့လက်ရွေးစင်အသင်းနည်းပြချုပ် ဖိုက်အွန်ဘိုင်နာက "နိုဝင်ဘာ ၂၁ ရက် ရန်ကုန်မှာ မြောက်ကိုရီးယားအသင်းနဲ့ ကစားရမှာဖြစ်ပြီး ဂျပန်ပွဲနဲ့တော့ အစစအရာရာ ကွာခြားပါလိမ့်မယ်။ မတူညီတဲ့ ချဉ်းကပ်ပုံမျိုးနဲ့ ကျွန်တော်တို့ ပြိုင်ဘက်ကို ရင်ဆိုင်မှာပါ။ ဂျပန်အသင်းနဲ့ပွဲလို ခံစစ်ပုံစံမျိုး မဟုတ်ဘဲ မတူညီတဲ့ဟန်နဲ့ ကစားမှာပါ။ မြောက်ကိုရီးယားဆီကနေ အမှတ်ရအောင် ယူဖို့ကြိုးစားပါမယ်။ ဒါက ကျွန်တော်တို့ မျှော်လင့်ချက်ပါ"ဟု ပြောကြားခဲ့သည်။

ကိုညီလေး

❂ MFF မှ

မလိကြယ်စင်အသင်းနှင့် Winner Soccer အသင်းတို့ ငါးဂိုးစီသရေ၊ SGF အသင်းနှင့် Futsal-19 အသင်းတို့ နှစ်ဂိုးစီသရေကျခဲ့သည်။ ယခုပွဲအပြီးတွင် အုပ်စု(F)မှ MIU အသင်းနှင့် DT Legends အသင်း၊ အုပ်စု (E) မှ YRG အသင်း၊ အုပ်စု(C) မှ SGF အသင်း၊ အုပ်စု(B)မှ မလိကြယ်စင်အသင်းတို့ နောက်တစ်ဆင့် တက်ရောက်ခဲ့သည်။

အုပ်စုစတုတ္ထနေ့ကို နိုဝင်ဘာ ၁၉ ရက်တွင် ဆက်လက်ကျင်းပမည်ဖြစ်ပြီး ပြည့်စုံအသင်းနှင့် Generations အသင်း၊ Seven အသင်းနှင့် လင်းလက်အသင်း၊ VUC အသင်းနှင့် M2K အသင်း၊ Sun Far အသင်းနှင့် Noka အသင်း၊ Winner Soccer အသင်းနှင့် Black Cross အသင်း၊ Futsal-19 အသင်းနှင့် ရွှေပြည်သာအသင်းတို့ ယှဉ်ပြိုင်ကစားမည်ဖြစ်သည်။

သတင်း - ကိုညီလေး၊ ဓာတ်ပုံ - MFF

**အားကစားမြှင့်တင် စိတ်လန်းရွှင် ဆန့်ကျင် မူးယစ်ဆေး**

**မွေးသက္ကရာဇ်အမှန်**

တပ်ကုန်းမြို့နယ်၊ ရွှေးစုအုပ်စု၊ အထက(ခွဲ)ရွှေးစုမှ ဒေါ်ခင်သက်မော် ၉/တကန(နိုင်)၁၁၁၈၈၁ ၏ မွေးသက္ကရာဇ်အမှန်မှာ ၁-၅-၁၉၈၂ ဖြစ်ပါကြောင်း။

ဒေါ်ခင်သက်မော်

**ကန့်ကွက်နိုင်ကြောင်း အများသိစေရန်ကြေညာချက်**

ရန်ကုန်မြို့၊ ပုဇွန်တောင်မြို့နယ်၊ အမှတ်(၇)ရပ်ကွက်၊ မြေတိုင်းရပ်ကွက်အမှတ် (၇-ဒီ)၊ မြေရေိယာ (၃၂၂၄) စတုရန်းပေရှိ နှစ်(၉၀)ဂရန်မြေကွက်ပေါ်တွင် ဆောက်လုပ်ထားသော (၆)လွှာ(၂)ခန်းတွဲတိုက်မှ အမှတ်(၅၀)၊ လိပ်ကန်လမ်း၊ ပုဇွန်တောင်မြို့နယ်ရှိ အဆိုပါ(၆)လွှာ (၂)ခန်းတွဲတိုက်၏ မြေညီထပ်(အောက်ဆုံးလွှာ)(ခြေရင်းခန်း) တိုက်ခန်းတစ်ခန်းအပါအဝင် ၎င်းတိုက်ခန်းနှင့်ပတ်သက်လျက်ရှိသော အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့သာမက ယင်းတိုက်ခန်းတွင် တပ်ဆင်ထားသော ဆက်စပ်ပစ္စည်းတို့ကို ဒေါ်ချိုချိုခိုင် [၆/မအရ(နိုင်)၀၉၉၄၃၀] မှ ပိုင်ဆိုင်လျက်ရှိပြီး ၎င်းထံမှ ရန်ကုန်မြို့တော်စာချုပ်စာတမ်းမှတ်ပုံတင်ရုံး အထွေထွေကိုယ်စားလှယ်လွှဲစာအမှတ်(၁၈၀၁၉/၂၀၂၃)အရ ဦးမင်းညို [၆/မအရ(နိုင်)၀၇၅၇၉၉] ထံမှ ကျွန်ုပ်၏မိတ်ဆွေဖြစ်သူက အဆိုပါတိုက်ခန်းကို အပြီးအပိုင်လက်ရောက်ဝယ်ယူရန်အတွက် ရောင်းဖိုးငွေ၏ တစ်စိတ်တစ်ဒေသကို စရန်ငွေအဖြစ်ပေးချေထားပြီးဖြစ်ပါ၍ ကန့်ကွက်လိုသူများရှိပါက ဤကြေညာပါသည့်နေ့မှစ၍ (၁၄)ရက်အတွင်း တိကျခိုင်လုံသော စာရွက်စာတမ်းမူရင်းများနှင့်တကွ ကျွန်ုပ်ထံသို့ လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်ခြင်းများမရှိပါက ဥပဒေနှင့်အညီ အရောင်းအဝယ်ကိစ္စများကို ပြီးမြောက်အောင်ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ**<br>**ဦးအောင်ကြိုင် (LL.B, LL.M)**<br>**တရားလွှတ်တော်ရှေ့နေ (စဉ် - ၁၇၇၄၉)**<br>**တိုက်(၁)၊ အခန်း(၅၀၆)၊ သာယာရွှေပြည်အိမ်ရာ၊ (၁၆)ရပ်ကွက်၊**<br>**ရန်ကင်းမြို့နယ်၊ ရန်ကုန်မြို့။ ဖုန်း-၀၉-၅၄၁၆၈၈၃**

**ကန့်ကွက်နိုင်ကြောင်း ကြေညာခြင်း**

"ရန်ကုန်မြို့၊ တောင်ဥက္ကလာပမြို့နယ်၊ (၁၃)ရပ်ကွက်၊ အနော်မာ(၂)လမ်း၊ အမှတ်(၄၉)၊ (ပဉ္စမထပ်)၊ (၆)လွှာ၊ (၁၈ပေx၅၄ပေ) အကျယ်အဝန်းရှိသော တိုက်ခန်းနှင့် အကျိုးခံစားခွင့်အရပ်ရပ်" ကို ရောင်းချပိုင်ခွင့်ရှိသူဟုဆိုသူ ဒေါ်မျိုးမျိုးမြတ်မွန်[၁၂/မဂတ(နိုင်)၀၈၄၁၂၇] ထံမှ ကျွန်ုပ်တို့၏မိတ်ဆွေဖြစ်သူ ဒေါ်အေးအေးသိန်း[၁၂/လမတ(နိုင်)၀၁၇၀၁၂] က ဝယ်ယူရန် စရန်ငွေတစ်စိတ်တစ်ဒေသကို ပေးချေထားပြီးဖြစ်ပါသည်။ ဤအရောင်းအဝယ်အား ကန့်ကွက်လိုသူများရှိပါက ဤကြေညာပါသည့်နေ့မှ (၇)ရက်အတွင်း တိကျခိုင်လုံသော စာရွက်စာတမ်းမူရင်းများနှင့်တကွ ကျွန်ုပ်တို့ထံသို့ ကိုယ်တိုင်လာရောက် ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်နေ့ရက်အထိ ကန့်ကွက်မည့်သူတစ်ဦးတစ်ယောက်မျှ မရှိပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။

**ဒေါ်အေးအေးသိန်း၏ လွှဲအပ်ညွှန်ကြားချက်အရ**

| | |
|---|---|
| **ဒေါ်အိတြာလှိုင်စိုး** | **ဒေါ်နန်းစိုးလွင်တိုး** |
| **LL.B, D.B.L, D.I.L, D.M.L, D.I.P.L** | **LL.B,D.B,D.R.S** |
| **အထက်တန်းရှေ့နေ (စဉ်-၃၄၈၇၆)** | **အထက်တန်းရှေ့နေ (စဉ်-၃၈၂၆၉)** |
| **Ph 09-782840688** | **Ph:09-451830935** |

**အမှတ်(၃၁၃)၊ ဒုတိယထပ်၊ မဟာဗန္ဓုလပန်းခြံလမ်း(အထက်)**<br>**ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။**

**အများသိစေရန် အသိပေးကြေညာခြင်း**

ရန်ကုန်မြို့၊ လမ်းမတော်မြို့နယ်၊ ညောင်ပင်လေးဈေးပလာဇာ၊ လမ်းမတော်လမ်းနှင့် ကမ်နားလမ်းထောင့်၊ တိုက်အမှတ်(A)၏ ၇-လွှာ၊ အခန်းအမှတ်(716)၊ အကျယ်(၂၀x၄၀)ပေ ကို ယခုလက်ရှိပိုင်ဆိုင်၍ လွှဲပြောင်းရောင်းချခွင့်ရှိသူများဖြစ်သော ကွန်ဟုတ်ချင်(ခ)ဦးချို[၁၂/စခန(နိုင်)၀၄၆၉၃၇]၊ ဦးမြင့်ဆွေ(ခ)အင်စေ့ကြုံး[၁၂/လမတ(နိုင်)၀၂၉၁၉၁]နှင့် ဂေါ်ကျုတ်ဆွင်း(ခ)ဦးနီ[၁၂/လသန(နိုင်)၀၀၇၇၃၁]တို့ထံမှ ကျွန်ုပ်၏မိတ်ဆွေ ဒေါ်တင်တင်အောင်[၁၂/လသန(နိုင်)၀၂၅၇၀၀]မှ အပြီးအပိုင်ဝယ်ယူမည်ဖြစ်ကြောင်း အများသိစေရန် အသိပေးကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**<br>**ဒေါ်ဝေမီလှိုင်(LL.B, D.B.L)**<br>**တရားလွှတ်တော်ရှေ့နေ(စဉ်-၉၆၉၁)**<br>**အမှတ်(၁၈၇)၊ လမ်းမတော်လမ်း၊ လမ်းမတော်မြို့နယ်။**<br>**ဖုန်း-၀၉-၄၂၁၀၀၉၄၆၃၊ ၀၉-၇၉၈၄၀၆၃၇၇**

**"ကန့်ကွက်နိုင်ပါကြောင်း"**

ရန်ကုန်မြို့၊ ရွှေပြည်သာမြို့နယ်၊ မြေတိုင်း-၆၃၊ ရပ်ကွက်အမှတ်-ဒ/၁၇ရပ်ကွက်၊ ဗန္ဓုလလမ်း၊ အပိုင်း(၁)၊ မြေကွက်အမှတ်(၆၆/ခ) ဟုခေါ်တွင်သော အကျယ် ပေ(၂၀x၆၀)ထောင့်ကွက် ဦးထွန်းရီ အမည်ပေါက် စည်ပင်ပါမစ်မူရင်း လက်ဝယ်ရှိပြီး၊ ဇနီးဖြစ်သူ ဒေါ်မြရှင် [၁၂/လမန(နိုင်)၀၃၈၂၇၆] နှင့် သမီးဖြစ်သူ ဒေါ်ထွန်းသီတာအေး[၁၂/လမန(နိုင်)၁၃၈၇၈၇]တို့မှ မိမိတို့သာပိုင်ဆိုင်ပြီး၊ ရောင်းချခွင့်ရှိသည်ဟု ဝန်ခံကတိပြု ပြောဆို၍ ကျွန်ုပ်၏ မိတ်ဆွေဖြစ်သူ ဦးဟာရေရမ်း [၇/ကတခ(ပြု)၀၀၀၀၉၃]မှ အပြီးအပြတ်ဝယ်ယူရန်အတွက် ရောင်းဖိုးငွေ တစ်စိတ်တစ်ဒေသကို စရန်ငွေအဖြစ် ပေးချေထားပြီးဖြစ်၍ အဆိုပါ ခြံမြေအရောင်းအဝယ်နှင့်ပတ်သက်ပြီး ကန့်ကွက်လိုသူများရှိပါက ပိုင်ဆိုင်မှုစာရွက်စာတမ်း အထောက်အထားများ ယူဆောင်၍ ကျွန်ုပ်ထံ လာရောက်ဆက်သွယ်အကြောင်းကြားရန် ယနေ့မှစတင်၍ (၇)ရက်အတွင်း ကန့်ကွက်နိုင်ပါကြောင်းနှင့် သတ်မှတ်ရက်ကျော်လွန်ပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ ပြီးဆုံးသည်အထိ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**<br>**ဒေါ်မိုးစံပယ်ထွေး(LL.B)**<br>**တရားလွှတ်တော်ရှေ့နေ(စဉ်-၁၅၁၄၈)**<br>**ရွှေပြည်သာမြို့နယ်၊ ရန်ကုန်မြို့။**<br>**ဖုန်း-၀၉-၇၉၉၇၄၁၃၃၂၊ ၀၉-၄၂၉၁၃၇၈၄၃**

**"ကန့်ကွက်နိုင်ကြောင်း အများသိစေရန် ကြေညာခြင်း"**

ရန်ကုန်တိုင်းဒေသကြီး၊ မင်္ဂလာဒုံခရိုင်၊ ရွှေပြည်သာမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၃၄)၊ လူနေရပ်ကွက်အမှတ်(၁၀)၊ ရေကြည်လမ်း၊ အမှတ်-၈၀၁(က) ဟုခေါ်တွင်သော အကျယ်အဝန်း (အလျား ၂၀ ပေ x အနံ ၆၀ ပေ)ရှိ ဆောက်လုပ်ရေးဝန်ကြီးဌာန၊ မြို့ရွာနှင့်အိုးအိမ်ဖွံ့ဖြိုးရေးဦးစီးဌာနတွင် ဦးတင့်ရွှေ [၇/ပတန(နိုင်)၀၇၅၇၀၂] အမည်ဖြင့် ချပေးထားသော မြေချပါမစ်အား ဆက်စပ်စာချုပ်ဖြင့် တစ်ဆင့်ဝယ်ယူပိုင်ဆိုင်ထားသော ဦးအောင်အောင် [၁၂/တတန(နိုင်)၁၅၂၉၃၅] မှ မြေကွက်နှင့် ယင်းမြေကွက်ပေါ်တွင် ဆောက်လုပ်ထားသော (၂)ထပ်အဆောက်အဦအပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်တို့ကို မိမိတစ်ဦးတည်းသာလျှင် တရားဝင်ရောင်းချပိုင်ခွင့်ရှိကြောင်း၊ အရှုပ်အရှင်းကင်းရှင်းကြောင်း ဝန်ခံကတိပြုလျက် ပြန်လည်ရောင်းချရန်ကမ်းလှမ်းရာ ကျွန်ုပ်၏မိတ်ဆွေဖြစ်သူ ဒေါ်သိန်းမြင့် [၁၄/မမန(နိုင်)၀၂၁၀၀၃] မှ ဝယ်ယူရန် သဘောတူပြီးဖြစ်၍ စရန်ငွေတစ်စိတ်တစ်ဒေသကို ပေးချေထားပြီးဖြစ်ပါသည်။ အဆိုပါမြေ အရောင်းအဝယ်နှင့် ပတ်သက်၍ အကျိုးသက်ဆိုင်သူ ကန့်ကွက်လိုသူများရှိပါက ဤကြော်ငြာပါသည့်နေ့မှစ၍ (၇)ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ပါသည်။ ယင်းနေ့ကျော်လွန်ပါက အရောင်းအဝယ်ကိစ္စအား ပြီးမြောက်သည်အထိ ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ -**

| | |
|---|---|
| **ဦးဇေယျာထွန်း (LL.B)** | **ဒေါ်ယဉ်ယဉ်ထွန်း (LL.B, C.B.L, D.B.L)** |
| **တရားလွှတ်တော်ရှေ့နေ (စဉ်-၉၄၇၃)** | **တရားလွှတ်တော်ရှေ့နေ (စဉ်-၁၀၃၈၁)** |

**အမှတ်(၈၀၆-ခ)၊ ရေကြည်လမ်း၊ (၁၀)ရပ်ကွက်၊ ရွှေပြည်သာမြို့နယ်။**<br>**ဖုန်း-၀၉-၄၃၀၅၆၁၅၆၊ ၀၉-၅၄၀၃၉၃၂**

The Perfect English

ကြေးမုံသတင်းစာတွင် အထူးကဏ္ဍအဖြစ် ဖော်ပြပါရှိသော

SUPPLEMENT လေ့လာစရာ အင်္ဂလိပ်စာ

၂၀၂၃-၂၀၂၄ ပညာသင်နှစ်အတွက် ပညာရေးဝန်ကြီးဌာန၏ အခြေခံပညာ သင်ရိုးညွှန်းတမ်းအပေါ် အခြေခံရေးသားထားသည်။

နိုဝင်ဘာလအတွက် Grade 5 မှ Grade 12 အထိ တန်းစဉ်ထွက်ပြီ

တန်ဖိုး - ၈၀၀ ကျပ်

ကိုယ်စားလှယ်ယူလိုသူများဆက်သွယ်ပါ။

ဖြန့်ချိရေး – ဒေါ်မျိုးမျိုးဝင်း (ဝင်း–စာပေ) 09 250798223 , 09 43157071 သို့ ဆက်သွယ်မှာယူနိုင်ပါသည်။



### ကြော်ငြာစာ

မန္တလေးမြို့၊ ချမ်းမြသာစည်မြို့နယ်၊ မြရည်နန္ဒာရပ်ကွက်၊ အကွက်အမှတ်-မမ-၁၁၊ ဦးပိုင်အမှတ်(၈၆)/၅၁x၅၂ ကြား၊ ၁၁၆x၁၁၇ လမ်းကြားရှိ တောဂရန်မြေကွက် အမည်ပေါက်သူ ခင်ပွန်း ဦးကျော့ ကွယ်လွန်၍ ကျန်ရစ်သူဇနီး ဒေါ်ငွေးညွှန့်[၉/မရတ(နိုင်)၀၀၇၅၀၃]က တောဂရန်၊ သေစာရင်း၊ တရားရုံးကျမ်းကျိန်ချက်၊ ရပ်ကွက်အုပ်ချုပ်ရေးမှူးရုံးထောက်ခံချက်များတင်ပြ၍ အမွေဆက်ခံစာချုပ်ချုပ်ဆိုရန်အတွက် မြေပုံ၊ မြေရာဇဝင်ရေးကူးခွင့်ပြုပါရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများ၊ တရားရုံးဒီကရီများဖြင့်(၁၄)ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

**မြို့ပြစီမံကိန်းနှင့်**
**မြေစီမံခန့်ခွဲမှုဌာန**
**မန္တလေးမြို့တော်**
**စည်ပင်သာယာရေးကော်မတီ**

### ကြော်ငြာစာ

မန္တလေးမြို့၊ ချမ်းမြသာစည်မြို့နယ်၊ မြရည်နန္ဒာရပ်ကွက်၊ အကွက်အမှတ်-ဘဘ-၁၁၊ ဦးပိုင်အမှတ်(၈၆)/၄၈x၄၉ကြား၊ ၁၁၄x၁၁၅ ကြားရှိ တောဂရန်မြေကွက်အမည်ပေါက်သူ ခင်ပွန်း ဦးငွေးဝင်း ကွယ်လွန်၍ ကျန်ရစ်သူဇနီး ဒေါ်ခင်အေးကြည်[၉/မနတ(နိုင်)၀၈၀၅၀၃]က တောဂရန်၊ သေစာရင်း၊ တရားရုံးကျမ်းကျိန်ချက်၊ ရပ်ကွက်အုပ်ချုပ်ရေးမှူးရုံး ထောက်ခံချက်များတင်ပြ၍ အမွေဆက်ခံစာချုပ်ချုပ်ဆိုရန်အတွက်မြေပုံ၊ မြေရာဇဝင်ရေးကူးခွင့်ပြုပါရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများ၊ တရားရုံးဒီကရီများဖြင့် (၁၄)ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

**မြို့ပြစီမံကိန်းနှင့်**
**မြေစီမံခန့်ခွဲမှုဌာန**
**မန္တလေးမြို့တော်**
**စည်ပင်သာယာရေးကော်မတီ**

### ကြော်ငြာစာ

မန္တလေးမြို့၊ ချမ်းမြသာစည်မြို့နယ်၊ မြရည်နန္ဒာရပ်ကွက်၊ အကွက်အမှတ်-ဘဘ-၃၊ ဦးပိုင်အမှတ်(၂၇)/၅၁x၅၂ကြား၊ ပိတောက်လမ်းနှင့်မြဇူလမ်းကြားရှိ ဦးကမာ အမည်ပေါက် တောဂရန်မြေကွက်အား၊ ခင်ပွန်း ဦးကမာ၊ သား ဦးခင်မောင်သိန်း(လူပျိုဘဝ)တို့ကွယ်လွန်၍ ကျန်ရစ်သူဇနီးနှင့်သမီးဖြစ်သော ဒေါ်မြကြည်[၉/မနမ(နိုင်)၀၈၅၆၀၃]၊ ဒေါ်မြင့်မြင့်ခိုင်[၉/မနမ(နိုင်)၀၈၅၆၀၁]တို့က တောဂရန်၊ သေစာရင်း၊ တရားရုံးကျမ်းကျိန်ချက်၊ ရပ်ကွက်အုပ်ချုပ်ရေးမှူးရုံးထောက်ခံချက်များ တင်ပြ၍ အမွေဆက်ခံစာချုပ်ချုပ်ဆိုရန်အတွက် မြေပုံ၊မြေရာဇဝင် ရေးကူးခွင့်ပြုပါရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါကခိုင်လုံသော အထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများ၊ တရားရုံးဒီကရီများဖြင့် (၁၄)ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

**မြို့ပြစီမံကိန်းနှင့်**
**မြေစီမံခန့်ခွဲမှုဌာန**
**မန္တလေးမြို့တော်**
**စည်ပင်သာယာရေးကော်မတီ**

**သင့်**
**သွေးဖြင့်**
**အသက်**
**ကယ်ပါ**

## အထူးဝမ်းနည်းကြေကွဲခြင်း
## Dr ဒေါ်ရီရီမြင့်
## အသက်(၆၉)နှစ်

ရန်ကုန်မြို့၊ နှင်းဆီကုန်းလမ်း၊ အလုံမြို့နယ်၊ (99 Resident) နေ ဒေါက်တာဦးရဲထွန်း၏ ချစ်လှစွာသောဇနီး၊ ကိုရဲမြင့်မောင်၊ ကိုကျော်မြင့်မောင် တို့၏ ချစ်လှစွာသော မွေးသမိခင်သည် ၁၇-၁၁-၂၀၂၃(သောကြာနေ့) ည ၉:၁၂ နာရီတွင် ကွယ်လွန်သွားကြောင်း သိရပါသဖြင့် ကျန်ရစ်သူမိသားစုနှင့်အတူ ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

**Banner Gems & Jewellery**

## အထူးဝမ်းနည်းကြေကွဲခြင်း
## Dr ဒေါ်ရီရီမြင့်
## အသက်(၆၉)နှစ်

ရန်ကုန်မြို့၊ နှင်းဆီကုန်းလမ်း၊ အလုံမြို့နယ်၊ (99 Resident) နေ ဒေါက်တာဦးရဲထွန်း၏ ချစ်လှစွာသောဇနီး၊ ကိုရဲမြင့်မောင်၊ ကိုကျော်မြင့်မောင်တို့၏ ချစ်လှစွာသော မွေးသမိခင်သည် ၁၇-၁၁-၂၀၂၃(သောကြာနေ့) ည ၉:၁၂ နာရီတွင် ကွယ်လွန်သွားကြောင်း သိရပါသဖြင့် ကျန်ရစ်သူမိသားစုနှင့်အတူ ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

**မောင်ကျင်တင် လက်ဖက်ခြောက်မိသားစု**
**The First Hotel**

## အထူးဝမ်းနည်းကြေကွဲခြင်း
## Dr ဒေါ်ရီရီမြင့်
## အသက်(၆၉)နှစ်

ရန်ကုန်မြို့၊ နှင်းဆီကုန်းလမ်း၊ အလုံမြို့နယ်၊ (99 Resident) နေ ဒေါက်တာဦးရဲထွန်း၏ ချစ်လှစွာသောဇနီး၊ ကိုရဲမြင့်မောင်၊ ကိုကျော်မြင့်မောင် တို့၏ ချစ်လှစွာသော မွေးသမိခင်သည် ၁၇-၁၁-၂၀၂၃(သောကြာနေ့) ည ၉:၁၂ နာရီတွင် ကွယ်လွန်သွားကြောင်း သိရပါသဖြင့် ကျန်ရစ်သူမိသားစုနှင့်အတူ ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

**Rose Hill Hospital & Hotel**
**Win Zi Waka Clinic**

### ဘုရား၊ သိမ်၊ ကျောင်း၊ ဇရပ်၊ တန်ဆောင်း၊
### ရဟန်းဒါယကာကြီး
## ဦးဗိုလ်သောင်း
### မိုးကုတ်အသင်းနာယကကြီး
## အသက် (၉၂)နှစ်

ရန်ကုန်မြို့၊ ဗဟန်းမြို့နယ်၊ ရွှေတောင်ကြား (၂) ရပ်ကွက်၊ အင်းယားမြိုင်လမ်း၊ အမှတ် (17-A)နေ (ဦးထယ်-ဒေါ်ဖုံ)၊ (ဦးမူ-ဒေါ်ချစ်မယ်)တို့၏ သား/သားသမက်၊ (ဒေါ်မြကြည်)၏ ချစ်လှစွာသောခင်ပွန်း၊ ဒေါ်အုန်းညွန့်၊ ဦးဗိုလ်ကြည်-ဒေါ်သဇင်ခင်၊ ဦးကျော်မျိုးထွဋ်-ဒေါ်ခင်မြင့်ကြည်၊ (ဦးဗိုလ်တင်သောင်း)၊ ဦးဗိုလ်ခင်ကြည်-(ဒေါ်သန္တာအောင်)၊ (ဦးဗိုလ်မြင့်သောင်း)-ဒေါ်နုနုတင်၊ (ဦးဗိုလ်မြတင်)၊ ဦးဗိုလ်ဗိုလ်ထွေးတို့၏ ချစ်လှစွာသောဖခင်ကြီး၊ မြေး ၁၀ ယောက်တို့၏ ချစ်လှစွာသောအဘိုး၊ မြစ် ငါးယောက်တို့၏ ချစ်လှစွာသောဘိုးဘိုးကြီးသည် ၁၇-၁၁-၂၀၂၃(သောကြာနေ့) နံနက် ၇:၃၀ နာရီတွင် ကွယ်လွန်အနိစ္စရောက်သွားပါသဖြင့် ကြွင်းကျန်သောရုပ်ကလာပ်ကို ၁၉-၁၁-၂၀၂၃ (တနင်္ဂနွေနေ့) မွန်းလွဲ ၁ နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါ၍ လိုက်ပါပို့ဆောင်ကြပါရန်နှင့် ကွယ်လွန်သူအားရည်စူး၍ ဘုရားအမှူးပြုသော သံဃာတော်အရှင်သူမြတ်တို့အား ဆွမ်းအစရှိသော ဒါတဗ္ဗဝတ္ထုအစုစုတို့ကို ဆက်ကပ်လှူဒါန်းပြီး အမျှပေးဝေလိုပါသောကြောင့် ၂၃-၁၁-၂၀၂၃ (ကြာသပတေးနေ့) နံနက် ၁၀ နာရီမှ မွန်းလွဲ ၁ နာရီအထိ အထက်ပါနေအိမ်သို့ရက်လည်ဆွမ်းကျွေးတရားတော်နာကြွရောက်ကြပါရန် ညှိုးငယ်သောစိတ်ထားဖြင့် ကျန်ရစ်သောမိသားစုမှ ဖိတ်ကြားအပ်ပါသည်။

ကျန်ရစ်သူမိသားစု

## အထူးဝမ်းနည်းကြေကွဲခြင်း
## Dr ဒေါ်ရီရီမြင့်
## အသက်(၆၉)နှစ်

ရန်ကုန်မြို့၊ နှင်းဆီကုန်းလမ်း၊ အလုံမြို့နယ်၊ (99 Resident) နေ ဒေါက်တာဦးရဲထွန်း၏ ချစ်လှစွာသောဇနီး၊ ကိုရဲမြင့်မောင်၊ ကိုကျော်မြင့်မောင် တို့၏ ချစ်လှစွာသော မွေးသမိခင်သည် ၁၇-၁၁-၂၀၂၃(သောကြာနေ့) ည ၉:၁၂ နာရီတွင် ကွယ်လွန်သွားကြောင်း သိရပါသဖြင့် ကျန်ရစ်သူမိသားစုနှင့်အတူ ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

**Grand United Hotel & Prestige Residences**

### ကြော်ငြာစာ

မန္တလေးမြို့၊ ချမ်းမြသာစည်မြို့နယ်၊ မြို့သစ်-၁ ရပ်ကွက်၊ အကွက်အမှတ်-(တ-၁၀)၊ ဦးပိုင်အမှတ်-၅၄(ခဲစင်း)၊ ၇၃လမ်း၊ ၁၀၂.Ax၁၀၃ လမ်းကြားရှိ ဂရန်မြေကွက်အမည်ပေါက်သူ ဦးကျော်ကျော်ဝင်း(ခ)ရန်ကွေ့ယုံထံမှ မှတ်ပုံတင်အရောင်းအဝယ်စာချုပ်အမှတ်(၂၆၇/၂၀၂၂)ဖြင့် ဒေါ်နန်းအေးလင်း၊ ဦးအောင်နွေဦးတို့က ဝယ်ယူခဲ့ပြီး ဒေါ်နန်းအေးလင်း၊ ဦးအောင်နွေဦးတို့၏ (SP ရသူ ဒေါ်ဖြူဖြူအောင်)တို့ထံမှ မှတ်ပုံတင်အရောင်းအဝယ်စာချုပ်အမှတ်(၃၁၅၀/၂၀၂၂)ဖြင့် ဝယ်ယူခဲ့သူ ဒေါ်ခင်ငွေးမြင့်[၉/အမရ(နိုင်)၀၁၃၁၇၁]၊ ဒေါ်သိန်းသိန်းဦး [၉/မကန(နိုင်)၀၁၈၃၄၅]၊ ဦးဇေယျစိုး[၉/အမရ(နိုင်)၁၄၁၂၁၇]တို့က အမှုတွဲအမှတ်-၅၅၃၂/၂၀၂၃-၂၀၂၄ ဖြင့် ဦးပိုင်ခွဲ/အမည်ပြောင်း လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများ၊ တရားရုံးဒီကရီများဖြင့်(၁၄)ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန**
**မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ**

**ရန်ကုန်မြို့၊ ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ်(၁၃)ရပ်ကွက်သော်ကလမ်း၊ မြေကွက်အမှတ်၁၃၆၂ (ပေ၄၀xပေ၆၀) (၀.၀၅၅၈ကေ)ရှိ နှစ်၆၀ ဂရန်မြေကွက်နှင့်ပတ်သတ်၍ အများသိစေရန်ကြေညာ**

ဖော်ပြပါမြေကွက်မှာ ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ မြို့မြေစာရင်းတွင် ဒေါ်သန်းသန်းငွေး(၁၂/သကတ(နိုင်) ၁၂၇၁၀၆) အမည်ပေါက်ဖြစ်ပြီးကိုယ်တိုင်လက်ရောက်ပိုင်ဆိုင်ထားရှိပြီးအရှုပ်အရှင်းကင်းကြောင်း ရောင်းချပိုင်ခွင့်ရှိကြောင်းရောင်းချသူကဝန်ခံသဖြင့်ဒေါ်တင်နွယ်ငြိမ်း(၁၂/စခန(နိုင်) ၀၆၀၁၄၂)ကဝယ်ယူရန်အတွက်စရံငွေတစ်စိတ်တစ်ဒေသကိုပေးချေပြီးဖြစ်ပါသည်။ အရောင်းအဝယ်နှင့် ပတ်သတ် ၍ ကန့်ကွက်လိုပါက ဤကြော်ငြာပါသည့် နေ့မှ (၇)ရက်အတွင်းခိုင်လုံသောစာရွက်စာတမ်းမူရင်းများဖြင့်ကျွန်ုပ်ထံသို့လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်းကန့်ကွက်မှုမရှိပါကအရောင်းအဝယ်ကိုပြီးဆုံးသည်အထိ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်းအများသိစေရန် ကြေညာအပ်ပါသည်။ လွှဲအပ်ညွှန်ကြားချက်အရ -

ဦးအောင်မြင့်သိန်း (မော်ကျွန်း)
အထက်တန်းရှေ့နေ (စဉ် ၆၄၃၇/၁၉၈၀)
အမှတ် -၉၅၈၊ ဗိုလ်အောင်ကျော်လမ်း၊ (၇)ရပ်ကွက်၊
လှိုင်သာယာမြို့နယ်။ ဖုန်း ၀၉၇၈၇၂၁၇၈၄၄၊၀၉ ၄၂၀၀၉၅၈၄၄

**"ရန်ကုန်တိုင်းဒေသကြီး၊ သန်လျင်ခရိုင်၊ သန်လျင်မြို့နယ်၊ အေးသာယာရပ်ကွက်၊ မဇ္ဈူ(၃၁)လမ်း၊ အကွက်အမှတ်-(K-၁၄၇) ဟုခေါ်တွင်သော သန်လျင်မြို့နယ်၊ ကျောင်းကုန်းဆိပ်ကြီးကွက်သစ်၊ အိမ်ရာမြေချထားရေးကော်မတီမှ ပြေစာအမှတ် (၁၃၈၆)ဖြင့် ဦးသန်းမြင့်သို့ ချပေးထားသော အကျယ်အဝန်း (၄၀ပေx၆၀ပေ)ရှိ မြေကွက်နှင့် ပတ်သက်၍ အများသိစေရန်ကြေညာခြင်း"**

အထက်ရည်ညွှန်းလိပ်စာပါ မြေကွက်နှင့်ပတ်သက်၍ မူလမြေကွက်ပိုင်ရှင် ဦးသန်းမြင့်(SRM-၀၀၈၇၄၁)မှ ဦးထွန်းအေး[၁၂/သခန(နိုင်)၀၆၃၀၆၈] ထံသို့လည်းကောင်း၊ ဦးထွန်းအေး [၁၂/သခန(နိုင်)၀၆၃၀၆၈]ထံမှ ဦးအောင်ခင် [၁၄/ဒဒရ(နိုင်)၀၆၆၄၇၅]ထံသို့လည်းကောင်း၊ နှစ်ဦးသဘောတူခြံမြေ အရောင်းအဝယ် စာချုပ်ချုပ်ဆို၍ ဝယ်ယူပိုင်ဆိုင်လာသော မြေကွက်ဖြစ်ကြောင်း၊ ဦးအောင်ခင် [၁၄/ဒဒရ(နိုင်)၀၆၆၄၇၅]မှ အဆိုပါ ၎င်းတို့ချုပ်ဆိုထားသော အရောင်းအဝယ်စာချုပ်မူရင်းများနှင့် မြေချစလစ်မူရင်း(၂)စောင်တို့အား ပြသ၍ ယင်းမြေကွက်အား ရောင်းချသူ ဦးအောင်ခင်မှ ၎င်းအမှန်တကယ် ပိုင်ဆိုင်လာသော မြေကွက်ဖြစ်ကြောင်းနှင့် ပေါင်နှံ ရောင်းချပေးကမ်း၊ စွန့်လွှတ်၊ လွှဲပြောင်းခြင်းမှ ကင်းရှင်းကြောင်း၊ အရှုပ်အရှင်းကင်းကြောင်း ထုတ်ဖော်ဝန်ခံရောင်းချခဲ့သဖြင့် ကျွန်ုပ်၏မိတ်ဆွေဖြစ်သူ ဒေါ်လှလှဝင်းမှ နှစ်ဦးသဘောတူ ခြံမြေကွက် အပြီးအပိုင် အရောင်းအဝယ် ကတိစာချုပ်ချုပ်ဆို၍ ကာလတန်ဖိုးနှင့်အညီ ရောင်းဖိုးငွေအပြေအကျေပေးချေပြီး ဝယ်ယူပိုင်ဆိုင်ထားသောမြေကွက်ဖြစ်ကြောင်းနှင့် အထက်ရည်ညွှန်းလိပ်စာပါမြေကွက်၏ပိုင်ရှင်မှာ ကျွန်ုပ်၏မိတ်ဆွေဖြစ်သူ ဒေါ်လှလှဝင်း တစ်ဦးတည်းသာဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဒေါ်လှလှဝင်း ၏ လွှဲအပ်ညွှန်ကြားချက်အရ -**
**ဒေါ်နီလာဝင်း (LL.B)**
**တရားလွှတ်တော်ရှေ့နေ (စဉ်-၁၂၉၂၃)**
**ဒေါ်ခြိမ့်ယွန်းဆက် (LL.B)** — **ဒေါ်ဂျာရိန်အောင်ဘူ (LL.B)**
**အထက်တန်းရှေ့နေ (စဉ်-၄၉၉၅၁)** — **အထက်တန်းရှေ့နေ(စဉ်-၅၅၅၆၀)**
**အမှတ်-၁၀၁၊ ဒုတိယထပ်၊ မြင်တော်သာလမ်း၊ ၃/မာန်ပြေရပ်ကွက်၊**
**သာကေတမြို့နယ်၊ ရန်ကုန်မြို့။ Ph:09-778434507, 09-772766716**

**"ရန်ကုန်မြို့၊ ဒေါပုံမြို့နယ်၊ ဗိုလ်ထွန်းဇံရပ်ကွက်၊ ဗိုလ်အောင်ကျော်လမ်း၊ အမှတ်(၄၆)ဟုခေါ်တွင်သော မြေရှင် ဒေါ်လှဝင်း နှင့် ဦးခင်ရှိန် တို့အမည်ပေါက်သော မြေပေါ်တွင် ဆောက်လုပ်ထားသည့် (၂)ခန်းတွဲ (၆)ထပ်တိုက်အဆောက်အဦ၏(ဒုတိယထပ်)၊ (၃)လွှာ၊ (ခြေရင်းခန်း)အကျယ်အဝန်း (၁၂ပေခွဲx၅၀ပေ)ရှိ တိုက်ခန်းတစ်ခန်းအပါအဝင် ယင်းတိုက်ခန်းနှင့် ပတ်သက်သော အကျိုးခံစားခွင့် အရပ်ရပ်အားလုံးတို့နှင့် ပတ်သက်၍ အများသိစေရန် ကြေညာခြင်း"**

အထက်ရည်ညွှန်းလိပ်စာပါ တိုက်ခန်းအား အပိုင်ရောင်းချသူ ဦးဝေဖြိုးကျော် [၇/ကဝန(နိုင်)၁၂၇၆၈၆]မှ အရပ်ကတိအရောင်းအဝယ်စာချုပ်ချုပ်ဆို၍ ဝယ်ယူပိုင်ဆိုင်ထားသော တိုက်ခန်းဖြစ်ကြောင်းနှင့် ယနေ့တိုင် ၎င်းတစ်ဦးတည်းသာ ပိုင်ဆိုင်ကြောင်း၊ ရောင်းချပိုင်ခွင့်ရှိကြောင်း၊ အရှုပ်အရှင်းကင်းကြောင်း ထုတ်ဖော်ဝန်ခံလျက် ရောင်းချရန် ကမ်းလှမ်းလာသဖြင့် ကျွန်ုပ်၏မိတ်ဆွေများဖြစ်ကြသော ဦးလှိုင်မျိုးကျော် [၁၂/ဒဂတ(နိုင်)၀၁၂၃၃၆၉] နှင့် ဒေါ်အိသန္တာမော် [၁၂/မဂတ(နိုင်)၀၉၂၀၉၅]တို့မှအပိုင်ဝယ်ယူရန်အတွက် ရောင်းဖိုးငွေ၏ တစ်စိတ်တစ် ဒေသအား စရန်ငွေအဖြစ်ပေးချေထားပြီးဖြစ်ပါသည်။ သို့ဖြစ်ရာ အရောင်းအဝယ်အား ကန့်ကွက်လိုပါက ခိုင်လုံသော မူရင်းစာရွက်စာတမ်း အထောက်အထားများဖြင့် (၇)ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်မည့်သူမရှိပါက အရောင်းအဝယ်အား ဥပဒေနှင့်အညီ ပြီးဆုံးသည့်တိုင်အောင် ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဦးလှိုင်မျိုးကျော် နှင့် ဒေါ်အိသန္တာမော် တို့၏ လွှဲအပ်ညွှန်ကြားချက်အရ -**
**ဒေါ်နီလာဝင်း (LL.B)**
**တရားလွှတ်တော်ရှေ့နေ (စဉ်-၁၂၉၂၃)**
**ဒေါ်ခြိမ့်ယွန်းဆက် (LL.B)** — **ဒေါ်ဂျာရိန်အောင်ဘူ (LL.B)**
**အထက်တန်းရှေ့နေ (စဉ်-၄၉၉၅၁)** — **အထက်တန်းရှေ့နေ(စဉ်-၅၅၅၆၀)**
**အမှတ်-၁၀၁၊ ဒုတိယထပ်၊ မြင်တော်သာလမ်း၊ ၃/မာန်ပြေရပ်ကွက်၊**
**သာကေတမြို့နယ်၊ ရန်ကုန်မြို့။Ph:09-778434507, 09-772766716**

## ဒေါ်တင်လေးဇံ(ခ)Ruby Zan

**M.Sc, Zoology**

### အသက်(၉၂)နှစ်

ရန်ကုန်မြို့၊ တောင်ဥက္ကလာပမြို့နယ်၊ (၈)ရပ်ကွက်၊ (၃)လမ်း၊ သစ္စာဥယျာဉ်အိမ်ရာနေ (ရဲမင်းကြီး ဦးကျော်ဇံ-ဒေါ်တင်တင်)တို့၏သမီး၊ သံအမတ်ကြီး (ဒုဗိုလ်မှူးကြီးရွှေဇံအောင်)(ရေ)၏ ဇနီး၊ (ဦးဂျင်မီ သာဇံ)၏ အစ်မကြီး၊ ဦးထွန်းဇံအောင်-ဒေါ်နီလာစိန်လှ၊ ဦးသိန်းထွဋ်-ဒေါ်နီလာအောင်၊ ဦးသာဇံ-ဒေါ်သူဇာအောင်၊ ဦးခင်မောင်စန်း-ဒေါ်ဥမ္မာအောင်တို့၏ မိခင်ကြီး၊ ဒေါ်စောမြတ်သွယ်(Jamie)၊ ဒေါ်ခိုင်မြတ်သက်(Rebecca)၊ ဦးနေဦးအောင်၊ ဒေါ်စန္ဒီဇံ၊ ဒေါ်ခင်စိုးစံနှင့် ဦးအောင်ဇံမောင်တို့၏အဘွား ဒေါ်တင်လေးဇံ(ခ) Ruby Zan သည် (၁၃၈၅ ခုနှစ်၊ တန်ဆောင်မုန်းလဆန်း ၅ ရက်) ၁၇-၁၁-၂၀၂၃ (သောကြာနေ့) နံနက် ၄:၃၀ နာရီတွင် (၉၆)ပါးသောရောဂါဖြင့် ဘဝတစ်ပါးသို့ ပြောင်းရွှေ့ကွယ်လွန်သွားပါသဖြင့် ကြွင်းကျန်ရစ်သောရုပ်ကလာပ်ကို ၁၇-၁၁-၂၀၂၃ ရက် မွန်းလွဲ ၂ နာရီတွင် ရေဝေးသုသာန်သို့ ကောင်းမွန်စွာ ပို့ဆောင်သင်္ဂြိုဟ်ပြီးစီးပြီးဖြစ်ပါကြောင်း ရပ်ဝေးရပ်နီးရှိ ဆွေမျိုးမိတ်သင်္ဂဟ အပေါင်းတို့အား အသိပေးအကြောင်းကြားအပ်ပါသည်။ [ကွယ်လွန်သူအားရည်စူး၍ ၂၃-၁၁-၂၀၂၃ (ကြာသပတေးနေ့) နံနက် ၈ နာရီမှ ၁၁ နာရီအထိ အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာ ကြွရောက်ကြပါရန် လေးစားစွာဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

## ဒေါ်လှတင်

### အသက် (၈၂) နှစ်

မန္တလေးတိုင်းဒေသကြီး၊ ပြည်ကြီးတံခွန်မြို့နယ်၊ မြဝတီမင်းကြီးလမ်း၊ လမ်းသွယ် ၇၃(စီ)၊ အိမ်နံပါတ် (ယ - ၂/၅၅) နေ ဦးကျော်အုန်း ၏ချစ်လှစွာသောဇနီး၊ (ဦးတင်ဌေးအုန်း)-ဒေါ်ယုယုဇော်၊ ဦးဆန်နီအုန်း - ဒေါ်နုနုထွေး၊ ဦးထွန်းထွန်းအုန်း-ဒေါ်အေးအေးစံ၊ ဦးဇော်မြင့်အုန်း၊ ဦးတင့်လွင်ဦး-ဒေါ်စန်းစန်းအုန်း တို့၏ချစ်လှစွာသောမိခင်ကြီး၊ မြေး (၈)ယောက် နှင့် မြစ် ( ၃ )ယောက်တို့၏ ချစ်လှစွာသောအဘွားသည် ၁၈-၁၁-၂၀၂၃ရက်(စနေနေ့) ညနေ (၄ နာရီ ၅၀မိနစ်)တွင် ၉၆ပါးသောရောဂါဖြင့် ကွယ်လွန်အနိစ္စရောက်သွားပါသဖြင့် ကြွင်းကျန်သောရုပ်ကလာပ်ကို ၂၀-၁၁-၂၀၂၃ ရက် (တနင်္လာနေ့) မွန်းလွဲ (၁၂နာရီ)တွင် တောင်အင်းမြောက်အင်းသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါ၍ လိုက်ပါပို့ဆောင်ပေးကြပါရန်နှင့် ကွယ်လွန်သူအားရည်စူး၍ ဘုရားအမှူးပြုသော သံဃာတော်အရှင်သူမြတ်တို့အား ဆွမ်းအစရှိသော ဒါတဗ္ဗဝတ္ထုအစုစုတို့ကို ဆက်ကပ်လှူဒါန်းပြီး အမျှပေးဝေလိုပါသောကြောင့် ၂၂-၁၁-၂၀၂၃ရက်( ဗုဒ္ဓဟူးနေ့) နံနက်(၁၀ နာရီ) မှ မွန်းလွဲ (၁ နာရီ)အထိ အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေး တရားတော်နာကြွရောက်ပါရန် ညိုးငယ်သောစိတ်ထားဖြင့် ကျန်ရစ်သောမိသားစုမှ ဖိတ်ကြားအပ်ပါသည်။

ကျန်ရစ်သောမိသားစု

## Dr ဒေါ်ရီရီမြင့်

### အသက်(၆၉) နှစ်

ပုသိမ်မြို့နေ(ဦးကျင်စိန်-ဒေါ်စန်းမြင့်)တို့၏ သမီးကြီး၊ မန္တလေးမြို့နေ(ဦးမောင်မောင်-ဒေါ်ချိန်)တို့၏ သမီးချွေးမ၊ ရန်ကုန်မြို့၊ နှင်းဆီကုန်းလမ်း၊ အလုံမြို့နယ်၊ (99 Resident) နေ ဒေါက်တာ ဦးရဲထွန်း၏ ချစ်လှစွာသော ဇနီး၊ ကိုရဲမြင့်မောင်၊ ကိုကျော်မြင့်မောင်တို့၏ ချစ်လှစွာသော မွေးသမိခင်သည် ၁၇-၁၁-၂၀၂၃(သောကြာနေ့) ည ၉:၁၂ နာရီတွင် ဘဝတစ်ပါးသို့ ပြောင်းလဲသွားပါသဖြင့် ကွယ်လွန်သူ၏ ဆန္ဒအရ မီးသင်္ဂြိုဟ်ပြီးစီးပြီးဖြစ်ပါကြောင်း ရပ်ဝေးရပ်နီးမှ ဆွေမျိုးမိတ်ဆွေ သူငယ်ချင်းအားလုံးတို့အား ညိုးငယ်စွာ အသိပေး အကြောင်းကြားအပ်ပါသည်။

ကျန်ရစ်သူမိသားစု

**လျှပ်စစ်ဓာတ်အားကို ချွေတာနိုင်သည့် နည်းလမ်းများ**

- ရိုးရိုးမီးလုံး၊ မီးချောင်းထက် Energy Saving Lamp ကို ရွေးချယ် အသုံးပြုသင့်သည်။
- Energy Saving Lamp ထက် LED မီးလုံး မီးချောင်းများကို ရွေးချယ် အသုံးပြုသင့်သည်။



## ဝမ်းနည်းကြေကွဲခြင်း

## ဦးဗိုလ်သောင်း

### အသက်(၉၂)နှစ်

နိုင်ငံခြားရေးဝန်ကြီးဌာန၊ ဒုတိယဝန်ကြီး ဦးကျော်မျိုးထွဋ်နှင့် ဇနီး ဒေါ်ခင်မြင့်ကြည်တို့၏ ဖခင် ဦးဗိုလ်သောင်း အသက်(၉၂)နှစ်သည် ၁၇-၁၁-၂၀၂၃ရက်(သောကြာနေ့)တွင် ရန်ကုန်မြို့၌ ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် ကျန်ရစ်သူမိသားစုနှင့်အတူ ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

**ညွှန်ကြားရေးမှူးချုပ်၊ ဒုတိယညွှန်ကြားရေးမှူးချုပ်များနှင့်**
**အရာထမ်း၊ အမှုထမ်းများ၊**
**အပြည်ပြည်ဆိုင်ရာအဖွဲ့အစည်းများနှင့်စီးပွားရေးဦးစီးဌာန၊**
**နိုင်ငံခြားရေးဝန်ကြီးဌာန**

## ဦးမင်းမင်းထွန်း

### အသက်(၄၆)နှစ်

ရန်ကုန်မြို့၊ စမ်းချောင်းမြို့နယ်၊ ရှမ်းရိပ်သာလမ်း၊ အမှတ်(၂၉)၊ အခန်း(၃၀၁)၊ နန်းထိုက်တော်ဝင်ကွန်ဒို၊ ဟုမ်းလမ်းဘူတာရပ်ကွက်နေ ဦးကျော်သိန်း-(ဒေါ်ပု)တို့၏သား၊ ဦးသိန်းထွန်း-ဒေါ်ခင်အေးကြူ တို့၏သားသမက်၊ ဦးကျော်မင်းထွန်း-ဒေါ်ဝင်းဝင်းခိုင်တို့၏မောင်၊ ဒေါ်ကြူကြူထွန်း၏ခင်ပွန်း၊ မအိုင်းရစ်လေပြေထွန်း (ခ) ဂျူးနီ၊ မအိုင်းရစ်သံစဉ်ထွန်း(ခ)ဆီွတီ၊ Alex ထွန်းတို့၏ ချစ်လှစွာသော မွေးသဖခင်သည် ၁၇-၁၁-၂၀၂၃(သောကြာနေ့)ညနေ ၅:၅၀နာရီတွင် ကွယ်လွန်အနိစ္စရောက်သွားပါသဖြင့် ၁၉-၁၁-၂၀၂၃(တနင်္ဂနွေနေ့) မွန်းလွဲ ၂ နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း လိုက်ပါပို့ဆောင်ကြပါရန် ဖိတ်ကြားအပ်ပါသည်။ (ကူသန့်ရှင်းလက်မခံပါ)(နေအိမ်မှကားများ မွန်းတည့် ၁၂ နာရီထွက်ပါမည်။)

ကျန်ရစ်သူမိသားစု

## ဒေါ်စီစီသင်

### အသက်(၅၆)နှစ်

ရန်ကုန်မြို့၊ စိန်ပန်းမြိုင်လျှပ်စစ်ဝန်ထမ်းအိမ်ရာ၊ တိုက်အမှတ်(၂)၊ အခန်း(၂)နေ (ဦးဖေသင်-ဒေါ်အေးရှင်)တို့၏ သမီး၊ (ဦးငါးမောင်-ဒေါ်လှတင်)တို့၏ သမီးချွေးမ၊ ဦးအောင်သန်းဦး (ပြည်ထောင်စုဝန်ကြီး-ငြိမ်း၊ လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာန)-ဒေါ်သန်းသန်းအေး၊ (ဒေါ်မော်မော်ဝင်း)၊ ဒေါ်ယဉ်ယဉ်ခိုင်၊ ဦးမောင်မောင်အောင်-ဒေါ်ခင်မာညို၊ ဒေါ်ခင်စန်းမြင့်၊ ဒုတိယဗိုလ်မှူးကြီး(ငြိမ်း) ဦးသန်းဝင်းမောင်-ဒေါ်မေသန့်ဇင်၊ ဦးစိုးလွင်-ဒေါ်ခင်အေးသွယ်၊ ဦးသိန်းဇော်-ဒေါ်ခင်စန်းဌေးတို့၏ညီမ၊ ဒေါ်စန္ဒာဝင်း-(ဦးဉာဏ)၏ အစ်မ၊ မဆုမေချမ်း၊ မနှင်းကေရီစန်းလွင်တို့၏ မွေးသမိခင်၊ [ဦးစန်းလွင် (အနောက်ပိုင်းခရိုင် လျှပ်စစ်အင်ဂျင်နီယာ-ငြိမ်း၊ YESC)]၏ ချစ်လှစွာသော ဇနီး ဒေါ်စီစီသင်သည် ၁၈-၁၁-၂၀၂၃ရက် နံနက် ၁၀:၃၀ နာရီတွင် အာရှတော်ဝင်ဆေးရုံ၌ ကွယ်လွန်အနိစ္စရောက်သွားပါသဖြင့် ၂၂-၁၁-၂၀၂၃ ရက် နံနက် ၁၀ နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်နီးရပ်ဝေးနေ မိသားစု ဆွေမျိုးမိတ်ဆွေများအား ညိုးငယ်စွာဖြင့် အသိပေးအပ်ပါသည်။ (နေအိမ်မှကားများ နံနက် ၈:၃၀ နာရီတွင် ထွက်ပါမည်။)

ကျန်ရစ်သူမိသားစု

**အားကစားမြင့်တင် စိတ်လန်းရွှင်**
**ဆန့်ကျင်မူးယစ်ဆေး**

ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယိကာမကြီး

## ဒေါ်ကင်မေ(ကျုံကဒွန်း)

### အသက် (၈၅)နှစ်

ရန်ကုန်မြို့၊ လမ်းမတော်မြို့နယ်၊ အမှတ်(၈၁)၊ ပထမထပ်၊ (၈)လမ်း၊ (၃)ရပ်ကွက်နေ(ဦးအလံ-ဒေါ်မြကြည်)တို့၏သမီး၊ (ဦးဝင်ဆိုင်)၊ (ဒေါ်ခင်သန်း)တို့၏ညီမ (ဦးဝင်းညွှန့်)၊ (ဦးဝင်းဟို)တို့၏ အစ်မ၊ (ဦးမြင့်ထွန်း)၏ဇနီး၊ ဦးအောင်မျိုးထွန်း-ဒေါ်ခိုင်ခိုင်ထွေးတို့၏မိခင်၊ မောင်အောင်ထက်ခိုင်၊ မသင်းယုစံ တို့၏ချစ်လှစွာသောအဘွား ဒေါ်ကင်မေသည် ၁၈-၁၁-၂၀၂၃ရက် နံနက် ၉:၁၀နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၂၀-၁၁-၂၀၂၃(တနင်္လာနေ့) နံနက်၁၀နာရီတွင်ရေဝေးမီးသင်္ဂြိုဟ်စက်၌ သင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်နီးရပ်ဝေးမှ ဆွေမျိုးမိတ်ဆွေများအား အသိပေး အကြောင်းကြားအပ်ပါသည်။

ကျန်ရစ်သူမိသားစု

## ကြော်ငြာစာ

မန္တလေးမြို့၊ မဟာအောင်မြေမြို့နယ်၊ ရတနာဘုမ္မိအရှေ့ရပ်ကွက်၊ အကွက်အမှတ်(၅၄၀)၊ ဦးပိုင်အမှတ်(၁၇၁)၊ ၈၁လမ်း၊၃၆x၃၇လမ်းကြားရှိ ဘိုးဘမြေကွက်အမည်ပေါက်သူ ဦးဝင်းမြင့်၊ ဒေါ်ကြည်ကြည်ဝင်းတို့(၂) ဦးအနက်၊ ခင်ပွန်းဖြစ်သူ ဦးဝင်းမြင့်ကွယ်လွန်၍ အမွေဆက်ခံပိုင်ဆိုင်ကြောင်း စာချုပ်အမှတ်(၁၉၃၉/၂၀၂၃)ဖြင့် အမွေဆက်ခံခဲ့သောဇနီးဖြစ်သူ ဒေါ်ကြည်ကြည်ဝင်းထံမှ မှတ်ပုံတင်အရောင်းအဝယ်စာချုပ်အမှတ်(၃၁၄၈/၂၀၂၃)ဖြင့် ဝယ်ယူခဲ့သူ ဒေါ်ပန်းဆုပြည့်ကျော်[၉/ခအဇ(ဧည့်)၀၀၀၂၃၅]က အမှုတွဲအမှတ်-၀၆၁၀/ဘ(ပြောင်း)/၂၀၂၃-၂၀၂၄ဖြင့် ဘိုးဘ/အမည်ပြောင်း လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများ၊ တရားရုံးဒီကရီများဖြင့် (၁၄)ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန**
**မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ**

## ကြော်ငြာစာ

မန္တလေးမြို့၊ ချမ်းမြသာစည်မြို့နယ်၊ မြရည်နန္ဒာရပ်ကွက်၊ အကွက်အမှတ်(မမ-၁၂)၊ ဦးပိုင်အမှတ်(၈၈)၊ လမ်း၅၀၊ ယုဇနလမ်းနှင့်သံလမ်းကြားရှိ တောဂရန်မြေကွက် အမည်ပေါက်သော ခင်ပွန်းဖြစ်သူ ဦးစံသိန်းကွယ်လွန်၍ အမွေဆက်ခံပိုင်ဆိုင်ကြောင်းစာချုပ်အမှတ်(၃၁၉၆/၂၀၂၂)ဖြင့် အမွေဆက်ခံခဲ့သောဇနီးဖြစ်သူ ဒေါ်မြခင်[၉/အမရ(နိုင်)၀၂၂၁၉၃]၏(SP ရသူ ဦးအောင်နိုင်မြင့်)က တောဂရန်စာချုပ်နှင့်အတူ အမှုတွဲအမှတ်-၅၅၀၀/၂၀၂၃-၂၀၂၄ ဖြင့် တောမှမြို့ပြောင်း/သက်တမ်းတိုး/အမည်ပြောင်း လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများ၊ တရားရုံးဒီကရီများဖြင့် (၁၄)ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန**
**မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ**

## ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၅၀)၊ မြေကွက်အမှတ်(၃၃၁)၊ မြေကွက်တည်နေရာအမှတ်(၃၃၁)၊ နေကြာ ၃ လမ်း၊ ၅၀ ရပ်ကွက်၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ ဦးအောင်သန်း(၁၂/သကတ(နိုင်)၁၀၈၇၀၇)၊ ဒေါ်ဌေးဌေးမြင့်(၁၂/သကတ(နိုင်) ၀၄၅၇၄၃)အမည်ပေါက်မြေအား အမည်ပေါက် ဦးအောင်သန်း၊ ဒေါ်ဌေးဌေးမြင့်တို့ထံမှ SP-No.(၅၈၅၈/၂၀၀၈) ၁၃-၆-၂၀၀၈ ဖြင့် ရရှိသူ ဦးကြည်လွင် (၅/ပလန(နိုင်)၀၀၄၄၆၆)မှ ဂရန်၊ နိုင်ကတ်၊ ပါဝါ၊ ပါဝါကျမ်းကျိန်လွှာတို့တင်ပြ၍ အရောင်းအဝယ်စာချုပ်ချုပ်ဆိုရန် မြေပုံကူးလျှောက်ထားလာရာ ၂၀၀၅ ခုနှစ် ဘဏ်ချေးမြေပုံကူးနှင့်ပတ်သက်၍ ၂၀၀၈ ခုနှစ်တွင် အမည်ပေါက်ထံမှ ဝယ်ယူခဲ့ပြီး အထုံးကိုယ်စားလှယ်လွှဲစာရယူထားပြီး ဂရန်မူရင်းနှင့် မြေကွက်အား လက်ရောက်ရရှိနေထိုင်လျက်ရှိပါကြောင်း၊ ၎င်း ၂၀၀၅ ခုနှစ်ဘဏ်ချေးမြေပုံအား သိရှိခြင်းမရှိပါကြောင်း၊ ယခုအချိန် ဆက်သွယ်မေးမြန်းမရရှိပါသဖြင့် ၎င်းဘဏ်ချေးမြေပုံနှင့် ပတ်သက်၍ ပြဿနာတစ်စုံတစ်ရာပေါ်ပေါက်လာပါက တာဝန်ယူဖြေရှင်းပေးမည်ဖြစ်ပါကြောင်းနှင့် ယခုအရောင်းမြေပုံကူးအား ဆက်လက်ဆောင်ရွက်ခွင့်ပြုပါရန် ဝန်ခံကတိပြု ကျမ်းကျိန်လွှာတို့တင်ပြ၍ အရောင်းအဝယ်စာချုပ်ချုပ်ဆိုရန် မြေပုံကူးလျှောက်ထားလာခြင်းအား တရားဝင်နိုင်လုံသော အထောက်အထားများဖြင့် ဤကြော်ငြာပါသည့်နေ့မှစ၍ (၇) ရက်အတွင်း ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်မှုမရှိပါက လုပ်ထုံးလုပ်နည်းအတိုင်းဆက်လက် ဆောင်ရွက်ပေးမည်ဖြစ်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။

ဌာနမှူး (ဒုတိယညွှန်ကြားရေးမှူးချုပ်)
မြို့ပြမြေစီမံခန့်ခွဲမှုဌာန၊ ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ

## ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၄၉)၊ မြေကွက်အမှတ်(၁၄၅)၊ မြေကွက်တည်နေရာအမှတ်(၁၄၅)၊ ဗိုလ်နက်ကျော်လမ်း၊ ၄၉ ရပ်ကွက်၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ ဦးသိန်းလှိုင် (ISN-050411)၊ ဦးသိန်းလှိုင်(ဖခင်)နှင့် ဒေါ်ဒေစီ(မိခင်)တို့ ကွယ်လွန်သဖြင့် ၎င်းတို့နှစ်ဦးမှ မွေးဖွားသည့် သား၊ သမီးများဖြစ်ကြသော ဦးအောင်လှိုင်(၁၂/ဒဂမ(နိုင်)၀၀၃၉၀၅)နှင့် ဦးဟန်စိုး(ခ) ဦးဟန်လှိုင်(၁၃/မဆန(နိုင်)၀၂၈၁၇၈)တို့မှ ကွယ်လွန်သူမိဘများတွင် သားအရင်းများဖြစ်ကြသော မိမိတို့ညီအစ်ကိုနှစ်ဦးသာ မွေးဖွားထွန်းကားခဲ့ကြောင်း၊ အခြားသော မွေးချင်းများမရှိပါကြောင်း၊ အမွေစားအမွေခံ ကိတ္တိမသားသမီးများလည်း မွေးစားထားခဲ့ခြင်းလုံးဝမရှိပါကြောင်း၊ ကျမ်းကျိန်လွှာ၊ ထောက်ခံကျမ်းကျိန်လွှာ(၂)စောင်၊ မိဘများသေစာရင်း၊ အိမ်ထောင်စုစာရင်း၊ ဂရန်၊ နိုင်ကတ်တို့တင်ပြ၍ ဦးဟန်စိုး(ခ) ဦးဟန်လှိုင်ကိုယ်စား GP အမှတ်(၄၀/၂၀၂၃) ၂၆-၁-၂၀၂၃ ဖြင့် ရသူ GP ဦးအောင်လှိုင်(၁၂/ဒဂမ(နိုင်)၀၀၃၉၀၅)မှ GP ၊ ပါဝါပေးသူ သက်ရှိထင်ရှားရှိကြောင်း၊ ပါဝါမရုပ်သိမ်းကြောင်း၊ ကျမ်းကျိန်လွှာတို့တင်ပြ၍ ပိုင်ဆိုင်ကြောင်းစာချုပ်ချုပ်ဆိုရန်နှင့် အရောင်းအဝယ်စာချုပ်ချုပ်ဆိုရန် မြေပုံကူးလျှောက်ထားလာခြင်းအား တရားဝင်နိုင်လုံသော အထောက်အထားများဖြင့် ဤကြော်ငြာပါသည့်နေ့မှစ၍ (၇)ရက်အတွင်း ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်မှုမရှိပါက လုပ်ထုံးလုပ်နည်းအတိုင်းဆက်လက် ဆောင်ရွက်ပေးမည်ဖြစ်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။

ဌာနမှူး (ဒုတိယညွှန်ကြားရေးမှူးချုပ်)
မြို့ပြမြေစီမံခန့်ခွဲမှုဌာန၊ ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ

## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဦးတည်ချက်(၉)ရပ်

၁။ **နိုင်ငံရေး**

(က) စစ်မှန်၍စည်းကမ်းပြည့်ဝသော ပါတီစုံဒီမိုကရေစီစနစ် ခိုင်မာစေရေးနှင့် ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကိုအခြေခံသည့် ပြည်ထောင်စုကို တည်ဆောက်နိုင်ရေး။

(ခ) တစ်နိုင်ငံလုံး ထာဝရငြိမ်းချမ်းရေးရရှိရေးအတွက် တစ်နိုင်ငံလုံး ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးသဘောတူစာချုပ်(NCA)ပါအတိုင်း အလေးထားလုပ်ဆောင်ရေး။

(ဂ) ပြည်သူလူထု၏ လူမှုစီးပွားဘဝလုံခြုံရေးအတွက် ပြည်ထောင်စုတစ်ဝန်းလုံး တည်ငြိမ်အေးချမ်းရေးနှင့် တရားဥပဒေစိုးမိုးရေး အပြည့်အဝရရှိစေရန် အလေးထားလုပ်ဆောင်ရေး။

၂။ **စီးပွားရေး**

(က) တိုင်းပြည်သာယာဝပြောရေးနှင့် စားရေရိက္ခာဖူလုံရေးတို့အတွက် တိုင်းရင်းသားပြည်သူတစ်ရပ်လုံးနှင့် အကျိုးဝင်သော စိုက်ပျိုးရေးနှင့် မွေးမြူရေးကို ခေတ်မီနည်းစနစ်များဖြင့် တိုးတက်အောင်ဆောင်ရွက်ပြီး အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး။

(ခ) တိုးတက်ကောင်းမွန်လာသည့် စီးပွားရေးမောင်းနှင်အားကို မဏ္ဍိုင်ပြု၍ MSME စက်မှုလုပ်ငန်းများကို အားပေးဆောင်ရွက်ကာ ပို့ကုန်ကဏ္ဍမြှင့်တင်ရေး။

(ဂ) ပြည်တွင်းစားသုံးဆီဖူလုံရေးအတွက် ဆီထွက်သီးနှံစိုက်ပျိုးမှုကို အားပေးမြှင့်တင်ပြီး ပန်းတိုင်ရည်မှန်းချက်အတိုင်းထွက်ရှိအောင် ဆောင်ရွက်၍ နိုင်ငံအတွင်း ဖူလုံမှုမှသည် ပြည်ပသို့တင်ပို့နိုင်သည်အထိ ကြိုးပမ်းဆောင်ရွက်ရေး။

၃။ **လူမှုရေး**

(က) တစ်နိုင်ငံလုံး အသိပညာ၊ အတတ်ပညာ မြင့်မားတိုးတက်စေရေး၊ ကုန်ထုတ်လုပ်မှု အထောက်အကူပြုပညာရှင်များ ထွန်းကားလာစေရေးအတွက် လူတိုင်းလက်လှမ်းမီသည့် ဘက်စုံပညာရေးစနစ်ကို အကောင်အထည်ဖော်ဆောင်ရေး။

(ခ) တစ်မျိုးသားလုံး သက်ရှည်ကျန်းမာကြံ့ခိုင်ရေးအတွက် ပြည်သူအားလုံးအကျိုးဝင်မည့် ကျန်းမာရေးကဏ္ဍနှင့် အားကစားကဏ္ဍ မြှင့်တင်ဆောင်ရွက်ရေး။

(ဂ) နိုင်ငံ၏ ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစဉ်များ၌ လူငယ်များအနေဖြင့် အဓိကစွမ်းအားစုအဖြစ် ပါဝင်နိုင်ရေး ဗလငါးတန်နှင့်ပြည့်စုံသော လူငယ်များဖြစ်စေရန် လူငယ်ကဏ္ဍကို မြှင့်တင်ဆောင်ရွက်ရေး။

❖ **မောင်တို့၊ မယ်တို့သည် ပညာသင်ကြားရေးတာဝန်ယူရမည့် ဆရာ၊ ဆရာမများဖြစ်သဖြင့် မိမိတို့သင်ကြား ပြုစုပျိုးထောင်ပေးရမည့် လူငယ်များကို စစ်မှန်ပြီးစည်းကမ်းပြည့်ဝသည့် ဒီမိုကရေစီစနစ်ပုံစံများသိရှိနားလည်အောင် သင်ကြားပေးကြရန်လို...**

❖ **ထိုသို့သင်ကြားရာတွင် မိမိတို့နိုင်ငံ၏ အမျိုးသားရေးစရိုက်လက္ခဏာများနှင့် ယဉ်ကျေးမှုများကို ထိခိုက်ပျက်စီးမှုမရှိအောင်နှင့် ထိန်းသိမ်းကာကွယ်လိုစိတ်ရှိအောင် သင်ကြားပေးရမည်လည်းဖြစ်...**

❖ **ထို့ပြင် လူငယ် လူရွယ်၊ ကျောင်းသား ကျောင်းသူများကို စစ်မှန်ပြီး စည်းကမ်းပြည့်ဝသည့် ဒီမိုကရေစီ၏ သဘောသဘာဝနှင့် ဒီမိုကရေစီ အလေ့အကျင့်ကောင်းတွေကိုသာ သင်ကြားပေးရမည်ဖြစ်...**

(နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်က ၂၀၂၃ ခုနှစ်၊ ဧပြီလ ၂၄ ရက်နေ့တွင် ပြုလုပ်သော ပြည်ထောင်စုတိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးရေးတက္ကသိုလ်ပညာရေးဘွဲ့ ၅ နှစ်သင်တန်း အမှတ်စဉ်(၅) ကျောင်းသား၊ ကျောင်းသူများကို တွေ့ဆုံအမှာစကားပြောကြားမှုမှ ကောက်နုတ်ချက်)

**ယနေ့ ဖတ်စရာ**

### နေပြည်တော်ကောင်စီနယ်မြေအတွင်း တစ်နှစ်ပတ်လုံး စိုက်ပျိုးထုတ်လုပ်လျက်ရှိသည့် စိုက်ပျိုးရေဝိယာများ ရေဖူလုံစွာအသုံးပြုနိုင်ရန် ဆောင်ရွက်

စာမျက်နှာ » ၄

### ကျောင်းသား ကျောင်းသူများ၏ အချက်အလက်ပေးပို့ရမည်ဟူသော ထုတ်ပြန်ချက်မှာ အတု ဟု သိရ

စာမျက်နှာ » ၁၁

### တရားမဝင်သစ်မျိုးစုံ၊ လုပ်ငန်းသုံးပစ္စည်းများ၊ စားသောက်ကုန်ပစ္စည်းများ၊ မော်တော်ဆိုင်ကယ်နှင့်ယာဉ်များ သိမ်းဆည်းရမိ

စာမျက်နှာ » ၁၄

## မြောက်မက်ဆီဒိုးနီးယားကို အနိုင်ရပြီးနောက် ယူရိုခြေစစ်ပွဲအောင်ရေး မျှော်လင့်ချက် ဆက်လက်ရှင်သန်ခဲ့ပြီဖြစ်တဲ့ အီတလီအသင်း



လက်ရှိယူရိုချန်ပီယံအသင်းဖြစ်တဲ့ အီတလီအသင်းဟာ နိုဝင်ဘာ ၁၇ ရက် ညပိုင်းက ယှဉ်ပြိုင်ကစားခဲ့တဲ့ ယူရို ၂၀၂၄ ခြေစစ်ပွဲစဉ်မှာ မြောက်မက်ဆီဒိုးနီးယားအသင်းကို အနိုင်ရရှိခဲ့တာကြောင့် ယူရိုခြေစစ်ပွဲအောင်မြင်ဖို့ မျှော်လင့်ချက် ဆက်လက်ရှင်သန်ခဲ့ပြီဖြစ်ပါတယ်။

စာမျက်နှာ ၂၁ ကော်လံ ၁ သို့ ❖

## MFF Futsal Championship 2023 ပြိုင်ပွဲ အုပ်စုပွဲများ ဆက်လက်ကျင်းပ



**ရန်ကုန် နိုဝင်ဘာ ၁၈**

MFF Futsal Championship 2023 ပြိုင်ပွဲ အုပ်စုတတိယနေ့ကို နိုဝင်ဘာ ၁၈ ရက်က ရန်ကုန်မြို့ သုဝဏ္ဏဘောလုံးကွင်းရှိ MFF ဖူဆယ်အားကစားရုံတွင် ဆက်လက်ကျင်းပသည်။

အုပ်စုတတိယနေ့တွင် Dream Team အသင်းက UPK အသင်းကို နှစ်ဂိုး-ဂိုးမရှိ၊ YRG အသင်းက ဖူဆယ်ချစ်သူအသင်းကို သုံးဂိုး-တစ်ဂိုး၊ TG United အသင်းက ရိုးမအသင်းကို ၁၀ ဂိုး-နှစ်ဂိုး၊ MIU အသင်းက KKY အသင်းကို ရှစ်ဂိုး-တစ်ဂိုးဖြင့် အနိုင်ရပြီး စာမျက်နှာ ၂၁ ကော်လံ ၁ သို့ ✪

## ကမ္ဘာ့ဖလားခြေစစ်ပွဲအဖြစ် မြန်မာနှင့် မြောက်ကိုရီးယား နိုဝင်ဘာ ၂၁ ရက်တွင် ယှဉ်ပြိုင်ကစားမည်

**ရန်ကုန် နိုဝင်ဘာ ၁၈**

၂၀၂၆ ကမ္ဘာ့ဖလား အာရှဇုန် ဒုတိယအဆင့်ခြေစစ်ပွဲ အုပ်စုဒုတိယနေ့ကို နိုဝင်ဘာ ၂၁ ရက်တွင် ဆက်လက်ကျင်းပမည်ဖြစ်ပြီး မြန်မာအသင်းသည် မြောက်ကိုရီးယားအသင်းနှင့် အိမ်ကွင်း ယှဉ်ပြိုင်ကစားရမည်ဖြစ်သည်။

မြန်မာအသင်းသည် အုပ်စုအဖွင့်ပွဲအဖြစ် အာရှထိပ်သီး ဂျပန်အသင်းနှင့် အဝေးကွင်းကစားပြီးနောက် မြောက်ကိုရီးယားအသင်းနှင့် အိမ်ကွင်းကစားရခြင်းဖြစ်သည်။ မြန်မာအသင်းသည် ဂျပန်၊ မြောက်ကိုရီးယား၊ ဆီးရီးယားအသင်းများနှင့် အုပ်စုကျပ်အတွင်း ကျရောက်နေသဖြင့် ရမှတ်ရယူနိုင်ရန် ရုန်းကန်ရဖွယ်ရှိနေပြီး အိမ်ကွင်းပွဲများတွင်သာ အမှတ်ရရန် မျှော်လင့်နိုင်မည်ဖြစ်သည်။ မြန်မာအသင်းနှင့်ကစားမည့် မြောက်ကိုရီးယားအသင်းသည် အုပ်စုပထမပွဲတွင် ဆီးရီးယားအသင်းကို အဝေးကွင်းတွင် တစ်ဂိုး-ဂိုးမရှိဖြင့် အရေးနိမ့်ခဲ့သည်။ မြန်မာအသင်းသည် ဂျပန်အသင်းနှင့် အဝေးကွင်းယှဉ်ပြိုင်ပြီးနောက် ရန်ကုန်မြို့သို့ စာမျက်နှာ ၂၁ ကော်လံ ၃ သို့ ■